ဝါပန၊ သည်သာမကသေး။ ရဇကော၊ ကဝါသည်သည်။ ပဌမံ၊ ရှေးဦးစွာ။ တိဟိ၊ ၃-မျိုးကုန်သော။ (သစ်သားပြာ, ကောက်ရိုးပြာ, နွားချေးပြာအားဖြင့် ၃-မျိုးကုန်သော။) ခါရေဟိ၊ ငန်သောအရသာရှိသောပြာတို့ဖြင့်။ ဝတ္ထံ၊ ဆေးတ်ကို။ခေဝိတ္ဝာ၊ ဖွပ်လျော်ပြီး၍။ ဝတ္ထေ၊ အဝတ်သည်။ ပရိသုဒ္ဓေ၊ ထက်ဝန်းကျင် စင်ကြယ်လသော်။ ယဒိစ္ဆကံ၊ အလိုရှိတိုင်း။ ရင်္ဂဇာတံ၊ ဆိုးရည်သို့။ ဥပနေတိ ယထာ၊ ကပ်ဆောင်သကဲ့သို့။ [ရင်္ဂဇာတန္တိ ရဇနံ။ ယောဇနာ။] ဝါပန၊ သည်သာမကသေး။ ဆေကော၊ ကျွမ်းကျင်သော။ စိတ္တကာရော၊ ဆန်းကြယ်သော ပန်းချီဆေးရေးမှုကို ပြုလုပ်သူသည်။ ရူပံ၊ အရုပ်ကို။ လိခိတုကာမော၊ ရေးခြင်းငှါအလိုရှိသည်။ (သမာနော)။ အာဒိတောဝ၊ အစ၌ပင်။ ဘိတ္တိပရိကမ္မံ၊ နံရံ၌ပရိကံကို။ (နံရံ၌အဖန်ဖန်ပြုလုပ်မှုကို။) ကရောတိ၊ ၏။ တတော၊ ထို့နံရံ၌ ပရိကံကိုပြုပြီးရာအခါမှ။ အပရဘာဂေ၊ ၌။ ရူပံ၊ အရုပ်ကို။ သမုဋ္ဌာပေတိ ယထာ၊ကောင်းစွာဖြစ်ပေါ်စေသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ယောဂါဝစရော အာဒိတောဝ သီလံ ဝိသောဓေတ္ဝာ အပရဘာဂေ။ သမထ ဝိပဿနာဒယော၊ သမထဝိပဿနာအစရှိကုန်သော။ ဓမ္မေ၊ တရားတို့ကို။ သစ္ဆိကရောတိ၊ ၏။ တသ္မာ၊ ကြောင့်။ သီလံ၊ ကို။ အာဒိတိ၊ ဟူ၍။ (ဘဂဝတာ) ဝုတ္တံ၊ ပြီ။

တဒေတံ(တံ ဧတံ)၊ ထို ပါတိမောက္ခသီလသည်။ စရဏသရိက္ခတာယ၊ ခြေနှင့်တူသည်၏အဖြစ်ကြောင့်။ စရဏံ၊ စရဏမည်၏။ ဟိ၊ ခဲ့။ ပါဒါ၊ ခြေတို့ကို။ စရဏာတိ၊ စရဏ,တို့ ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။ [စရန္တိဧတေဟိတိ စရဏာ၊ လှည့်လည်သွားလာကြောင်းဖြစ်သော ခြေတို့။] ဟိ၊ ခဲ့။ ဆိန္နစရဏဿ၊ ပြတ်သောခြေရှိသော။ ပုရိသဿ၊ ၏။ ဒိသံ၊ တပါးသောအရပ်သို့။ ဂမနာဘိသင်္ခါရော၊ သွားဘို့ရန်ပြုစီမံခြင်းသည်။ နဇာယတိ၊ နှိုင်။ ပရိပုဏ္ဏပါဒဿဝ၊ ပြည့်စုံသောခြေရှိသည်သာလျှင်ဖြစ်သော။ (ပုရိသဿ ဒိသံ ဂမနာဘိသင်္ခါရော။) ဇာယတိယထာ၊ ဖြစ်နိုင်သကဲ့သို့။ ဧဝမေဝ၊ လျှင်။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ သီလံ၊ သည်။ ဘိန္နံ၊ ပျက်သည်။ ခဏ္ဍံ၊ ကျိုးသည်။ အပရိပုဏ္ဏံ၊ မပြည့်စုံသည်။ ဟောတိ၊ ၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ နိဗ္ဗာနဂမနာယ၊ နိဗ္ဗာန်သို့ သွား၊ခြင်းငှါ။ ဉာဏဂမနံ၊ ဉာဏ်၏သွားခြင်းသည်။ နသမ္ပဇ္ဇတိ၊ မပြီးစီးနိုင်။ ဝါ၊ မဖြစ်နိုင်။

တိဟိ ခါရေဟိ။ ။တိဟိခါရေဟိတိ ကဋ္ဌပလာလဂေါမယာနံ ဆာရိကာဟိ၊- ယောဇနာ၊ နွေဝဂ္ဂသံဃာတ်, ထောဝဂ်, ဂေါမကသုတ်နှင့် အဋ္ဌသာလိနီ စိတ္တုပ္ပါဒကဏ္ဍ လောကုတ္တရကုသိုလ်, စတုမဂ္ဂနယသဟဿ အာဏာန်း၌ "ဥဒသာဂါရ, အာရိကခါရ, ဂေါမယခါရ" ဟူ၍တနည်း ၃-မျိုးရှိသေး၏။

၁၅၅၅၅

ပန၊ အန္ဒယကား။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ တံ၊ ထိုသီလသည်။ အဘိန္ဒံ၊ မပျက်သည်။ အခဏ္ဍံ၊ မကျိုးသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံသည်။ ဟောန္တိ၊ ၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ နိဗ္ဗာနဂမာနာယ၊ ငါ။ ဉာဏဂမနံ၊ သည်။ သမ္ပဇ္ဇတိ၊ ပြီးစီး၏။ ဝါ၊ ဖြစ်နိုင်၏။ တသ္မာ၊ ကြောင့်။ သီလံ၊ ကို။ စရဏန္တိ၊ ဟူ၍။ ဝါ၊ သွားကြောင်းခြေ ဟူ၍။ (ဘဂဝတာ) ဝုတ္တံ။

တဒေတံ(တံ ဧတံ)၊ ထိုပါတိမောက္ခသီလသည်။ သံယမနဝသေန၊ ရှောင်ကြဉ်ကြောင်း၏ အဖြစ်ကြောင့်။ သံယမော၊ သံယမမည်၏။ [ယမု ဥပရမေ ဟူသော ဓာတ်နက်ကိုရည်ရွယ်သည်။] သံဝရဏဝသေန၊ စောင့်စည်းကြောင်း၏ အဖြစ်ကြောင့်။ သံဝရော၊ သံဝရမည်၏။ ဥဘယေနာပိ၊ နှစ်ပါးစုံသော သံယမ သံဝရဖြင့်လည်း။ သီလသံယမောစေဝ၊ ရှောင်ကြဉ်ကြောင်းသီလကိုရင်း။ သီလ သံဝရောစ၊ စောင့်စည်းကြောင်းသီလကိုရင်း။ ကထိတော၊ ဟောတော်မူအပ်ပြီ။ ပန၊ဆက်။ ဧတ္ထ၊ ဤ သံမယ သံဝရပုဒ်တို့၌။ ဝစနတ္ထော၊ကို။(ဧဝံ ဝေဒိတဗ္ဗော)။ ဝီတိက္ကမဝိပ္ပန္ဒနံ၊ လွန်ကျူးခြင်းဟူသော တုန်လှုပ်ခြင်းကို။ သံယမတိ၊ ရှောင်ကြဉ်တတ်၏။ [စာအုပ်တို့၌"သံယမေတိ"ဟု ရှိ၏။ ဘူဝါဒိဖြစ်သောကြောင့် စဉ်းစားပါ။] ဝါ၊ တနည်း။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ သံယမေတိ၊ ရှောင်ကြဉ်စေတတ်၏။ ဝီတိက္ကမဝသေန၊ လွန်ကျူးခြင်း၏အစွမ်းဖြင့်။ ကဿ၊ ထိုပုဂ္ဂိုလ်အား။ ဝိပ္ပန္ဒိတုံ၊ တုန်လှုပ်ခြင်းငှါ။ နဒေတိ၊မပေး။ ဣတိ၊ကြောင့်။ သံယမော၊မည်၏။ ဝီတိက္ကမဿ၊ လွန်ကျူးခြင်း၏။ ပဝေသနဒ္ဒါရံ၊ဝင်ကြောင်းဖြစ်သောတံခါးကို။ သံဝရတိ၊ စောင့်စည်းတတ်၏။ ပိဒဟတိ၊ ပိတ်တတ်၏။ ဣတိ၊ ကြောင့်။ သံဝရော၊ မည်၏။

မောက္ခန္တိ၊ ကား။ ဥတ္ကမံ၊ မြတ်သောသီလတည်း။ ဝါ၊ တနည်း။ မုခဘူတံ၊ ခံတွင်းပေါက်သဘွယ် ဖြစ်၍ဖြစ်သော သီလတည်း။ ဟိ၊ ချဲ။ သတ္တာနံ၊ သတ္တဝါတို့၏။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသော။ အာဟာရော၊ အာဟာရသည်။ မုခေန၊ ခံတွင်းပေါက်ဖြင့်။ ပဝိသိတွာ၊ ဝင်၍။ အင်္ဂမင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့ကို။ ဖရတိယထာ၊ ဖြန့်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ယောဂီနောပိ၊ ယောဂီပုဂ္ဂိုလ်၏ လည်း။ စတုဘူမကကုသလံ၊ ဘုံလေးပါး၌ဖြစ်သောကုသိုလ်သည်။ သီလမုခေန၊ သီလတည်းဟူသောခံတွင်းပေါက်ဖြင့်။ ပဝိသိတွာ၊ ၍။ အတ္ထသိဒ္ဓိံ၊ အကျိုး၏ ပြီးခြင်းကို။ သမ္ပာဒေတိ၊ ပြီးစီးစေ၏။ တေန၊ ကြောင့်။ မောက္ခန္တိ၊ဟူ၍။ (ဘဂဝတာ)ဝုတ္တံ။ ပမုခေ၊ အဦးပခာနအဖြစ်၌။ သာခု၊ ကောင်းသောတရားတည်း။ ဣတိ၊ ကြောင့်။ ပါမောက္ခံ၊ ပါမောက္ခမည်၏။ ပုဗ္ဗင်္ဂမံ ရှေသွားတည်း။ သေဋ္ဌံ၊ အမြတ်ဆုံးတည်း။ ပခာနံ၊ ပခာနတည်း။ ဣတိအတ္ထော၊နက်၊ ကုသလာနံ ဓမ္မာနံ သမာပတ္တိယာတိ၊ကား။ စတုဘူမကကုသလာနံ၊တို့၏။ ဝါ၊တို့ကို။ ပဋိလာဘတ္ထာယ၊ ရခြင်းအကျိုးငှါ။ ပါမောက္ခံ၊ အဦးပခာန၌ ကောင်းသော တရားတည်း။ ပုဗ္ဗင်္ဂမံ၊ တည်း။ သေဋ္ဌံ၊ တည်း။ ပခာနံ၊ တည်း။ ဣတိ ဝေဒိတဗ္ဗံ။

ကာယိကော အဝိတိက္ကမောတိ၊ ကား။ တိဝိဓံ၊ သော။ ကာယသုစရိတံ၊ တည်း။ ဝါစသိကောတိ၊ ကား။ စတုဗ္ဗိဓံ၊ သော။ ဝစီသုစရိတံ၊ တည်း။ ကာယိကဝါစသိကောတိ၊ ကား။ တဒုဘယံ၊ **ထိုနှစ်ပါးစုံသော** ကာယသုစရိုက်, ဝစီသုစရိုက်တည်း။ ဣမိနာ၊ ဤကာယိကဝါစသိကော **ဟူသောပါဠိဖြင့်**။ အာဇီဝဋ္ဌမကသီလံ၊ အာဇီဝဋ္ဌမကသီလကို။ ပရိယာဒါယ၊ ဆက်ဝန်းကျင်ယူ၍။ ဝါ၊ ကုန်အောင်ယူ၍။ (သိမ်းကျုံး၍။) ဒဿေတိ၊ ပြတော်မူ၏။ သံဝုတောတိ၊ **ကား**။ ပိဟိတော၊ ပိတ်အပ်သော စက္ခုစသော ဣန္ဒြေရှိသည်။ သံဝုတိန္ဒြိယော၊ စောင့်စည်းအပ်သော စက္ခုစသောဣန္ဒြေရှိသည်။ ပိဟိတိန္ဒြိယော၊ ပိတ်အပ်သော စက္ခုစသော ဣန္ဒြေရှိသည်။ (ဟောတိ)။ ဣတိ အတ္ထော၊ နက်။ ဟိ၊ ဥပမာဆောင်ထင်အောင်ပြအံ့။ သံဝုတဒ္ဒါရံ၊ စောင့်စည်းအပ်သော တံခါးရှိသော။ ဂေဟံ၊ အိမ်ကို။ သံဝုတဂေဟံ ပိဟိတဂေဟန္တိ၊ ဟူ၍။ ဝုစ္စတိယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ ဣဓ၊ ပါတိမောက္ခသံဝရေန ဥပေတော**ဟူသော** ဤပါဠိ၌။ သံဝုတိန္ဒြိယော၊ စောင့်စည်းအပ်သော စက္ခုစသော ဣန္ဒြေရှိသော ပုဂ္ဂိုလ်ကို။ သံဝုတောတိ၊ ဟူ၍။ (ဘဂဝတာ) ဝုတ္တော၊ ပြီ။ ပါတိမောက္ခသံဝရေနာတိ၊ ကား။ ပါတိမောက္ခေန ,စ၊ ပါတိမောက္ခသီလနှင့်ဌင်း။ သံဝရေန စ၊ စောင့်စည်းကြောင်းဖြစ်သော အခြားသီလနှင့်ဌင်း။ (ဥပေတော စသည်၌စပ်။) ဝါ၊ တနည်း။ ပါတိမောက္ခသဒ္ဒါတေန၊ ပါတိမောက္ခဟု ဆိုအပ်သော။ **သံဝရေန**၊ စောင့်စည်း

သံဝုတော။ ။သံဝုတော၏ သဒ္ဒတ္ထမှာ ပိတ်ဆို့အပ်, စောင့်စည်းအပ်, ဟူသော ကမ္မတ္ထသာတည်း၊ ထိုသို့ ကံအနက်ယူလိုက်လျှင် စောင့်စည်းနေသော ပုဂ္ဂိုလ်ကို မရ, ပါဠိတော်ရင်းကလည်း စောင့်စည်းသော ပုဂ္ဂိုလ်ကိုရအောင် ဟောတော်မူထား၏၊ ထို့ကြောင့် "သံဝုတော" အရ စောင့်စည်းအပ်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်တိုင်အောင် ယူစေလိုသောကြောင့် "သံဝုတိန္ဒြိယော"ဟု ပဌမဖွဲ့၍, ဣန္ဒြေအရ စက္ခုစသော တံခါးပေါက်ကို ရသောကြောင့် "ပိဟိတိန္ဒြိယော"ဟု သံဝုတကို "ပိဟိတ"ဟု ဖွင့်သည်။

ပါတိမောက္ခသံဝရေန။ ။ပါတိမောက္ခဖြင့် ဝိနည်းတော်၌လာသော သိက္ခာပုဒ် သီလကို သာယူ၍, သံဝရေန-အရ အခြားသော သုစရိတသီလ, အာဇီဝဋ္ဌမကသီလ စသည်ကိုယူရသည်၊ မှန်၏....ပါဠိတော်၌ "သံဝရော**တိ** ကာယိကော အဝိတိက္ကမော ဝါစသိကော အဝိတိက္ကမော ကာယိကဝါစသိကော အဝိတိက္ကမော"ဟု သံဝရအရ အခြားသီလတို့ကို ဖွင့်ထားသည်။

ပါတိမောက္ခသံဝရေန ဝါ။ ။ဤနည်း၌ကား "ပါတိမောက္ခနှင့် သံဝရကို အရတူကမ္မဓေရယ်သမာသ်"ဟု ဖွင့်ပြသည်၊ ရှေ့နည်း၌ကာယိက ဝါစသိက အဝိတိက္ကမကို ပါတိမောက္ခသီလမှ တမျိုးတခြားဟု ယူထားသော်လည်း စင်စစ်အားဖြင့် ပါဏာတိပါတဝိရတိစသော သုစရိုက်တို့သည် ပါတိမောက် သိက္ခာပုဒ်ဥပင် ပါဝင်ပြီး ဖြစ်၏၊ ထို့ကြောင့် ကာယိကဝါစသိကသီလတို့ကို ပါတိမောက္ခသီလမှ သီးခြား မယူလိုသောကြောင့် အရတူ ကမ္မဓေရယ်သမာသ်ကိုလည်း တနည်းပြရပြန်သည်။

ကြောင်း သိလနှင့်။(ဥပေတော စသည်၌စပ်။)ဥပေတောတိအာဒီနိ၊ အစရှိသော ပုဒ်တို့သည်။ ဝုတ္တဋ္ဌာနေဝ၊ သာ။ [သတိပဋ္ဌာနဝိဘင်း၌ ဆိုအပ်ပြီး-ဟူလို။]

၅၁၂။ ဣရိယတိတိ အာဒိဟိ၊ အစရှိကုန်သော။ သတ္တဟိပိ၊ ၇-ပါးလည်း ဖြစ်ကုန်သော။ ပဒေဟိ၊ တို့ဖြင့်။[ဣရိယတိ ဝတ္တတိစသော ပါဠိတော်လာ ၇-ပါးကို ဆိုသည်။] ပါတိမောက္ခသံဝရသီလေ၊ ၌။ ဌိတဿ၊ ရသော။ ဘိက္ခုနော၊ ၏။ ဣရိယာပထဝိဟာရော၊ ဣရိယာပုထ်တည်းဟူသော ဝိဟာရကို။ ကထိတော၊ ပြီ။

၅၁၃။ အာစာရဂေါစရနိဒ္ဒေသေ၊ ၌။ ဘဂဝါ၊ သည်။ သမဏာစာရံ၊ ရဟန်းတို့၏အကျင့်ကိုဋ္ဌင်း။ သမဏဂေါစရံ၊ ရဟန်းတို့၏ကျက်စားရာ အရပ်ကို ဋ္ဌင်း။ ကထေတုကာမော၊ ဟောခြင်းငှါ လိုလားတော်မူသည်။ (ဟုတ္ထ) အာစာရဂေါစရသမ္ပန္နော တိ အတ္ထိ အာစာရော၊ အတ္ထိ အနာစာရောတိ၊ ဟူ၍။ ပဒံ၊ ပုဒ်ကို။ ကိဉ္စာပိ ဥဒ္ဓရိ၊ အကယ်၍လည်း ထုတ်ဆောင်တော်မူပါပေပြီ။ ["အတ္ထိ အာစာရော အတ္ထိ အနာစာရော"ဟု အာစာရကို ရွေထား၍ ထုတ်ဆောင်တော်မူသည်။] ပန၊ ထိုသို့ပင် အာစာရကို ရွေထား၍ အနာစာရကို နောက်ထားပါသော်လည်း။ မဂ္ဂကုသလော၊ လမ်းခရီး၌ ကျွမ်းကျင်သော။ ပုရိသော၊ သည်။ မဂ္ဂံ၊ ကို။ အာစိက္ခန္တော၊ ပြောပြလိုလေသော်။ ဝါမံ၊ လက်ဝဲဘက်ကို။ မုဉ္ဇ၊ လှတ်လော့။ ဒက္ခိဏံ၊ လက်ျာဘက်ကို။ ဂဏှ၊ ယူလော့။ ဣတိ၊ သို့။ ပဌမံ၊ စွာ။ မုဉ္ဇိတဗ္ဗံ၊ လှတ်ထိုက်သော။ သဘယမဂ္ဂံ၊ ဘေးနှင့်တကွဖြစ်သော လမ်းကို။ ဥပ္ပထမဂ္ဂံ၊ မမှန်သောလမ်းကို။ အာစိက္ခတိယထာ၊ ပြောပြသကဲ့သို့။ ပစ္ဆာ၊ နောက်၌။ ဂဟေတဗ္ဗံ၊ ယူထိုက်သော။ ခေမမဂ္ဂံ၊ ဘေးတို့၏ကုန်ရာလမ်းကို။ ဥဇုမဂ္ဂံ၊ ဖြောင့်မှန်သောလမ်းကို။ (အာစိက္ခတိယထာ၊ ကဲ့သို့။) ဧဝမေဝ၊ ဤအတူသာလျှင်။ မဂ္ဂကုသလပုရိသသဒိသော၊ လမ်းခရီး၌ ကျွမ်းကျင်သော ယောကျ်ားနှင့်တူတော်မူသော။ ဓမ္မရာဇာ၊ တရားမင်းသည်။ ပဌမံ၊ စွာ။ ပဟာတဗ္ဗံ၊ ပယ်ထိုက်သော။ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊ ဘုရားရှင်သည် စက်ဆုပ်တော်မူအပ်သော။ အနာစာရံ၊ မကျင့်ထိုက်သော အကျင့်ကို။ အာစိက္ခိတ္ဝာ၊ ပြောပြတော်မူပြီး၍။ ပစ္ဆာ၊ နောက်၌။ အာစာရံ၊ ကျင့်ထိုက်သောအကျင့်ကို။ အာစိက္ခိဘုကာမော၊ မူသည်။ (ဟုတ္ထ)။ တတ္ထ ကတမော အနာစာရောတိအာဒိ၊ ကို။ အာဟ၊ ပြီ။

ဟိ၊ ခဲ့၏။ ပုရိသေန၊ သည်။ အာစိက္ခိတမဂ္ဂေါ၊ ပြောပြအပ်သောလမ်းသည်။ သမ္ပဇဉ္ဉယုဝါ၊ ကောင်းစွာဖြစ်မူလည်း ဖြစ်ရာ၏။ န (သမ္ပဇဉ္ဉယု) ဝါ၊ ကောင်းစွာမဖြစ်မူလည်း မဖြစ်ရာ။ တထာဂတေန၊ သည်။ အာစိက္ခိတမဂ္ဂေါ၊ ဟောတော်မူအပ်သောလမ်းသည်။ အပဏ္ဏကော၊ မခိုးတ်မလွဲသည်။ ဣဇုနေန၊ သိကြားသည်။ ဝိသဋ္ဌံ၊ ပစ်လွှတ်အပ်သော။ ဝဇိရံ၊ ဝရဇိန်လက်နက်သည်။ အဝိရဇ္ဈနကံဝိယ၊ မခွတ်မလွဲသကဲ့သို့။ (တထာ) အဝိရဇ္ဈနကော၊ မခွတ်မလွဲသည်။

[အုပဏ္ဍကောကို ထပ်ဖွင့်သည်။] (ဟုတ္တာ)။ နိဗ္ဗာနနဂရံယေဝ၊ နိဗ္ဗာန်တည်း ဟူဒသာမြို့တော်သို့သာ။သမောသရတိ၊သင်္ဂဝင်၏။ တေန၊ ကြောင့်။ "ပုရိသော မဂ္ဂကုသလောတိ။ပေ။ သမ္မာသမ္ဗုဒ္ဓဿာ"တိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ပြီ။ [တိဿ၊ တိဿ။ မဂ္ဂကုသလော၊ လမ်းခရီး၌ ကျမ်းကျင်သော။ ပုရိသောတိ၊ ဟူသော။ တေတံ၊ ဤအမည်သည်။ အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန် ကိုယ်တော်တိုင်သာ အလုံးစုံသော တရားတို့ကို သိတော်မူပြီးသော။ တထာဂတဿ၊ မြတ်စွာဘုရား၏။ (အဓိဝစနံ၊ အမည်တော်တည်း။) ခန္ဓဝဂ္ဂသံယုတ်၊ ထေရဝဂ်, တိဿသုတ်။]

ဝါ၊ တနည်း။ ယသ္မာ၊ ကြောင့်။ သသီသံ၊ ဦးခေါင်းနှင့်တကွဖြစ်သော ကိုယ်ကို။ နဟာနေန၊ ရေချိုးခြင်းဖြင့်။ ပဟီနသေဒမလဇလ္လိကဿ၊ ပယ်အပ်ပြီးသော ချွေး, အညစ်အကြေးရှိသော။ ပုရိသဿ၊ ကို။ မာလာဂန္ဓဝိလေပန-ဒိဝိဘူသန-ဝိဓာနံ၊ ပန်း, နံ့သာ, လိမ်းကျံကြောင်းဖြစ်သော သနပ်ခါးစသည်တို့ဖြင့် တန်ဆာဆင်မှုကို စီရင်ခြင်းသည်။ (သမ္ဘန္နရူပံ) ဝိယ၊ ပြည့်စုံသည်၏အဖြစ် ဟူသော သဘော ရှိသကဲ့သို့။ (တထာ) ပဟီနပါပဓမ္မဿ၊ ပယ်အပ်ပြီးသော မဒကာင်းမှု တရားရှိသော ယောဂိပုဂ္ဂိုလ်၏။ ကလျာဏမွေသမာယောဂေါ၊ ကောင်းသော တရားနှင့် ယှဉ်ခြင်းသည်။ သမ္ဘန္နရူပေါ၊ ရှိသည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ သေဒမလဇလ္လိကံဝိယ၊ ချွေးအညစ်အကြေးကဲ့သို့။ ပဟာတဗ္ဗံ၊ ပယ်ထိုက်သော။ ပဋမံ၊ ရှေးဦးစွာသော။ အနာစာရံ၊ ကို။ အာစိက္ခိတွာ၊ ၍။ ပဟီနသေဒမလဇလ္လိကဿ၊ ပယ်အပ်ပြီးသော ချွေး အညစ်အကြေးရှိသော ယောကျ်ားကို။ မာလာဂန္ဓဝိလေပနာဒိ ဝိဘူသနဝိဓာနံ ဝိယ၊ ပန်း, နံ့သာ, လိမ်းကျံကြောင်းဖြစ်သော သနပ်ခါးစသည်တို့ဖြင့် တန်ဆာဆင်မှုကို စီရင်မှုကဲ့သို့။ ပစ္ဆာ၊ ၌။ အာစာရံ၊ ကို။ အာစိက္ခိတုကာမော၊ ဟောခြင်းငှါ လိုလားတော်မူသည်။ (ဟုတ္တာ)ပီ၊ ဖြစ်၍လည်း။ တတ္ထ ကတမာ အနာစာရောတိ အာဒီ၊ ကို။ (ဒ.ဂ၀၀) အာဟ။ [အာစာရကို ဟောပြလိုသော်လည်း အနာစာရကို ရှေးဦးစွာဟောပြတော်မူသည်–ဟူလို။]

တတ္ထ၊ ထိုတတ္ထ ကတမော အနာစာရောအစရှိသော ပါဠိရပ်၌။ ကာယိကော ဝီတိက္ကမောတိ၊ ကား။ တိဝိဓံ၊ သော။ ကာယဒုစ္စရိတံ၊ ကာယဒုစရိုက်ဘည်း။ ဝါစသိကော ဝီတိက္ကမောတိ၊ ကား။ စတုဗ္ဗိဓံ၊ သော။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်တည်း။ ကာယိကဝါစသိကော ဝီတိက္ကမောတိ၊ ကား။ ဟဒုဘယံ၊ ထိုနှစ်ပါးစုံသော ကာယဒုစရိုက်, ဝစီဒုစရိုက်တည်း။ ဧဝံ၊ ဤသို့။ ဝါ၊ ဤကာယိကဝါစသိကော ဝီတိက္ကမောဟူသော ပါဌ်ဖြင့်။ အာဇီဝဋ္ဌမကသီလဿေဝ၊ အာဇီဝဋ္ဌမကသီလကိုပင်။ ဝီတိက္ကမံ၊ လွန်ကျူးခြင်းကို။ ဒဿေသိ၊ ပြီ။ ပန၊ ဆက်။ ယသ္မာ၊ ကြောင့်။ ကေဝလံ၊ မာနသိကအနာစာရမဖက် သက်သက်။ ကာယ္ယ

ဝါစာဟိ ဧဝ၊ ကာယဒ္ဒါရ, ဝစီဒ္ဒါရတို့ဖြင့်သာ။ အနာစာရံ၊ မကျင့်ထိုက်သော အကျင့်ကို။ နအာစရတိ၊ ကျင့်သည်မဟုတ်သေး။ မနသာပိ၊ မနောဒ္ဒါရဖြင့်လည်း။ (အနာစာရံ၊ ကို။) အာစရတိ ဧဝ၊ ကျင့်သည်သာ။ တသ္မာ၊ ကြောင့်။ တံ၊ ထိုမာနသိက အနာစာရကို။ ဒဿေတုံ၊ ပြတော်မူခြင်းငှါ။ သဗ္ဗမ္ပိ ဒုဿီလျံ အနာစာရောတိ၊ ဟူ၍။ (ဘဂဝတာ) ဝုတ္တံ၊ ပြီ။ [ကာယိကော ဝီတိက္ကမော ဝါစသိကော ဝီတိက္ကမော ကာယိကဝါစသိကော ဝီတိက္ကမောတို့ဖြင့် ကာယိက-ဝါစသိက အနာစာရကို ပြတော်မူ၏။ သဗ္ဗမ္ပိ ဒုဿီလျံ အနာစာရောဖြင့် "မာန-သိက အနာစာရကို ပြတော်မူသည်" ဟူလို။]

တတ္ထ၊ ထိုအနာစာရတို့တွင်။ (ကာယိကော ဝီတိက္ကမောစသည်ဖြင့် ပြအပ်ပြီးသော အနာစာရတို့ဘွင်။) ဧကစ္စိယံ၊ အချို့သော။ အနာစာရံ၊ မကျင့်ထိုက်သော အကျင့်ကို။ ဝိဘဇိတ္ဝာ၊ အကျယ်ဝေဘန်၍။ ဒဿေန္တော၊ ပြတော်မူလိုသည်၏ အဖြစ်ကြောင့်။ ဣမေ ကစ္စောဝေဋ္ဌဒါနေနာတိ အာဒိ။ အာဟ။ တတ္ထ၊ ထို ဣမေ ကစ္စော ဝေဋ္ဌဒါနေန အစရှိသောစကားရပ်၌။ ဝေဋ္ဌဒါနေနာ-တိ၊ ကား။ ပစ္စယဟေတုကေန၊ ပစ္စည်းဟူသော အကြောင်းရှိသော။ ဝေဋ္ဌဒါ-နေန၊ ဝါးပေးခြင်းဖြင့်။ (ဇီဝိကံ ကပ္ပေတိ ၌စပ်။) ဟိ၊ ခဲ့။ ဝိဟာရေ၊ ကျောင်းတိုက်၌။ ဥဋ္ဌိတံ၊ ပေါက်သော။ (ရက္ခိတဂေါပိတံ၊ စောင့်ရှောက်အပ်, လုံခြုံစေအပ်သော။ ဝေဋ္ဌုံဝါ၊ ဝါးကိုသော်ငှင်း။) အရညတော၊ တောမှ။ အာဟ-ရိဘွာ၊ ဆောင်ယူ၍။ ရက္ခိတဂေါပိတံ၊ သော။ ဝေဋ္ဌုံဝါ၊ သော်ငှင်း။ ဧဝံ၊ ဤသို့ ငါကပေးလျင်။ မေ၊ ငါ့အား။ ပစ္စယံ၊ ဆွမ်းစသော ပစ္စည်းကို။ ဒဿန္တိ၊ လူကုန်လတ္တံ့။ ဣတိ၊ ဤသို့ကြံ၍။ ဥပဋ္ဌာကာနံ၊ အလုပ်အကျေး ဒါယကာတို့အား။ ဒါတုံ၊ ပေးခြင်းငှါ။ နဝဋ္ဌတိ မအပ်။ ဟိ၊ မှန်။ (တနည်း) (ကသ္မာ၊ ကြောင့်။ နဝဋ္ဌတိ၊ နည်း။) ဟိ (ယသ္မာ၊ ကြောင့်။) ဧဝံ၊ ဤသို့ ဝါးကိုပေးခြင်းဖြင့်။ ဇီဝိကံ၊ အသက်မွေးမှုကို။ ကပ္ပေန္တော၊ ပြုသောရဟန်းသည်။ အနေ-သနာယ၊ မသင့်သော ရှာမှီးခြင်းဖြင့်။ မိစ္ဆာဇီဝေန၊ ကဲ့ရဲ့ထိုက်သော အသက်မွေးမှုဖြင့်။ ဇီဝတိ၊ အသက်မွေး၏။ သော၊ ထိုမိစ္ဆာဇီဝဖြင့် အသက်မွေးသော ရဟန်းသည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ဘဝ၌ပင်။ ဂရဟံ၊ ကဲ့ရဲ့အပ်သည်၏ အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ သမ္မရာယေစ၊ ၌လည်း။ အပါယပရိပူရကော၊ အပါယ်ကို ပြည့်စေတက်သည်။ ဟောတိ၊ ၏။ (တသ္မာ၊ ကြောင့်။ နဝဋ္ဌတိ၊ မအပ်။)

အတ္တနော၊ မိမိ၏။ ပုဂ္ဂလိကဝေဋ္ဌုံ၊ ပုဂ္ဂလိကဖြစ်သောဝါးကို။ ကုလသင်္ဂဟ-ဟ္ထာယ၊ အမျိုးတို့ကို ချီးမြှောက်ခြင်းအကျိုးငှါ။ ဒဒန္တော၊ ပေးသောရဟန်းသည်။ ကုလဒူသကဒုက္ကဋ္ဌံ၊ အမျိုးတို့ကို ဖျက်ဆီးသူ၏ ဒုက္ကဋ္ဌ အာပတ်သို့။ (တနည်း) ကုလဒူသနဒုက္ကဋ္ဌံ၊ အမျိုးတို့ကို ဖျက်ဆီးခြင်းကြောင့် သင့်ရောက်အပ်သော ဒုက္ကဋ္ဌအာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ ပရပုဂ္ဂလိကံ၊ တပါးသော

ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော ဝါးကို။ ထေယျုစိတ္တေန၊ ခိုးသူ၏ ဖြစ်ကြောင်းဖြစ်ရာ စိတ်ဖြင့်။ ဒဒမာနော၊ ပေးသောရဟန်းကို။ ဘဏ္ဍဂ္ဃေန၊ ဘဏ္ဍာ၏တန်ဘိုးဖြင့်။ ကာရေတမ္ပေါ၊ ပြုထိုက်၏။ ဝါ၊ ဆုံးဖြတ်ထိုက်၏။ သံဃိကေပိ၊ သံဃာ၏ ဥစ္စာဖြစ်သော ဝါးဌ်လည်း။ ဧသေဝနယော၊ တည်း။ ပန၊ ဆက်။ တံ၊ ထိုသံဃိက ဥစ္စာဖြစ်သော ဝါးကို။ ဂ္ဂဏရဝတာယ၊ အစိုးရသူ၏အဖြစ်ဖြင့်။ သစေ ဒေတိ၊ အာကယ်၍ ပေးအံ့။ (ဧင်သတိ)။ ဂရုဘဏ္ဍ ဝိသဇ္ဇနံ၊ ဂရုဘဏ်ကို စွန့်ခြင်းဟူသော အကြောင်းရှိသော ထုလ္လစ္စဉ်းအာပတ်သို့။ အာပဇ္ဇသိ၊ ရောက်၏။ [ထုလ္လစ္စဉ်းအာပတ်သာမက ဘဏ္ဍာစေားလည်းထိုက်သည်။]

ပန၊ ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦ.အံ့။ ကတရော၊ အဘယ်သို့သော။ ဝေဠု၊ ဝါးသည်။ ဂရုဘဏ္ဍံ၊ ဂရုဘဏ်သည်။ ဟောတိ၊ နည်း။ ကတရော၊ သေး။ (ဝေဠုဂရုဘဏ္ဍံ)။ နဟောတိ၊ မဖြစ်သနည်း။ ဣတိ၊ ဤကား အမေးတည်း။ တာဝ၊ ရောပိမမှရွေးဦးစွာ။ (နိဒ္ဒိဋ္ဌော၊ သော။) ယော၊ အကြင် ဝါးသည်။ အရောပိမော၊ စိုက်ပျိုးခြင်းဖြင့် ဖြစ်စေအပ်သည် မဟုတ်သည်။ [ရေပေန+နိဗ္ဗတ္တော ရောပိမော၊ နရောပိမော အရောပိမော။] သယံဇာတကော၊ အလိုလိုပေါက်သည်။ (ဟောတိ)။ သေ၊ ထိုဝါးသည်။ သံဃေန၊ သင်္ဃာ။ ပရိစ္ဆိန္နဋ္ဌာနေယေဝ၊ ပိုင်းခြားအပ်သော အရပ်၌သာ။ ဂရုဘဏ္ဍံ၊ ဂရုဘဏ် တည်း။ တတော၊ ထို ပိုင်းခြားအပ်သောအရပ်မှ။ ပရံ၊ ပြင်ဘက်၌။ ဂရုဘဏ္ဍံ၊ ဂရုဘဏ်သည်။န၊ မဟုတ်။ ရောပိတဋ္ဌာနေ၊ စိုက်ပျိုးအပ်သောအရပ်၌။ သဗ္ဗေန၊ အလုံးစုံသော အခြင်းအရာအားဖြင့်။ သမ္ဗံ၊ အလုံးစုံ အကုန်အစင်။ ဂရုဘဏ္ဍံ၊ တည်း။ [ပရိစ္ဆိန္နဋ္ဌာန ဟုတ်ဟုတ် မဟုတ်ဟုတ်။]

ပန၊ ဆက်။ သော၊ ထို ဂရုဘဏ်သည် ပမာဏေန၊ ပမာဏအားဖြင့်။ ပရိစ္ဆိန္နော၊ ပိုင်းခြားအပ်သည်။ (သမာနော) တေလနာဠိပမာဏောပိ၊ ဆီကျည်တောက်ပမာဏရှိသော ဝါးသော်မှလည်း။ ဂရုဘဏ္ဍံ၊ ဂရုဘဏ်တည်း။ ကတော၊ ထို ဆီကျည်တောက်ပမာဏရှိသော်ဝါးမှ။ ဟောဋ္ဌာ၊ အောက်၌။ ဂရုဘဏ္ဍံ၊ သည်။ နဟောတိ၊ မဟုတ်။ ပန၊ ကား။ ယဿ ဘိက္ခုနော၊ ၏။ တေလနာဠိယာဝါ၊ ဆီကျည်တောက်ဖြင့်သော်၎င်း။ ကတ္တရဒဏ္ဍနဝါ၊ တောင်ဝှေးဖြင့်သော်၎င်း။ အတ္ထော၊ အလိုသည်။ (ဟောတိ)။ တေန၊ ထိုရဟန်းသည်။ ဖာတိကမ္မံ၊ တိုးပွါးအောင်ပြုမှုကို။ ကတ္တာ၊ ၍။ ဂဟေတဗ္ဗော၊ ယူထိုက်၏။ [ဖာတိကမ္မ၏ အဓိပ္ပါယ်ကို ကခ်ီဘာသာဋီကာ သဟဓမ္မိကဝဂ်, ဒုဗ္ဗလသိက္ခာပုဒ် အဖွင့်၌ ပြခဲ့ပြီ။] ဖာတိကမ္မံ၊ တိုးပွါးအောင်ပြုအပ်သော အမှုသည်။ တဒဋ္ဌနကံဝါ၊ ထို ဝါ၏အဖိုးကို ထိုက်တန်သော ပစ္စည်းသည်၎င်း။ ဒုတိရေကံဝါ၊ ထို ဝါ၏ တန်ဘိုးထက် အပိုအလွန်ဖြစ်သော ပစ္စည်းသည်၎င်း။ ဝဋ္ဋတိ၊ အပ်၏။ ဥနကံ၊ ယုတ်လျော့သော အဘိုးရှိသော ပစ္စည်းသည်။ နဝဋ္ဋတိ၊ မအပ်။

ဟတ္ထကမ္မမ်ိဳ၊ လက်ဖြင့်ပြုထိုက်သော အမှုသည်လည်း။ ဥဒကာဟရဏမတ္တံ ဝါ၊ ရေကို ဆောင်ခြင်းမျှသည်၎င်း။ အပဟရိတကရဏမတ္တံ ဝါ၊ စိမ်းစိုသော မြက်သစ်ပင် မရှိအောင် ပြုခြင်းမျှသည်၎င်း။ နု ဝဋ္ဋတိ၊ မအပ်။ [ဝါးကဲ့သို့ ဂရု ဘဏ်မဟုတ်သောကြောင့် မအပ် ဟူလို။] ထာဝရံ၊ အမြဲတည်သော ဝတ္ထုကို။ ကာတုံ၊ ငှါ။ ဝဋ္ဋတိ။ [ထာဝရပစ္စည်းတခုခုကို အစ ားပေးရမည်။ ဟူလို။] တသ္မာ၊ ကြောင့်။ ပေါက္ခရဏိတော၊ ရေကန်မှ။ ပံသုံ၊ မြေမှုန့်ကို။ ဥဒ္ဓရိတ္ဝာဝါ၊ ထုတ်ဆောင်၍သော်၎င်း။ သေပါဏံ၊ လှေခါးကို။ အတ္ထရုပေတ္ဝာဝါ၊ ခင်းစေ၍ သော်၎င်း။ ဝိသမဋ္ဌာနံ၊ မညီညွတ်သော အရပ်ကို။ သမံ၊ ညီညွတ်အောင်။ ကတ္ဝာဝါ၊ ပြု၍သော်၎င်း။ ဂဟေတုံ၊ ငှါ။ (သံဃိကဝါးကိုယူခြင်းငှါ။) ဝဋ္ဋတိ၊ ၏။ ဖာတိကမ္မံ၊ကို။ အဂ်တ္ဝာ၊ပြု၍။ ဂတိတော၊ယူအပ်သောဝါးကို။ တတ္ထ၊ ထို ဝါးရှိရာကျောင်းတိုက်၌။ ဝသန္တေနေဝ၊ နေသော ရဟန်းသည်သာ။ ပရိ ဘုဉ္ဇိတဗ္ဗော၊ သုံးစွဲထိုက်၏။ ပဏ္ဏမန္တေန၊ အရပ်တပါးသို့ ဖဲသွားသောရဟန်း သည်။ သံဃိကံ၊ သံဃာ၏ဥစ္စာကို။ ဂဒတ္ဝာ၊ ၍။ ဌပေတ္ဝာ၊ ထား၍။ ဂန္တဗ္ဗံ၊ သွားထု၏။ အသတိယာ၊သတိကင်းသဖြင့်။ ဂဟေတ္ဝာ၊၍။ ဂတေန၊သွားမိသော ရဟန်းသည်။ ယတ္ထ၊ အကြင်အရပ်၌။ ဂတော၊ ရောက်သည်။ (ဟုတ္ဝာ) သရတိ၊ အမှတ်ရ၏။ တတော၊ ထိုအရပ်မှ။ ပစ္စာဟရိတဗ္ဗော၊ တဖန်ဆောင် ထိုက်၏။ အန္တရာ၊ လမ်းခရီးအကြား၌။ ဘယံ၊ ဘေးသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ (ဒေဝံသတိ)။ သမ္ဗတ္တဝိဟာရော၊ ရောက်အပ်သောကျောင်း၌။ ဌပေဘ္ဝာ၊၍။ ဂန္တဗ္ဗံ၊ သွားထု၏။

မနုဿာ၊ တို့သည်။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္ဓွာ၊ ၍။ ဝေဠုံ၊ ကို။ ယာစန္တိ၊ ဖတောင်းတတ်ကြကုန်၏။ ဘိက္ခူ၊၊ တို့သည်။ သံဃိကော၊ သံဃာ့ဥစ္စာတည်း။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဒါတုံ၊ ငှါ။ နု ဝိသဟန္တိ၊ မရဲဝံ့ကုန်။ မနုဿာ၊ တို့သည်။ပုနပ္ပုနံ၊ အဖန်ဖန်။ ယာစန္တိဝါ၊ တောင်းမူလည်း တောင်းကြကုန်အံ့။ တဒ္ဓေန္တိဝါ၊ ခြိမ်းချောက်မူလည်း ခြိမ်းချောက်ကြကုန်အံ့။ တဒါ၊ ထိုအခါ၌။ ဘိက္ခူ၊ဟိ၊ တို့သည်။ ဒဏ္ဍကမ္မံ၊ ဒဏ်ထမ်းမှုကို။ ကတ္ဝာ၊ ၍။ ဂန္ဟာထ၊ ယူကြကုန်လော့။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ငှါ။ ဝဋ္ဋတိ၊ အပ်၏။ [မြက်ကပ်ပေးမှု, ရေခပ်ပေးမှု, သဲကိုဆောင်ယူပေးမှု စသည်ကို "ဒဏ္ဍကမ္မ"ဟု ဆိုသည်။] ဝေဠုဒါနံ နာမ၊ ဝါးကိုပေးခြင်းမည်သည်။ နု ဟောတိ၊ မဖြစ်။ တေ၊ ထိုလူတို့သည်။ ဒဏ္ဍကမ္မတ္ထာယ၊ ဒဏ်ထမ်းမှုကို ပြုခြင်းအကျိုးငှါ။ ဝါသိဖရသု အာဒီနိဝါ၊ ဓား, ပေါက်ဆိန် အစရှိသည်တို့ကိုသော်၎င်း။ ခါဒနီယ ဘောဇနီယံဝါ၊ ခဲဘွယ် ဘောဇဉ်ကိုသော်၎င်း။ သစေ ဒေန္တိ၊ အကယ်၍ပေးလှူကုန်အံ့။ (ဒဏ်ထမ်းသည့် အနေဖြင့် ထိုပစ္စည်းတို့ကို လှူကုန်အံ့။) (ဒေဝံသတိ) ဂဟေတုံ၊ ငှါ။ နု ဝဋ္ဋတိ၊ မအပ်။ ပန၊ ဝါဒန္တဂကာ။ ဝိနယဋ္ဌကထာယံ၊ ဝိနည်း အဋ္ဌကထာ၌။ ဒဏ္ဍ

ဂေဟာ၊ မီးလောင်အပ်သော အိမ်ရှိကုန်သော။ မနုဿာ၊ တို့သည်။ ဂဏ္ဌိတွာ၊ ၍။ (မတောင်းဘဲယူ၍။) ဂစ္ဆန္တာ၊ သွားကုန်လသော်။ နဝါရေတဗ္ဗာ၊ မတားမြစ်ထိုက်ကုန်။ ဣတိ၊ သို့။ ဝုတ္တံ၊ ပြီ။

သံဃဿ၊ ၏။ ဝေဋ္ဌုဂုမ္ဗေ၊ ဝါးရုံ၌။ ဝေဋ္ဌုဒူသကာ၊ ဝါးကိုဖျက်ဆီးတတ်ကုန်သော သစ်ပင်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ [ဝါးရုံ၌ ဝါးကြီးတွေကို ဖျက်ဆီးတတ်သော ရှုပ်ထွေးသော ဝါးကလေးများနှင့် အခြား သစ်ပင်များကို "ဝေဋ္ဌုဒူသိက"ဟု ခေါ်သည်။] [ဒူသကဟုရှိလျှင် ကောင်း၏။ ယောဇနာ၌ကား "ပါဏိဇာတိက၊ အသက်ရှိသော သတ္တဝါအမျိုးအစား"ဟု သရုပ်ဖော်၏။ ဝါးပိုးတို့ကို ဆိုလိုဟန်တူသည်။ နောက်၌ "ကောဋ္ဌေတွာ ဂဏ္ဌထ"ဟု ရှိ၏။ ထိုဝါးပိုးတို့ကိုသတ်ဖြတ်ခြင်းငှါ မတတ်ကောင်းသောကြောင့် "ပါဏိဇာတိက"ဟု သရုပ်ဖော်ထားသည်ကို စဉ်းစားပါ။] တံ၊ ထိုဝေဋ္ဌုဒူသက ဖြစ်သောသစ်ပင်ကို။ အကောဋ္ဌာပေန္တာနံ၊ မခုတ်ဖြတ်စေကုန်လသော်။ (ဖြတ်၍ မပယ်ရှားကုန်လသော်။) ဝေဋ္ဌု၊ သည်။ သစေ နဿတိ၊ အကယ်၍ ပျက်အံ့။ (ဧဝံသတိ) ကိုံ၊ အဘယ်ကို။ ကာတဗ္ဗံ၊ နည်း။ ဣတိ၊ ဤကား အမေးတည်း။ ဘိက္ခာစာရေ၊ ဆွမ်းခံလှည့်လည်ရာရွာ၌။ မနုဿာနံ၊ တို့အား။ အာစိက္ခိတဗ္ဗံ၊ ပြောပြထိုက်၏။ (မနုဿာ)။ ကောဋ္ဌေတုံ၊ ခုတ်ဖြတ်ခြင်းငှါ။ သစေ နဣစ္ဆန္တိ၊ အကယ်၍ အလိုမရှိကုန်အံ့။ (ဧဝံသတိ)။ သမဘာဂံ၊ ညီမျှသောအဘို့ကို။ လဘိဿထ၊ ရကုန်လတ္တံ့။ ဣတိ၊ သို့။ ဝတ္တဗ္ဗာ၊ ပြောဆိုထိုက်ကုန်၏။ (ကောဋ္ဌေတုံ၊ ငှါ။) နဣစ္ဆန္တိ ယေဝ၊ အလိုမရှိကုန်သည်သာလျှင် ဖြစ်ကုန်အံ့။ (ဧဝံသတိ)။ ဒွေ ကောဋ္ဌာသေ၊ နှစ်ဘို့ နှစ်စုတို့ကို။ လဘိဿထ၊ ရကုန်လတ္တံ့။ ဣတိ ဝတ္တဗ္ဗာ။ ဧဝမိ၊ ဤသို့ နှစ်ဘို့ နှစ်စုရပါသော်လည်း။ အနိစ္ဆန္တေသု၊ အလိုမရှိကုန်လသော်။ (ဝေဋ္ဌုဒူသက သစ်ပင်တို့ကို မခုတ်ဖြတ်ကုန်လသော်။) နဋ္ဌေန၊ ပျက်စီးခြင်းဖြင့်။ (ဝါးရုံ၏ ပျက်စီးခြင်းဖြင့်။) အတ္ထော၊ အကျိုးသည်။ နတ္ထိ၊ မရှိ။ တုမှာကံ၊ သင်တို့၏။ ခဏေ၊ အားလပ်ခွင့်သည်။ သတိ၊ ရှိလသော်။ ဒဏ္ဍကမ္မံ၊ ကို။ ကရိဿထ၊ ပြုရကုန်လတ္တံ့။ ဝါ၊ ပြုရကုန်လိမ့်မည်။ ကောဋ္ဌေတွာ၊ ၍။ ဂဏ္ဌထ၊ ယူကြကုန်လော့။ ဣတိ ဝတ္တဗ္ဗာ။ [ရဟန်းများကိုယ်တိုင် ဝေဋ္ဌုဒူသက သစ်ပင်တို့ကို မဖျက်ကောင်းသောကြောင့် ဤစကားကို ဆိုရသည်။] ဝေဋ္ဌုဒါနံ နာမ၊ မည်သည်။ နဟောတိ။

ဝေဋ္ဌုဂုမ္ဗေ၊ ဝါးရုံ၌။ အဂ္ဂိမှိ၊ မီးသည်။ ဥဋ္ဌိတေပိ၊ ထသော်ငင်း။ ဥဒကေန၊ သည်။ ဝုယှမာနဝေဋ္ဌုသုပိ၊ မျှောအပ်သော ဝါးတို့၌ငင်း။ ဧသေဝ နယော၊ တည်း။ ရုက္ခေသုပိ၊ တို့၌လည်း။ အယမေဝ၊ ဤအစီအစဉ်သည်ပင်။ ကထာမဂ္ဂေါ၊ စကားအစဉ်တည်း။ ပန၊ ဆက်။ ရုက္ခော၊ သစ်ပင်သည်။ သူစိဒဏ္ဍကပ္ပမာဏော၊ သီဟိုဠ်ကညစ်ရိုး ပမာဏရှိသည်။ (သမာနော) ဂရုဘဏ္ဍံ၊ သည်။ ဟောတိ။ သံဃိကေ၊ သံဃာ့ဥစ္စာဖြစ်ကုန်သော။ ရုက္ခေ၊ တို့ကို။ ကောဋ္ဌာပေတွာ၊

ခုတ်ဖြတ်စေ၍။ သံဃံ၊ ကို။ အနာပုစ္ဆိတ္ဝာပိ၊ မပန်ပြောမူ၍လည်း။ သံဃိကံ၊ သံဃာ့ဥစ္စာဖြစ်သော။ အာဝါသံ၊ ကျောင်းကို။ ကာတုံ၊ ငှါ။ လဗ္ဘတိ၊ ရအပ်၏။ (ဆောက်ကောင်း၏။) ပန၊ ထိုသို့ပင် ရအပ်ပါသော်လည်း။ ဝစနပထစ္ဆေဒနတ္ထံ၊ သူတပါးတို့၏ ပြောဆိုခြင်းကို ဖြတ်ခြင်းအကျိုးငှါ။ (အပြစ်တင်လွှတ်အောင်။) အာပုစ္ဆိတ္ဝာဝ ပန်ပြော၍သာလျှင်။ ကာဘဗ္ဗော၊ ၏။

ပုဂ္ဂလိကံ၊ ပုဂ္ဂလိကဥစ္စာကို။ ကာတုံ၊ ငှါ။ လဗ္ဘတိ၊ ရအပ်သလော။ နလဗ္ဘတိ။ မရအပ်သလော။ ဣတိ၊ ဤကား အမေးတည်း။ နလဗ္ဘတိ၊ မရအပ်။ ပန၊ ထိုသို့ မရအပ်ပါသော်လည်း။ ဟတ္ထကမ္မသီသေန၊ ဟတ္ထကမ္မကို အဦးပဓာနပြုသဖြင့်။ ဧကသ္မိံ ဂေဟေ၊ တခုသောကျောင်း၌။ မဉ္ဇဋ္ဌာနမတ္တံ၊ ညောင်စောင်းတနေရာမျှကို။ (ပုဂ္ဂလိကံ ကာတုံ၊) လဗ္ဘတိ။ [ကျောင်းကလေးဆောက်သောအခါ အားလုံးပစ္စည်းတွေက သံဃိကဖြစ်နေခဲ့သော် ရဟန်းတပါးက လူတို့၏ အထံသို့ လက်ဖြင့်ပြုလုပ်ဘို့ရန် တောင်းခံ၍ ဆောက်လုပ်လျှင် ထိုပုဂ္ဂိုလ်အတွက် ညောင်စောင်းတနေရာလောက်ဌာနကို ပုဂ္ဂလိကအဖြစ်ဖြင့် ရနိုင်သည်–ဟူလို။] တီသုဂေဟေသု၊ သုံးခုသောကျောင်းတို့တွင်။ ဧကံဂေဟံ၊ တခုသောကျောင်းကို။ လဘတိ၊ ၏။ [ဟတ္ထကမ္မကို အဦးပြုသဖြင့် သုံးကျောင်းပြီးအောင်ဆောက်နိုင်လျှင် တကျောင်းကို ပုဂ္ဂလိကအဖြစ်ဖြင့် ရသည်။] ဒဗ္ဗသမ္ဘာရာ၊ သစ် အဆောက်အဦတို့သည်။ ပုဂ္ဂလိကာ၊ ပုဂ္ဂလိကဘို့သည်။ သစေ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ ဘူမိ၊ မြေသည်။ သံဃိကံ၊ သံဃာ၏ဥစ္စာသည်။ (သစေ ဟောတိ။ ဧဝံသတိ။) ဧကံဂေဟံ၊ တခုသောကျောင်းကို။ ကတ္ဝာ၊၍ ။ သမဘာဂံ၊ ညီမျှသောအဘို့ကို။ လဘတိ၊ ၏။ [သံဃိက တဝက်,ပုဂ္ဂလိက တဝက်ရသည်-ဟူလို။] ဒ္ဒီသု ဂေဟေသု၊ နှစ်ခုသောကျောင်းတို့တွင်။ ဧကံဂေဟံ၊ ကို။ လဘတိ။

သံဃိကရုက္ခေ၊ သံဃိကသစ်ပင်သည်။ သံဃိကံ၊ သံဃိကဖြစ်သော။ အာဝါသံ၊ ကျောင်းကို။ ဗာမေန္တေ၊ တားမြစ်လသော်။ သံဃံ၊ ကို။ အနာပုစ္ဆာ၊ မပန်ပြောဘဲ။ ဟာရေတုံ၊ ဖယ်ရှားခြင်းငှါ။ ဝဋ္ဌတိ၊ အပ်သလော။ နဝဋ္ဌတိ၊ မအပ်သလော။ ဣတိ၊ ဤကား အမေးတည်း။ (သံဃံ အနာပုစ္ဆာ ဟာရေတုံ။) ဝဋ္ဌတိ၊ ၏။ ပန၊ သို့သော်လည်း။ (ထိုသို့ပင် သံဃာကို မပန်ပြောဘဲ ပယ်ခြင်းငှါ အပ်ပါသော်လည်း။) ဝစနပထစ္ဆေဒနတ္ထံ၊ ကဲ့ရဲ့ပြောဆိုခြင်း၏ အကြောင်းကို ဖြတ်ခြင်းအကျိုးငှါ။ အာပုစ္ဆိတ္ဝာဝ၊ ပန်ပြော၍သာလျှင်။ ဟာရေတဗ္ဗော၊ ၏။ ရုက္ခံ၊ ကို။ နိဿာယ၊ မှီ၍။ သံဃဿ၊ ၏။ ဝါ၊ မှာ။ မဟန္တော၊ မျှားစွာသော။ လာဘော၊ သည်။ သစေ ဟောတိ၊ အံ့။(ဧဝံ သတိ။) နဟာရေတဗ္ဗော၊ ထိုက်။ ပုဂ္ဂလိကရုက္ခေ၊ ပုဂ္ဂလိကသစ်ပင်သည်။ သံဃိကံ၊ သော။ အာဝါသံ၊ ကို။ ဗာမေန္တေ၊ သော်။ ရုက္ခသာမိကဿ၊ သစ်ပင်ရှင်အား။ အာစိက္ခိတဗ္ဗံ၊ ပြောထိုက်၏။ (ရုက္ခသာမိကော၊ သည်။) ဟရိတုံ၊ ပယ်ရှားခြင်းငှါ။ သစေ နဣစ္ဆတိ၊ အံ့။ (ဧဝံ

သတိ၊) ဆေဒါပေတွာ၊ ဖြတ်စေ၍။ ဟာရေတဗ္ဗော၊ ပယ်ရှားထိုက်၏။ မေ၊ ငါ၏။ ရုက္ခံ၊ ကို။ ဒေထ၊ အစားပေးကြကုန်လော့။ ဣတိ၊ သို့။ စောဒေန္တဿ၊ တောင်းသော သစ်ပင်ရှင်အား။ ရုက္ခံ၊ ကို။ အဂ္ဃါပေတွာ၊ အဘိုးဖြတ်စေ၍။ မူလံ၊ အဘိုးကို။ ဒါတဗ္ဗံ၊ ပေးထိုက်၏။

သံဃိကေ၊ သံဃာ၏ဥစ္စာဖြစ်သော။ ရုက္ခေ၊ သည်။ ပုဂ္ဂလိကာဝါသံ၊ ပုဂ္ဂလိက ကျောင်းကို။ (ဗာဓေန္တေပိ၊ တားမြစ်သော်ငုင်း။) ပုဂ္ဂလိကေ၊ ပုဂ္ဂလိကဖြစ်သော။ (ရုက္ခေ) စ၊ သစ်ပင်သည်လည်း။ ပုဂ္ဂလိကာဝါသံ။ အခြားပုဂ္ဂိုလ်၏ကျောင်းကို။ ဗာဓေန္တေပိ၊ သော်ငုင်း။ ဧသေဝနယော၊ တည်း။ ဝလ္လိယမ္ပိ၊ နွယ်၌လည်း။ အယမေဝ၊ ဤစကားအစဉ်သည်ပင်။ ကထာမဂ္ဂေါ၊ စကားအစဉ်တည်း။ ပန၊ ကား။ ယတ္ထ၊ အကြင်အရပ်၌။ ဝလ္လိ၊ နွယ်ကို။ ဝိက္ကာယတိ (ဝိက္ကီယတိ)၊ ရောင်းအပ်၏။ ဒုလ္လဘာ၊ ခဲယဉ်းသဖြင့်ရအပ်သည်။ ဟောတိ။ တတ္ထ၊ ထိုအရပ်၌။ ဂရုဘဏ္ဍံ၊ တည်း။ စ၊ ဆက်။ သာ၊ ထိုနွယ်သည်။ ဥပစုဗာဟုပမာဏတော၊ လက်မောင်းတဝက် ပမာဏရှိသောနွယ်မှ။ ပဋ္ဌာယ၊ စ၍။ (ဂရုဘဏ္ဍံ၊ တည်း။) တတော၊ ထိုလက်မောင်းတဝက် ပမာဏရှိသောနွယ်မှ။ ဟေဋ္ဌာ၊ အောက်ဖြစ်သော။ ဝလ္လိခဏ္ဍံ၊ နွယ်အပိုင်းသည်။ ဂရုဘဏ္ဍံ၊ သည်။ နဟောတိ။

ပတ္တဒါနာဒီသုပိ၊ အရွက်ကိုပေးခြင်း အစရှိသည်တို့၌လည်း။ (ဝိနိစ္ဆယော ဝေဒိတဗ္ဗော)။ ပတ္တဒါနေနာတိ၊ ကား။ ပစ္စယဟေတုကေန၊ ပစ္စည်းလေးပါးဟူသော အကြောင်းရှိသော။ ပတ္တဒါနေန၊ အရွက်ပေးခြင်းဖြင့်။ (ဇီဝိကံ ကပ္ပေတီ၌စပ်။) ဣတိအာဒိ၊ ဤသို့အစရှိသော။ သဗ္ဗံ၊ အလုံးစုံကို။ ဝေဋ္ဌုဒါနေ၊ ၌။ ဝုတ္တနယေနေဝ၊ ဝေဒိတဗ္ဗံ။ ပန၊ ဆက်။ ဧတ္ထ၊ ဤပတ္တဒါန၌။ ဂရုဘဏ္ဍတာယ၊ ဂရုဘဏ်၏အဖြစ်၌။ အယံ၊ ဤဆိုအပ်လတ္တံ့ကား။ ဝိနိစ္ဆယော၊ တည်း။ ဟိ၊ ခဲ့။ ယတ္ထ၊ အကြင်အရပ်၌။ ပတ္တမ္ပိ၊ သစ်ရွက်ကိုလည်း။ ဝိက္ကာယတိ (ဝိက္ကီယတိ)၊ ရောင်းအပ်၏။ ဂန္ဓိကာဒယော၊ နံ့သာသည် အစရှိသူတို့သည်။ ဂန္ဓပလိဝေဌနာဒီနံ၊ နံ့သာကိုထုတ်ခြင်း အစရှိသည်တို့၏။ အတ္ထာယ၊ ငှါ။ ဂဏ္ဍန္တိ၊ ဝယ်ယူကုန်၏။ တာဒိသေ၊ ထိုကဲ့သို့ရှုအပ်သော။ ဒုလ္လဘဋ္ဌာနေယေဝ၊ ခဲယဉ်းသဖြင့်ရအပ်ရာဌာန၌သာလျှင်။ ဂရုဘဏ္ဍံ၊ သည်။ ဟောတိ။ ဧသ၊ ဤအဆုံးအဖြတ်သည်။ တာဝ၊ ပုပ္ပဒါနမှ ရှေးဦးစွာ။ ကိံ သုကပတ္တကဏ္ဏပိုဋ္ဌန္ဓနတာလပတ္တာဒီသု၊ ပေါက်ရွက်, နားတန်ဆာပြုလုပ်ကြောင်းဖြစ်သော ထန်းရွက် အစရှိသည်တို့၌။ ဝိနိစ္ဆယော၊ တည်း။

တာလပဏ္ဏမ္ပိ၊ ထန်းရွက်ကိုလည်း။ ဣမသ္မိံ ယေဝဌာနေ၊ ဤပတ္တဒါနအရာ၌သာ။ ကထေတဗ္ဗံ၊ ပြောဆိုထိုက်၏။ ဟိ၊ ခဲ့။ တာလပဏ္ဏမ္ပိ၊ ထန်းရွက်သည်လည်း။ သယံဇာတေ၊ အလိုလိုပေါက်သော။ တာလဝနေ၊ ထန်းတော၌။ သံဃေန၊ သည်။ ပရိစ္ဆိန္နဋ္ဌာနေယေဝ၊ ပိုင်းခြားအပ်ရာ အရပ်၌သာလျှင်။ ဂရု-

ဘက္ခံ၊ တည်း။ တကော၊ ထိုပိုင်းခြားအပ်ရာအရပ်မှ။ ပရံ၊ နောက်၌။ (ဂရု-ဘက္ခံ၊ သည်။) နု (ဟောတိ)။ ရောပိမတာလေသု၊ စိုက်ပျိုးခြင်းဖြင့် ဖြစ်စေအပ်သော ထန်းပင်တို့၌။ သင်္ဘမို့၊ အလုံးစုံသော ထန်းရွက်သည်လည်း။ ဂရု-ဘက္ခံ၊ တည်း။ တဿ၊ ထိုဆန်းရွက်၏။ ပမာဏံ၊ သည်။ ဟေဋ္ဌိမကောဋိယာ၊ အောက်၌ဖြစ်သော အပိုင်းအခြားအားဖြင့်။ အဋ္ဌင်္ဂုလပပမာဏောပိ၊ လက်ရှစ်သစ်ပမာဏရှိသည်လည်းဖြစ်သော။ ရိတ္တပေါတ္ထကော၊ ဒေဝမှ ကင်းဆိတ်သော ထန်းရွက်သည်။ (ဂရုဘက္ခံ၊ တည်း။) [ဤအဋ္ဌင်္ဂုလပပမာဏရိတ္တပေါတ္ထက၏ အဓိပ္ပါယ်ကို ကခ်ီဘာသာဋီကာ သဟဓမ္မိကဝဂ်, ဒုဗ္ဗလသိက္ခာပုဒ်အဖွင့်၌ ပြခဲ့ပြီ။]

တိဏမို့၊ မြက်ကိုလည်း။ ဇတ္ထော၊ဤပတ္တာဒါနု၌ပင်။ ပက္ခိပိတ္ဝာ၊ ထည့်သွင်း၍။ ကထေတဗ္ဗံ၊ ပြောပြထိုက်၏။ ပန၊ ကား။ ယတ္ထ၊ ဒေကြင်အရပ်၌။ တိဏံ၊ မြက်သည်။ နတ္ထိ။ တတ္ထ၊ ထိုအရပ်၌။ မဥ္ဇပလာလနာဋိကေရပဏ္ဏာဒီဟိပိ၊ ဖြူဆံမြက်, ကောက်ရိုး, အုန်းရွက်အားရှိသည်တို့ဖြင့်လည်း။ ဆာဒေန္တိ၊ မိုးကြကုန်၏။ တသ္မာ၊ ကြောင့်။ တာနံပိ၊ ထိုဖြူဆံမြက်, ကောက်ရိုး, အုန်းရွက်အစရှိသည်တို့ကိုလည်း။ တိဏေနေဝ၊ မြက်ဖြင့်သာလျှင်။ သင်္ဂဟိတာနိ၊ သွင်းယူအပ်ကုန်ပြီ။ ဣတိ၊ ဤသို့လျှင်။ မဥ္ဇပလာလာဒီသု၊ ဖြူဆံမြက်, ကောက်ရိုး အစရှိသည်တို့တွင်။ ယံ ကိဉ္စိ၊ အမှတ်မထား တပါးပါးသော။ မဋ္ဌပပမာဏံ၊ လက်ဆုပ်ပမာဏရှိသော။ တိဏံ၊ မြက်သည်၎င်း။ နာဋိကေရပဏ္ဏာဒီသုစ၊ အုန်းရွက်အစရှိသည်တို့တွင်လည်း။ ကေပဏ္ဏမို့၊ တရွက်သည်၎င်း။ သံဃဿ၊ အား။ ဒိန္နံဝါ၊ အပ်သော်၎င်း။ တဉ္စဇာတကံဝါ၊ ထိုသံဃာ့အရာမ်၌ ပေါက်သည်သော်၎င်း။ ဗဟိအာရာမေ၊ အာရာမ်၏ပြင်ပ၌။ သံဃဿ၊ ၏။ တိဏဝတ္ထုမို့၊ မြက်ခင်း၌။ ဇာတတိဏံ ဝါ၊ ပေါက်သောမြက်သည်သော်၎င်း။ ရက္ခိတဂေါပိတံ၊ စောင့်ရှောက်အပ်, လုံခြုံးစအပ်သည်။ (သမာနံ) ဂရုဘက္ခံ၊ သည်။ ဟောတိ။ ပန၊ ဆက်။ တံ၊ ထိုသစ်ရွက်မြက်ကို။ သံဃိကမေဓ၊ သံဃာ၏အမှုကိုဂင်း။ စေတိယကမ္မေဓ၊ စေတီတော်၏အမှုကိုဂင်း။ ကတေ၊ ပြုအပ်ပြီးသော်။ အတိ-ရေကံ၊ ပိုလွန်သောမြက်, သစ်ရွက်ကို။ ပဂ္ဂလိကကမ္မေ၊ ပုဂ္ဂလိကအမှု၌။ ကာတုံ၊ ဂု။ ဝဋ္ဋတိ။ ဟောဋ္ဌ၊ အောက်ဖြစ်သော။ ဝုတ္တဝေဋ္ဌမိုပိ၊ ဆိုအပ်ပြီးသော ဝါး ၌လည်း။ သေဝနယော၊ တည်း။ [သံဃိကမ္မ, စေတိယကမ္မပြုပြီး၍ ကျန်နေလျှင် ပုဂ္ဂလိကကမ္မ၌ သုံးစွဲနိုင်သည်-ဟူလို။]

ပုပ္ဖဒါနေ၊ ပန်းပေးခြင်း၌။ (ဝိနိစ္ဆယော, ဧဝံ ဝေဒိတဗ္ဗော။) ဇတ္တကေသု၊ ဤမျှ အတိုင်းအရှည်ရှိကုန်သော။ ရက္ခေသု၊ သစ်ပင်တို့၌။ ဝါ၊ သစ်ပင်တို့က။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ဝိသဇ္ဇေတွာ၊ စွန့်၍။ ယာဂုဘတ္တဝတ္ထေ၊ ယာဂုဝတ်, ဆွမ်းဝတ်၌။ [ရှေးနိဿယ၌ "ယာဂုဘတ္တဝတ္ထေ၊ ယာဂုဆွမ်းတို့ကို" ဟု ပေး၏။] ဥပနေန္တု၊ ကပ်ဆောင်ကြကုန်။ ဇတ္တကေသု၊ ကုန်သော။ ရက္ခေသု၊ တို့၌။ (ပုပ္ဖါနိ၊ တို့ကို။ ဝိသဇ္ဇေတွာ၊ ၍။) သေနာသနပဋိသင်္ခရဏေ၊ ကျောင်းကိုပြင်ဆင်ခြင်း၌။

ဥပနေန္တု၊ကုန်။ဣတိဝေံ၊ သို့။နိဟမိတဋ္ဌာနေ ဝေ၊သတ်မှတ်အပ်သော အရပ်၌သာ။ ပုပ္ဖါနိ၊ ပန်းတို့သည်။ ဂရုဘဏ္ဍာနိ၊ ဂရုဘဏ်တို့သည်။ ဟောန္တိ။ ပရတီရေ၊ ထိုမှာဘက်ကမ်း၌။ သာမဏေရာ၊တို့သည်။ ပုပ္ဖါနိ၊ တို့ကို။ သြစိနိတ္ဌာ၊ ဆွတ်ခူး၍။ရာသိံ၊ အစုကို။ ကရောန္တိ၊ပြုကြကုန်၏။ ပဉ္စက်သမန္နာဂတော၊ ၅ ပါးသော အင်္ဂါနှင့် ပြည့်စုံသော။ ပုပ္ဖဘာဇကော၊ ပန်းကို ဝေဘန်တတ်သော ရဟန်းသည်။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ ဂဏေတ္ဌာ၊ ရေတွက်၍။ ကောဋ္ဌာသေ၊ အဘို့အစုတို့ကို။ ကရောတိ၊ ၏။သော၊ ထိုပန်းကို ဝေဘန်သော ရဟန်းသည်။ သမ္ပတ္တပရိသာယ၊ ရောက်လာသော ပရိသတ်အား။ သံဃံ၊ကို။ အနာပုစ္ဆိတ္ဌာဝ၊ မပန်ပြောဘဲသာလျှင်။ဒါတုံ၊ ငှါ။ လဘတိ၊ ၏။ပန၊ထိုသို့ပင် ရပါသော်လည်း။ အသမ္ပတေန၊မသမုတ်အပ်သော ရဟန်းသည်။ ဝါ၊ သမ္မုတိ မရသော ရဟန်းသည်။ အာပုစ္ဆိတ္ဌာဝ၊ပန်ပြော၍သာ။ ဒါတဗ္ဗံ၊ပေးရာ၏။

ပန၊ ဆက်။ ဘိက္ခု၊ သည်။ ကဿ၊ အဘယ်ပုဂ္ဂိုလ်အား။ ပုပ္ဖါနိ၊ တို့ကို။ ဒါတုံ၊ ငှါ။ လဘတိ၊ ရသနည်း။ ကဿ၊ အား။ (ပုပ္ဖါနိ ဒါတုံ။) နလဘတိ၊မရသနည်း။ဣတိ၊ ဤကား အမေးတည်း။ မာတာပိတူနံ၊ မိဘတို့ဘို့။ ဂေဟံ၊ အိမ်သို့။ ဟရိတ္ဌာပိ၊ ဆောင်၍ငုင်း။ ဂေဟတော၊ အိမ်မှ။ပက္ကောသာပေတ္ဌာပိ၊ ခေါ်စေ၍ငုင်း။ ဝတ္တုပူဇံ၊ ရတနာ ၃-ပါးဟူသော ဝတ္ထုကို ပူဇော်ခြင်းကို။ ကရောတ၊ ပြုကြကုန်လော့။ ဣတိ၊ ဤသို့ပြော၍။ ဒါတုံ၊ ငှါ။ လဘတိ၊ ၏။ ပိဋ္ဌန္ဓနတ္ထာယ၊ ပန်ဆင်ခြင်းအကျိုးငှါ။ ဒါတုံ နလဘတိ။ ပန၊ ကား။ သေသဉ္ဘတိနံ၊ မိဘမှကြွင်းသော ဆွေမျိုးတို့ဘို့။ ဟရိတ္ဌာ၊ ၍။ နဒါတဗ္ဗံ၊ မပေးရာ။ ပက္ကောသာပေတ္ဌာ၊ ခေါ်စေ၍။ ပူဇံ၊ ရတနာ ၃-ပါးကို ပူဇော်ခြင်းကို။ ကရောထ၊ ပြုကြကုန်။ ဣတိ၊ ဤသို့ပြော၍။ ဒါတဗ္ဗံ၊ ပေးနိုင်၏။ ပူဇနဋ္ဌာနံ၊ ပန်းပူဇော်ရာအရပ်သို့။ သမ္ပတ္တဿ၊ ရောက်လာသော။ သေသဇနဿ၊ မိဘဆွေမျိုးတို့မှကြွင်းသော လူအပေါင်းအား။ အပစ္စာသီသန္တေန၊ သူတို့၏ ပြန်လှူအပ်သော ပစ္စည်းကို မတောင့်တသည်။(ဟုတ္ဌာ)။ ဒါတဗ္ဗံ၊ ရာ၏။ ပုပ္ဖဒါနံနာမ၊ ပန်းပေးခြင်း မည်သည်။(လူတို့ကို ချီးမြှောက်သောအားဖြင့် ကုလဒူသနဖြစ်သော ပန်းပေးခြင်းမည်သည်။) နဟောတိ။

ဝိဟာရေ၊ ကျောင်းတိုက်၌။ ဗဟူနိ၊ များစွာကုန်သော။ ပုပ္ဖါနိ၊ တို့သည်။ ပုပ္ဖန္တိ၊ ပွင့်ကုန်၏။ ဘိက္ခုနာ၊ သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တေန၊ လှည့်လည်လသော်။ မနုဿေ၊ တို့ကို။ ဒိသွာ၊ ၍။ ဝိဟာရေ၊ ၌။ ဗဟူနိ၊များစွာကုန်သော။ ပုပ္ဖါနိ၊ တို့ကို။ ပူဇေထ၊ ပူဇော်လှည့်ကြကုန်။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ ပြောဆိုနိုင်၏။ ဝစနမတ္တေ၊ ပြောခြင်းမျှ၌။ ဒေါသော၊ ပုပ္ဖဒါန အပြစ်သည်။ နတ္ထိ၊ မရှိ။ ပန၊ ထိုသို့ပင် မရှိပါသော်လည်း။ မနုဿာ၊ တို့သည်။ ခါဒနီယဘောဇနီယံ၊ ခဲဘွယ်ဘောဇဉ်ကို။ အာဒါယ၊ ယူ၍။ အာဂမိဿန္တိ၊ လာကုန်

လ တ္တံ့။ ဣတိစိတ္တေန၊ ဤသို့သော စိတ်ဖြင့်။ နဝတ္တဗ္ဗံ၊ မပြောရာ။ [ကျောင်းဌ် ပန်းတွေ အများကြီးရှိသည် ပူဇော်လှည့်ကြ ဟု ပြောလျှင် လူတို့က ခဲဘွယ် ဘောဇဉ်တွေယူ၍လာကြလိမ့်မည်ဟု ပစ္စည်းကိုတောင့်တသော စိတ်ဖြင့် မပြော ကောင်း။] သစေ ဝဒတိ၊ အကယ်၍ပြောအံ့။ (ဧဝံသတိ)။ ခါဒနီယ ဘောဇနီ ယံ၊ ကို။ နပရိဘုဉ္ဇိတဗ္ဗံ၊ မသုံးဆောင်ထိုက်။

မနုဿာ၊ တို့သည်။ အတ္တနော၊ မိမိ၏။ ဓမ္မတာယ၊ သဘောအားဖြင့်။ ဝိဟာရေ၊ ၌။ ပုပ္ပါနိ၊တို့သည်။ အတ္ထိ၊ ရှိကုန်သလော။ ဣတိ၊သို့။ ပုစ္ဆိတ္ဝာ၊၍။ အသုကဒိဝသေ၊ ထိုမည်သောနေ့၌။ ဝိဟာရံ၊ သို့။ အာဂမိဿာမ၊ လာခဲ့ပါ ကုန်အံ့။ သာမဏေရာနံ၊ တို့အား။ ပုပ္ပါနိ၊ တို့ကို။ သြစိနိတုံ၊ ဆွတ်ခူးခြင်းငှါ။ ဝါ၊ ဆွတ်ခူးခွင့်ကို။ မာဒေထ၊ မပေးကြပါကုန်လင့်။ ဣတိ၊ ဤသို့။ (သစေ) ဝဒန္တိ၊ အကယ်၍လျှောက်ကုန်အံ့။[တပည့်တော်တို့ မည်သည့်နေ့ လာခဲ့ပါမည် ကိုရင်များ ပန်းမဆွတ်ကြပါစေနှင့်ဟု ပြောကုန်အံ့။] (ဧဝံသတိ) ဘိက္ခုနာ၊ သည်။ သာမဏေရာနံ၊တို့အား။ ကထေတုံ၊ ပြောဆိုခြင်းငှါ။ (ပန်းတို့ကိုမဆွတ် ကြဘို့ရန် ပြောဆိုခြင်းငှါ။) (သတိ၊သတိသည်။) ပမုဋ္ဌာ၊ ပျောက်ပြီ။ ဝါ၊ မေ့ပြီ။ [စာအုပ်တို့၌ "ဘိက္ခူ" ဟု ရှိသော်လည်း ပမုဋ္ဌာ၏ ကတ္တား မဖြစ်နိုင်။ နောက်၌ "သတိ မေ ပမုဋ္ဌာ" ဟု ဧကဝုစ် ရှိ၏။ ရှေ့၌လည်း "ဘိက္ခုနာ" ဟု ဧကဝုစ်ရှိခဲ့သည်။ ထို့ကြောင့် ရဟန်းအများ မဟုတ်, ရဟန်း တပါးတည်းသာ ဖြစ်ကြောင်း သိသာ၏။ သို့ဖြစ်၍ ကထေတုံ၏ အဝုတ္တကတ္တားအဖြစ်ဖြင့် "ဘိက္ခု နာ" ဟု ရှိစေရမည်။ ပမုဋ္ဌာ၏ကတ္တားမှာ သတိပုဒ်သာတည်း။]

သာမဏေရေဟိ၊ တို့သည်။ ပုပ္ပါနိ၊ တို့ကို။ သြစိနိတ္ဝာ၊ ဆွတ်ခူး၍၊ ဌပိတာ နိ၊ ထားအပ်ကုန်သည်။ (သစေ ဟောန္တိ။ ဧဝံသတိ။) မနုဿာ၊ တို့သည်။ ဘိက္ခုံ၊ သို့။ [ဤ၌လည်း "ဘိက္ခုံ" ဟု ဧကဝုစ်ရှိလျှင် ကောင်း၏။ နောက်၌ အဖြေမှာ "သတိ မေ" ဟု ဧကဝုစ် ဖြေလိမ့်မည်။] ဥပသက်မိတ္ဝာ၊ ချဉ်းကပ်၍။ ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တို့သည်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ အသုက ဒိဝသေယေဝ၊ ထိုမည်သော နေ့၌ပင်။ သာမဏေရာနံ၊ တို့အား။ ပုပ္ပါနိ၊တို့ကို။ သြစိနိတုံ၊ ငှါ။ ဝါ၊ ဆွတ်ခူးခွင့်ကို။ မာဒေထ၊ မပေးကြပါကုန်လင့်။ ဣတိ၊သို့။ အာရောစယိမှ၊ လျှောက်လိုက်ကြကုန်ပြီ။ကသ္မာ၊ ကြောင့်။ (တုမှေ၊တို့သည်။) နဝါရယိတ္ထ၊ မတားမြစ်ကြပါကုန်သနည်း။ ဣတိ၊ ဤသို့ ပြောဆိုကြကုန်အံ့။ [တုမှာကံ မာဒေထ ဝါရယိတ္ထတို့၌ ဗဟုဝုစ်မှာ ဂါရဝဗဟုဝုစ်တည်း။ ရဟန်း များသောကြောင့် မဟုတ်။] မေ၊ ၏။ သတိ၊ သည်။ ပမုဋ္ဌာ၊ ပျောက်ပြီ။ ဝါ၊ မေ့ပြီ။ [ဤ၌ "မေ" ဟု ဧကဝုစ်ထားပုံကိုကြည့်ပါ။] ပုပ္ပါနိ၊ တို့ကို။ သြစိတ မတ္တာနေဝ၊ ဆွတ်အပ်ပြီးကာမျှတို့သည်သာ။ (ဟောန္တိ)။ ပူဇာ၊ ပူဇော်မှုကို။ နတာဝ ကတာ၊ မပြုအပ်သေး။ ဣတိ၊ သို့။ ဝတ္တဗ္ဗံ။ ဂဏ္ဍထ၊ ယူကြကုန်လော့။

(ဆွတ်ခူးအပ်ပြီးပန်းတို့ကို ယူကြလော့။) ပူဇေထ၊ ပူဇော်ကြကုန်လော့။ ဣတိ၊ ဤသို့။ နဝတ္တဗ္ဗံ၊ မပြောဆိုရာ။ သစေ ဝဒတိ၊ အကယ်၍ ပြောဆိုအံ့။ (ဝေံသတိ) အာမိသံ အာမိသကို။ နပရိဘုဥ္ဇိတဗ္ဗံ၊ ထိုက်။

အပရော၊ တပါးသော။ ဘိက္ခု၊ သည်။ (လူတို့က လျှောက်လိုက်သည်ကို သတိမမေ့သော ရဟန်းသည်။) သာမဏေရာနံ၊ တို့အား။ အာစိက္ခတိ၊ ပြောပြ၏။ (ကိံ၊ နည်း။) အသုကဝါမဝါသိနော၊ ထိုမည်သောရွာ၌ နေကုန်သော လူတို့သည်။ ပုပ္ဖါနိ၊ တို့ကို။ မာ ဩစိနိတ္ထ၊ မဆွတ်ခူးကြပါကုန်လင့်။ ဣတိ၊ သို့။ အာဟံသု၊ လျှောက်လိုက်ကြကုန်ပြီ၊ ဣတိ (အာစိက္ခတိ)။ မနုဿာပိ၊ တို့သည်လည်း။ အာမိသံ၊ ကို။ အာဟရိတွာ၊ ဆောင်ယူ၍။ ဒါနံ၊ ကို။ ဒတွာ၊ ၍။ ဝဒန္တိ၊ လျှောက်ကြကုန်၏။ (ကိံ၊ နည်း။) အမှာကံ၊ တပည့်တော်တို့၏။ မနုဿာ၊ တို့သည်။ နဗဟုကာ၊ မများပါကုန်။ သာမဏေရေ၊ တို့ကို။ အမှေဟိ၊ တပည့်တော်တို့နှင့်။ သဟ၊ တက္ခ။ ပုပ္ဖါနိ၊ တို့ကို။ ဩစိနိတုံ၊ ဆွတ်ခူးခြင်းငှါ။ အာဏာပေသ၊ စေခိုင်းကြပါကုန်။ ဣတိ၊ သို့။ (ဝဒန္တိ၊ ကုန်၏။) ဥပါသက၊ ဥပါသကာ။ သာမဏေရေဟိ၊ တို့သည်။ ဘိက္ခာ၊ ဆွမ်းကို။ လဒ္ဓါ၊ ရအပ်ပြီ။ ယေ၊ အကြင် သာမဏေတို့သည်။ ဘိက္ခာစာရံ၊ ဆွမ်းခံလှည့်လည်ရာရွာသို့။ နဝစ္ဆန္တိ၊ မသွားကြကုန်သေး။ တေ၊ ထိုသာမဏေတို့သည်။ သယမေဝ၊ မိမိတို့ကိုယ်တိုင်သာလျှင်။ ဇာနိဿန္တိ၊ သိကြကုန်လိမ့်မည်။ ဣတိ၊ သို့။ ဝတ္တဗ္ဗံ၊ ရာ၏။ [ဆွမ်းခံမသွားသေးသော သာမဏေတို့က အလိုက်သိစွာ ပန်းခူးကြလိမ့်မည်ဟု ပြောနိုင်သည်–ဟူလို။] ဧတ္တကံ၊ ဤမျှ အတိုင်းအရှည်ရှိသော။ နယံ၊ နည်းကို။ လဘိတွာ၊ ရ၍။ သာမဏေရေ၊ တို့ကို။ ပုတ္တေဝါ၊ သားတို့ကိုသော်ငှင်း။ ဘာတိကေဝါ၊ ညီငယ်တို့ကိုသော်ငှင်း။ ကတွာ၊ ၍။ ပုပ္ဖါနိ၊ တို့ကို။ ဩစိနာ-ပေတုံ၊ ဆွတ်ခူးစေခြင်းငှါ။ ဒေါသော၊ အပြစ်သည်။ နတ္ထိ။ ပုပ္ဖဒါနံ နာမ၊ မည်သည်။ နဟောတိ။ [ဩစိနာပေတုံ နေရာဝယ် "ဩစိနာပနေ၊ ဆွတ်ခူးစေခြင်း၌။ ဝါ၊ ကြောင့်" ဟု ရှိလျှင် ကောင်း၏။] [သာမဏေတို့ကို သားအဖြစ်, ညီအဖြစ် သဘောထား၍ လူတို့က ပန်းအခူးခိုင်းကြလျှင် ရဟန်းမှာ အပြစ်မရှိ။]

ဖလဒါနေ၊ အသီးကိုပေးခြင်း၌။ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)။ ဖလမ္ပိ၊ သည်လည်း။ ပုပ္ဖံဝိယ၊ ပန်းကဲ့သို့။ နိယမိတမေဝ၊ သတ်မှတ်အပ်သော သစ်သီးသည်သာ။ ဂရုသဏ္ဍံ၊ သည်။ ဟောတိ။ ဝိဟာရေ၊ ၌။ ဗဟုကမှိ၊ များစွာသော။ ဖလာဖလေ၊ သစ်သီးဝယ်, သစ်သီးကြီးသည်။ သတိ၊ ရှိလသော်။ အဖာသုက-မနုဿာ၊ မကျန်းမာသူ လူတို့သည်၊ အာဂန္ဆာ၊ လာ၍။ ယာစန္တိ၊ တောင်းတတ်ကြကုန်၏။ ဘိက္ခူ၊ တို့သည်။ သံဃိကံ၊ သံဃာ့ဥစ္စာတည်း။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဒါတုံ၊ ငှါ။ နဥဿဟန္တိ၊ မရဲဝံ့ကြကုန်။ မနုဿာ၊ တို့သည်။ ဝိပ္ပဋိသာရိနော၊ နှလုံးမသာယာခြင်း ရှိကုန်သည်။ (မကျန်းမာ၍ မာတ်စာ

တောင်းသည်ကို မရသည့်အတွက် နှလုံးမသာယာခြင်းဖြစ်ကုန်သည်။) (ဟုတ္ဝာ)။ အက္ကောသန္တိ၊ ဆဲရေးကြကုန်၏။ ပရိဘာသန္တိ၊ ဘေးကိုပြု၍ ခြိမ်းခြောက်ကြကုန်၏။ တတ္ထ၊ ထိုသို့ဖြစ်ရာ၌။ ကိံ၊ အာဘယ်ကို။ ကာတဗ္ဗံ၊ ပြုထိုက်သနည်း။ ဣတိ၊ ဤကား အဓိပ္ပာယ်။ ဖလေဟိဝါ၊ အသီးတို့ဖြင့်ဝင်း။ ရုက္ခေဟိဝါ၊ သစ်ပင်တို့ဖြင့်ဝင်း။ ပရိစ္ဆိန္နံတ္ဝာ၊ ပိုင်းခြားလျှင်။ ကတ်ကာ၊ ကတ်ကဝတ်ကို။ ကာဟဗ္ဗာ၊ ပြုထိုက်၏။ (ကိံ၊ နည်း။) အသုကေသု၊ ထိုမည်ကုန်သော။ ရုက္ခေသု၊ သစ်ပင်တို့၌။ [အသုကေသုစ၌ အသုကေသုဝါဟု ရှိလျှင် ကောင်းမည်ထင်သည်။] တေတ္တကာနိ၊ ဤမျှ အတိုင်းအရှည်ရှိကုန်သော။ ဖလာနိ၊ တို့ကို။ ဂဏှန္တာဝဝါ၊ ယူသူတို့ကိုသော်ဝင်း။ တေတ္တကေသု၊ ကုန်သော။ ရုက္ခေသု၊ တို့၌။ ဖလာနိ၊ တို့ကို။ ဂဏှန္တာဝဝါ၊ သော်ဝင်း။ န ဝါမေဝဗ္ဗာ၊ ကုန်။ ဣတိ၊ သို့။ ကာတဗ္ဗာ၊ ၏။

ပန၊ ကား။ စောဇုဝါ၊ သူပုန် ဒမြတို့ကိုဝင်း။ ဣဿရုဝါ၊ အစိုးရသူတို့ကိုဝင်း။ ဗလက္ကာရေန၊ အားကိုအသုံးပြုခြင်းဖြင့်။ (အားရှိ အားမဲ့ ပြုသဖြင့်။) ဂဏှန္တာ၊ ယူကုန်လသော်။ န ဝါရေတဗ္ဗာ၊ ကုန်။ ဟိ၊ မှန်။ (တနည်း, ကသ္မာ၊ ရြောင့်။ န ဝါရေတဗ္ဗာ၊ နည်း။) ဟိ (ယသ္မာ)၊ ရြောင့်။ ကုဋ္ဌံ။ အမျက်ထွက်ကုန်သော။ တေ၊ ထိုသူပုန်, ဒမြ, အစိုးရသူတို့သည်။ သကလဝံဟာရမ္မိ၊ အလုံးစုံသော ကျောင်းကိုက်ကိုလည်း။ နာသေယျုံ၊ ဖျက်ဆီးကုန်ရာ၏။ (တသ္မာ, န ဝါရေတဗ္ဗာ၊ ကုန်။) ပန၊ ထိုသို့ပင် မတားမြစ်ထိုက်ပါသော်လည်း။ အာဒိန၀ေါ၊ အပြစ်ကို။ ကထေတာဗ္ဗော၊ ပြောပြထိုက်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ [သံဃိကပစ္စည်းကို သုံးစွဲသူမှာ အပြစ်ကြုံးကြောင်းကို ပြောပြထိုက်၏။]

သီနာနဒါနေ၊ ရေချိုးကြောင်း အမှုန့်ကိုပေးခြင်း၌။ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော။) သီနာနစုဏ္ဏာနိ၊ ရေချိုးကြောင်း အမှုန့်တို့သည်။ ကောဋ္ဋံတာနိ၊ ထောင်းအပ်ပြီးကုန်သည်။ (သမာနာနိ၊ ဖြစ်ကုန်လသော်။ ဂရုဘဏ္ဍာနိ၊ ဂရုဘဏ်တို့သည်။ န၊ မဟုတ်ကုန်။ အကောဋ္ဋိတော၊ မထောင်းအပ်သော။ ရုက္ခတ္တစေဝဝါ၊ သစ်ခဲ့ သစ်ခေါက်သည်သော။ ဂရုဘဏ္ဍံ၊ ဂရုဘဏ္ဍာတည်း။ စုဏ္ဏံပန၊ အမှုန့်သည်ကား။ အဂိလာနဿ၊ ဂိလာနမဟုတ်သော ရဟန်းအား။ ရဇနနီပဏ္ဏံ၊ ဆိုးရည်ကျိုကြောင်းဖြစ်သော သစ်ခေါက်ဖတ်သည်။ (ဆိုးရည်ကျိုထုခြင်းကျန်နေသော သစ်ခေါက်ဖတ်သည်။) ဝဋ္ဋတိ၊ အပ်၏။ ဂိလာနဿ၊ ဂိလာနရဟန်းအား။ ယံ ကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ စုဏ္ဏံ၊ အမှုန့်သည်။ ဝဋ္ဋတေယေဝ၊ အပ်သည်သော။ မတ္တိကာပိ၊ မြေညက်ကိုလည်း။ ဧတ္ထေဝ၊ ဤစုဏ္ဏခြင်းပင်။ ပက္ခိပိတ္ဗာ၊ ထည့်၍။ ကထေတာဗ္ဗာ၊ ပြောဆိုထိုက်၏။ မတ္တိကာပိ၊ မြေညက်သည်လည်း။ ယတ္ထ၊ အကြင်အရပ်၌။ ဒုလ္လဘာ၊ ခဲယဉ်းသဖြင့် ရအပ်သည်။ ဟောတိ။ တတ္ထေဝ၊ ထိုခဲယဉ်းသဖြင့် ရအပ်ရာအရပ်၌သော။ ဂရုဘဏ္ဍံ၊ တည်း။ သာပိ၊ ထို မြေညက်သည်လည်း။ ဟောဋ္ဌမကောဋ္ဌိယာ၊ အောက်၌ဖြစ်သော အပိုင်းအခြား

အားဖြင့်။ တိ သပလဂုဇ္ဇပိဏ္ဍပ္ပမာဏာဝဲဝ၊ ပိုလ်ခြိန် ၃၀-ရှိသော ဓာင်လဲခဲပမာဏ ရှိသော မြေညက်သည်သာလျှင်။ (ဂရုဘဏ္ဍံ၊ တည်း။) တတော၊ ထိုပိုလ်ခြိန် ၃၀-ရှိသော တင်လဲခဲပမာဏရှိသော မြေညက်မှ။ ဟေဋ္ဌာ၊ အောက်၌။ ဂရုဘဏ္ဍံ၊ သည်။ နှ၊ မဟုတ်။ ဣတိ၊ အပြိုးတည်း။

ဒန္တကဋ္ဌဒါနေ၊ ဒန်ပူကို ပေးခြင်း၌။ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော။) ဒန္တ-ကဋ္ဌံ၊ ဒန်ပူသည်။ အစ္ဆိန္နကမေဝ၊ မဖြတ်အပ်သေးသော ဒန်ပူသည်သာ။ ဂရု-ဘဏ္ဍံ၊ ထည်း။ [လက်ရှစ်သစ်, ဆယ်သစ်လောက် မဖြတ်အပ်သေးဘဲ တောမှ ခုတ်လာသည့်အတိုင်း ဒန်ပူစင်ပေါ်၌ ထားအပ်သောဒန်ပူကို "အစ္ဆိန္နကမေဝ ဂရုဘဏ္ဍံ"ဟု ဆိုသည်။] ယေသံ သာမဏေရာနံ၊ အကြင်သာမဏေတို့၏အထံ သို့။ သံဃတော၊ သံဃာမှ။ ဒန္တကဋ္ဌဝါရော၊ ဒန်ပူအလှည့်သည်။ ပါပုဏာ တိ၊ ရောက်၏။ [တောထည်းသို့ သွား၍ ဒန်ပူခုတ်ဘို့ရန် အလှည့်ကျရောက်၏။] တေ၊ ထိုသာမဏေတို့သည်။ အတ္တနော၊ မိမိ၏။ အာစရိယုပဇ္ဈာယာနံ၊ ဆရာ ဥပဇ္ဈာယ်တို့အား။ ပါဠိယေက္ကံ၊ အသီးအခြား။ ဒါတုံ၊ ငှါ။ နှ လဘန္တိ၊ မရကုန်။ ပန၊ အနှယကား။ ယေ၊ အကြင်သာမဏေတို့ကို။ ဧတ္တကာနိ၊ ဤမျှ အတိုင်းအရှည်ရှိကုန်သော။ ဒန္တကဋ္ဌာနိ၊ ဒန်ပူတို့ကို။ အာဟရိတဗ္ဗာနိ၊ ဆောင်ထိုက်ကုန်၏။ ဣတိ၊ သို့။ (သံဃေန၊ သဒ္ဒါ။)ပရိစ္ဆိန္ဒိတ္ဝာ၊ပိုင်းခြားကန့်သတ်၍။ ဝါရံ၊ အလှည့်အကြိမ်ကို။ ဂါဟိတာနိ၊ ယူစေအပ်ကုန်ပြီ။

တေ၊ ထိုသာမဏေတို့သည်။ အတိရေကာနိ၊ ပိုလွန်သော ဒန်ပူတို့ကို။ အာစရိယုပဇ္ဈာယာနံ၊ တို့အား။ ဒါတုံ၊ ငှါ။ လဘန္တိ၊ ကုန်၏။ ဧကေန၊ တပါး သော။ ဘိက္ခုနာ၊ သည်။ ဒန္တကဋ္ဌမာဒ္ဒကတော၊ဒန်ပူစင်မှ။ ဗဟူနိ၊များစွာကုန် သော။ ဒန္တကဋ္ဌာနိ၊ တို့ကို။ နဂဟေတဗ္ဗာနိ၊ မယူထိုက်ကုန်။ ဒေဝသိကံ၊ နေ့တိုင်း။ ဧကေကမေဝ၊ တချောင်းတချောင်းကိုသာ။ ဂဟေတဗ္ဗံ၊ ယူထိုက်၏။ ပါဠိယေက္ကံ၊ အသီးအခြားစာပါး၊တည်း။ ဝဿဒန္တနာပိ၊ နေသောရဟန်းသည် လည်း။ ဘိက္ခုသံဃံ၊ ကို။ ဂဏယိတ္ဝာ၊ ရေတွက်၍။ ယတ္တကာနိ၊ အကြင်မျှ လောက်သော ဒန်ပူတို့သည်။ အတ္တနော၊ မိမိဘို့။ ပါပုဏန္တိ၊ ရောက်ကုန်၏။ တတ္တကာနေဝ၊ ထိုမျှလောက်သော ဒန်ပူတို့ကိုသာ။ ဂဟေတ္ဝာ၊ ၍။ ဂန္တဗ္ဗံ၊

ယေ ဂါဟိတာနိ။ ။စာအုပ်တို့၌ "ယေဟိ" ဟုဂုဏ်း, "ဂဟိတာနိ" ဟုဂုဏ်း ရှိ၏၊ သို့သော် ပရိစ္ဆိန္ဒိတ္ဝာ၏ ကတ္တားသည် ယေဟိ၏ အနက်ဖြစ်သော သာမဏေများ မဟုတ်, သံဃာသာ ဖြစ်၏၊ ထို့ကြောင့် "သံဃေန" ဟု ကတ္တားထည့်၍ "ယေ၊ အကြင် သာမဏေတို့ကို။ (ကာရိတ်ကံ) ဝါရံ၊ အလှည့်အကြိမ်ကို။ (ဓာတ်ကံ) ဂါဟိတာနိ၊ ယူစေအပ်ကုန်ပြီ" ဟု ရှိမှ သဒ္ဒါအနက် သင့်သည်သာမက, "ယေတိ သာမဏေရာ" ဟူသော ယောဇနာနှင့်လည်း ကိုက်ညီပါသည်၊ ရှေးနိဿယဆရာများ ပါဠိပျက်အတိုင်း အနက်ပေးလေ၏။

ရုဏ်။ အန္တရာ၊ အကြား၌။ (ဒန်ပူကုန်ဘို့ ရက်မစေ့မီ အကြား၌။) အာဂန္တုကေ-သု၊ အာဂန္တုကရဟန်းတို့သည်။ အာဂဝေတသုဝါ၊ လာကုန်သော်ငုင်း။ ဒိသံ၊ အရပ်တပါးသို့။ ပက္ကမန္တေနဝါ၊ ဖဲသွားသော ရဟန်းသည်သော်ငုင်း။ အာဟရိ-တွာ၊ ဆောင်၍။ ဂဟိတဋ္ဌာနေယေဝ၊ ယူအပ်ရာအရပ် ဒန်ပူစင်၌သာ။ ဌပေ-တဗ္ဗာနိ၊ ထားထိုက်ကုန်၏။ [မိမိက လက်ရှိသံသာကို ရေတွက်၍ မိမိရထိုက်သမျ-ကို ဆောင်ယူထားသောကြောင့် အာဂန္တုလာလျှင် မလောက်မငပြင်နေရကား ပြန်၍ပို့ပါ။ ဒန်ပူကုန်ချိန် မရောက်မီ အရပ်တပါးသို့ ဖဲသွားလျှင်လည်း ပြန်၍ ပို့ပါ-ဟူလို။]

စာဋ္ဌုကမျတာယာတိ အာဒီသု၊ အစရှိသောပါဌ်တို့၌။ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော။) အတ္တာနံ၊ မိမိကို။ ဒါသံဝိယ၊ ကျွန်ကိုကဲ့သို့။ နီစဋ္ဌာနေ၊ နိမ့်ကျ သော အရာ၌။ ဌပေတွာ၊ ၍။ ပရဿ၊ သူတပါး၏။ ခလိတဝစနမ္ပိ၊ ချွတ်ချော်သောစကားကိုလည်း။ သဏ္ဌာပေတွာ၊ ကောင်းစွာတည်စေ၍။ (အမှန်ဖြစ်အောင် ပြင်ပေး၍။) ပိယကာမတာယ၊ ဒါယကာ ဒါယိကာမတို့၏ ချစ်ခင်ခြင်းကို အလို ရှိသည်၏အဖြစ်ကြောင့်။ ပဂ္ဂယှဝစနံ၊ ချီးမြှောက်၍ပြောဆိုကြောင်း စကားကို။ စာဋ္ဌုကမျတာတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

မုဂ္ဂသူပျတာယာတိတေံ၊ ဟူသော ဤသဒ္ဒါသည်။ မုဂ္ဂသူပသမာနာယ၊ ပဲနောက်ဟင်းနှင့်တူသော။ သစ္စာလိကေန၊ မှန်သောစကား, မမှန်သောစကား ဖြင့်။ ဇီဝိတကပ္ပနာယ၊ အသက်မွေးမှုကို ပြုခြင်းကို။ အဓိဝစနံ၊ ဟောသော သဒ္ဒါတည်း။ ဟိ၊ ချဲ။ မုဂ္ဂသူပေ၊ ပဲနောက်ဟင်းကို။ ပစ္စန္တေ၊ ချက်အပ်သော်။ (ချက်ရာအခါ၌။) ဗဟူ၊ များစွာကုန်သော။ မုဂ္ဂါ၊ ပဲနောက်တို့သည်။ ပါကံ၊ ကျက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ကောကာ၊ အနည်းငယ်ကုန်သော၊ (မုဂ္ဂါ ပါကံ) နဂစ္ဆန္တိ ယထာ၊ မရောက်ကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအဟူသာလျှင်။ သစ္စာလိကေန၊ မှန်သောစကား, မမှန်သောစကားဖြင့်။ ဇီဝိတကပ္ပကေ၊ အသက်မွေးမှုကို ပြုတတ်သော။ ပုဂ္ဂလေ၊ ၌။ ဗဟု၊ များစွာသော စကားသည်၊ အလိကံ၊ ချွတ်ချော်သည်။ ဟောတိ၊ ၏။ အပ္ပကံ၊ အနည်းငယ်သော စကား

စာဋ္ဌုကမျတာ။ ။စဋ္ဌဓာတ်သည် ဘေဒနအနက်ကိုဟော၏၊ ဏု—ပစ္စည်းဖြင့် "စာဋ္ဌု" ဟု ပြီး၏၊ "အမနုညဘာဝံ၊ မနှစ်သက်ဘွယ်၏ အဖြစ်ကို၊ စဋ္ဌတိ ဘိန္ဒတိ၊ ချက်တတ်၏" ဟု ဓာတွတ္တသင်္ဂဟ၌ ငိုဂ္ဂဟပြု၍ နှစ်သက်ဘွယ်ကို အရကောက်၏၊ စာဋ္ဌုံ၊ သူတပါးတို့၏ နှစ်သက်ဘွယ်ကို၊ ကာမေတီတိ စာဋ္ဌုကာမော၊ (ဒကာ ဒကာမတို့နှင့် စကား ပြောသော အခါ နှစ်သက်ဘွယ်ကိုသာ ပြောဘို့ရန် လိုလားသူ။) စာဋ္ဌုကာမဿ + ဘာဝေါ စာဋ္ဌုကပျံ။ ဏျပစ္စည်း, ကာဋ္ဌရဿပြု "နှစ်သက်ဘွယ်ကိုသာ ပြောဆိုသတ်သူ၏ ဖြစ်ကြောင်း ဖြစ်ရာ" ဟူသည် ဒကာ ဒကာမတို့ [illegible] အောင် ပြောက်ပင်၍ပြောဆိုကြောင်းစကား တည်း။

သည်။ သစ္စံ၊ မှန်သည်။ ဟောတိ။ ဝါ၊ တနည်းကား။ မုဂ္ဂသူပဿ၊ ပဲနောက်ဟင်း၏။ အပ္ပဝိသနဌာနံနာမ၊ မဝင်နိုင်ရာ ထမင်းပွဲမည်သည်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ သစ္စာလိကဝုတ္တိနော၊ မှန်သောစကား, မမှန်သောစကားဖြင့် အသက်မွေးလေ့ရှိသော။ ပုဂ္ဂလဿ၊ ၏။ အပ္ပဝိဋ္ဌဝါစာနာမ၊ မဝင်အပ်, မဝင်နိုင်သော စကားမည်သည်။ (မပြောနိုင်သော စကားမည်သည်။) နတ္ထိ၊ မရှိ။ သိဿ်ာဋ္ဌကံ၊ လမ်းဆုံလမ်းခွသည်။ (ဓာရာယ၊ ထိုထိုလမ်းမှလာသော ရေအယဉ်၏။ ပတိဋ္ဌာ၊ တည်ရာသည်။ ဟောတိ) ဝိယ၊ ဖြစ်သကဲ့သို့။ (တထာ၊ ထို့အတူ။) ဣစ္ဆိတိစ္ဆိတဓာရာယ၊ အလိုရှိအပ်, အလိုရှိအပ်သော စကားအယဉ်၏။ ပတိဋ္ဌာ၊ တည်ရာသည်။ ဟောတိ။ တေန၊ ထို့ကြောင့်။ အဿ၊ ထိုသစ္စာလိကဝုတ္တိပုဂ္ဂိုလ်၏။ သာ မုသာဝါဒိတာ၊ ထိုမဟုတ်မမှန်သောစကားကို ပြောဆိုလေ့ရှိသူ၏အဖြစ်ကို။ မုဂ္ဂသူပျတာတိ၊ ဟူ၍။ ဝုတ္တာ၊ ပြီ။

ပါရိဘဋ္ဌျတာတိ၊ ကား။ ပရိဘဋ္ဌကမ္မဘာဝေါ၊ ဒါယကာ ဒါယိကာမတို့၏ ကလေးတို့ကို ချီပွေ့မွေးမြူတတ်သူ၏ အလုပ်၏အဖြစ်တည်း။ ဟိ၊ ခဲ့။ ပရိဘတဿ။ ကလေးတို့ကို ချီပွေ့မွေးမြူတတ်သော ပုဂ္ဂိုလ်၏။ ကမ္မံ၊ အလုပ်တည်း။ ပါရိဘဋ္ဌံ၊ ကလေးတို့ကို ချီပွေ့မွေးမြူတတ်သောပုဂ္ဂိုလ်၏ အလုပ်။ တဿ၊ ထို

မုဂ္ဂသူပျတာ။ ။၂-နည်းဖွင့်ရာ၌ ပဋမနည်း၏ အဓိပ္ပါယ်ကို ခုဒ္ဒသိက္ခာဘာသာဋီကာ မိစ္ဆာဇီဝ ဝိဝဇ္ဇနနိဒ္ဒေသဉ်ရေးခဲ့ပြီ၊ ယထာ ဝါ စသည်တက်သော ဒုတိယနည်း အလိုအားဖြင့် ကား "မုဂ္ဂသူပေါဝိယာတိ+မုဂ္ဂသူပျော" ဟု ဝိဂ္ဂိုဟ်ပြု၍ အမှန် အမှား စကားအမျိုးမျိုးဖြင့် အသက် မွေးလေ့ရှိသောပုဂ္ဂိုလ်ကို အရကောက်ပါ၊ ပဲနောက်ဟင်းသည် အလုံးစုံသော အာဟာရနှင့် လိုက်လျောသောကြောင့် မပါဝင်နိုင်သော ထမင်းပွဲမည်သည် မရှိသကဲ့သို့, ထို့အတူ သစ္စအလိကဖြင့် အသက်မွေးသောပုဂ္ဂိုလ်၏ မဝင်အပ် မဝင်နိုင်သော မပြောနိုင်သော စကားမည်သည် မရှိ၊ အမှားကိုလည်း ပြောနိုင်, အမှန်ကိုလည်း ပြောနိုင်၏-ဟူလို။ လမ်းဆုံ လမ်းခွသည် လမ်းအမျိုးမျိုးမှလာသော ရေအယဉ်၏ တည်ရာဖြစ်သကဲ့သို့, မုဂ္ဂသူပျပုဂ္ဂိုလ်သည်လည်း ပြောဆိုအပ်တိုင်းသော စကားအယဉ်၏ တည်ရာ ဖြစ်နိုင်သည်၊ ထို့ကြောင့် မုသားများများ ပြောလေ့ရှိသူကို "မုဂ္ဂသူပျတာ" ဟု ဆိုသည်။

သိဿ်ာဋ္ဌကံ ဝိယ ပတိဋ္ဌာ။ ။လမ်းဆုံ လမ်းခွသည် စီးလာသော ရေအယဉ်၏ တည်ရာဖြစ်သကဲ့သို့, ထို့အတူ သစ္စာလိကဝုတ္တိ ပုဂ္ဂိုလ်သည်လည်း အလိုရှိအပ်, အလိုရှိအပ်သော စကားအယဉ်၏ တည်ရာဖြစ်နိုင်သည်၊ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ, အလိုရှိရာစကားကို ပြောနိုင်သည်ကို ဣစ္ဆိတိစ္ဆိတဓာရာ၏ တည်ရာဖြစ်နိုင်၏ဟု ဆိုလိုသည်၊ ထို့ကြောင့် သိဿ်ာဋ္ဌကသည် တည်ဟက်သောဌာနိ မဟုတ်, တည်ရာဌာနသာ ဖြစ်သကဲ့သို့, သစ္စာလိကပုဂ္ဂိုလ်သည်လည်း ပြောလိုသော စကားအယဉ်၏ တည်ရာသာ ဖြစ်နိုင်သည်။ ပုဂ္ဂိုလ်က စကားအယဉ်၌ တည်သည်မဟုတ်၊ ထို့ကြောင့် "ပတိဋ္ဌာတိ" ဟု မရှိရ "ပတိဋ္ဌာ" ဟုသာ ရှိသင့်သည်။

ကလေးတို့ကိုချီပ့ေ မွေးမြူတတ်သောပုဂ္ဂိုလ်၏အလုပ်၏။ ဘာဝေါ၊ဖြစ်ကြောင်း ဖြစ်ရာသည်။ ပါရိဘဋ္ဌာတာ၊ မည်၏။ ဧတံ၊ဤပါရိဘဋ္ဌာတာဟူသောသဒ္ဒါသည်။ အလက်ာရကရဏာဒီဟိ၊ တန်ဆာဆင်မှုကို ပြုပေးခြင်း အစရှိသည်တို့ဖြင့်။ ဒါရကကီဋ္ဌာပနဿ၊ ဒါယကာ ဒါယိကာမတို့၏ ကလေးတို့ကို မြူးပျော်စေ တတ်သောပုဂ္ဂိုလ်ကို။ အဓိဝစနံ၊ ဟောသောသဒ္ဒါတည်း။[ဤအဓိပ္ပါယ်ကိုလည်း ခုဒ္ဒသိက္ခာဘာသာဋီကာ၌ ပြခဲ့ပြီ။သို့သော် ပုဒ်နေချင်းကား အနည်းငယ်ကွဲ၏။]

ဇယ်ပေသနိကန္တိ၊ ကား။ ဂါမန္တရဒေသန္တရာဒီသု၊ တပါးသောရွာ, တပါး သောအရပ်အစရှိသည်တို့၌။ တေသံတေသံ ဂိဟီနံ၊ ထိုထိုလူတို့၏။ သာသနပဋိ သာသနဟရဏံ၊ နှုတ်မှာစကားကို ဆောင်ပို့ခြင်း, အပြန် နှုတ်မှာစကားကို ဆောင်ယူခြင်းတည်း။ ဟိ၊ ခဲ့။ ဣဒံ ဇယ်ပေသနိကံနာမ၊ ဤဇယ်ပေသနိကမည် သည်။ အတ္တနော၊ ၏။ မာတာပိတူနံ၊ တို့၏ငှင်း။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ အဿ၊ ထိုဇယ်ပေသနိကပုဂ္ဂိုလ်၏။ မာတာပိတရော၊ တို့ကို။ ဥပဋ္ဌဟန္တိ၊ ပြုစု လုပ်ကျွေးကြကုန်၏။ တေသံစ၊ထိုမိဘတို့ကိုပြုစုလုပ်ကျွေးသောပုဂ္ဂိုလ်တို့၏ငှင်း။ သာသနံ၊ နှုတ်မှာစကားကို။ ဂဟေတွာ၊ ၍။ ကတ္ထစိ၊ တစုံတခုသော အရပ်သို့။ ဂမနဝသေန၊ သွားခြင်း၏အစွမ်းဖြင့်။ ဝဋ္ဌတိ၊ အပ်၏။ စေတိယဿဝါ၊ စေတီ တော်၏သော်ငှင်း။ သံဃဿဝါ၊ ၏သော်ငှင်း။ အတ္တနော၊ ၏။ ကမ္မံ၊အလုပ်ကို။ ကရောန္တာနံ၊ ပြုကုန်သော။ ဝစုကီနမ္ပိဝါ၊ လက်သွားတို့၏သော်ငှင်း။ [ပိသည် ဂရဟာဇောတက။] သာသနံ၊ ကို။ ဟရိတုံ၊ ဆောင်ယူခြင်းငှါ။ ဝဋ္ဌတိ၊ ၏။ မနုဿာ၊ တို့သည်။ ဒါနံ၊ အလှူကို။ ဒဿာမ၊ ပေးလှူပါကုန်အံ့။ ပူဇံ၊ပူဇော်မှု ကို။ ကရိဿာမ၊ ပြုပါကုန်အံ့။ ဘိက္ခုသံဃဿ၊ ရဟန်းအပေါင်းအား။ အာစိက္ခ- ထ၊ ပင့်လျှောက်ပေးပါကုန်။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ လျှောက်တတ်ကြကုန်၏။ အသုကတ္ထေရဿနာမ၊ ထိုမည်သောထေရ်အား။ ဒေထ ပေးလှူပါကုန်။ ဣတိ၊ ဤသို့မှာ၍။ ပိဏ္ဍပါတံဝါ၊ ကိုသော်ငှင်း။ ဘေသဇ္ဇံဝါ၊ ငှင်း။ စီဝရံဝါ၊ ငှင်း။ ဒေန္တိ၊ ပေးလှူတတ်ကြကုန်၏။ ဝိဟာရေ၊ ၌။ ပူဇံ၊ ပူဇော်မှုကို။ ကရောထ၊ ပြုကြပါကုန်။ ဣတိ၊ ဤသို့မှာ၍။ မာလာဂန္ဓဝိလေပနာဒီနိဝါ၊ အစရှိသည်တို့ ကိုသော်ငှင်း။ ဓဇပဋာကာဒီနိဝါ၊ တံခွန် ကုက္ကား အစရှိသည်တို့ကိုသော် ငှင်း။ နိယျာတေန္တိ၊ ကုန်၏။ သဗ္ဗံ၊ အလုံးစုံကို။ ဟရိတုံ၊ ငှါ။ ဝဋ္ဌတိ၊ ၏။ ဇယ်ပေသနိကံနာမ၊ သလုံးမြင်းခေါင်းဖြင့် အစေအပါးခံခြင်း မည်သည်။ န ဟောတိ၊ မဖြစ်။ သေသာနံ၊ ကြွင်းသောပုဂ္ဂိုလ်တို့၏။ သာသနံ၊ကို။ ဂဟေတွာ၊ ၍။ ဂစ္ဆန္တဿ၊ သွားသောရဟန်း၏။ ပဒဝါရေ ပဒဝါရေ၊ တိုင်း၌။ ဒေါသော၊ ဒုက္ကဋ္ဌအာပတ်အပြစ်သည်။(ဟောတိ။)[ဤဇယ်ပေသနပုဒ်၏ ရှင်ပြီးပုံကို ခုဒ္ဒ သိက္ခာဘာသာဋီကာ၌ ပြခဲ့ပြီ။ လိုရင်းအဓိပ္ပါယ်တူသော်လည်း အကျယ်ချဲ့ပုံမှာ တမျိုးစီဖြစ်၏။]

အညတရညတရေနာတိ၊ ကား။ ဧတေသံ ဝေဋ္ဌဒါနာဒီနံ၊ ဤ ဝေဋ္ဌဒါန အစရှိသည်တို့တွင်။ အညတရညတရေနဝါ၊ အမှတ်မထား တပါးပါးသော မိစ္ဆာဇီဝဖြင့်သော်ငုင်း။ ဝေဇ္ဇကမ္မ ဘဏ္ဍာဂါရိကကမ္မံ၊ ဆေးကုမ္ပ, ဘဏ္ဍာ တိုက်စိုးအမှုငုင်း။ [ဝတ်စားတန်ဆာ ဘဏ္ဍာ ရွှေငွေတို့ကို မိမိအထံသို့ အပ်နှံထားသည်ကို လက်ခံ၍ သိမ်းဆည်းပေးမှုကို ဘဏ္ဍာဂါရိကကမ္မ ဟု ဆိုသည်။] ပိဏ္ဍ ပဋိပိဏ္ဍကမ္မံ၊ နောက်ထပ် ဆွမ်းရခြင်းအကျိုးငှါ ရှေးဦးစွာဖြစ်သော ဆွမ်းကိုပေးမှုငုင်း။ (တနည်း) ပိဏ္ဍ ပဋိပိဏ္ဍကမ္မံ၊ မိမိ၏ဆွမ်းကို ပေးပြီး၍ ဒါယကာတို့ ပြန်၍လှူအပ်သောဆွမ်းကို ယူမှုငုင်း။ သံဃုပ္ပါဒ စေတိယုပ္ပါဒပဋ္ဌ-ပနကမ္မံ၊ သံဃာဘို့ဖြစ်သောပစ္စည်း,စေတီတော်ဘို့ဖြစ်သော ပစ္စည်းကို မသင့်မလျော်ဖြစ်စေခြင်းငုင်း။ [ဥပဋ္ဌာပနဟု မရှိရ,ဋီကာ၌ ပဋ္ဌပနဟု ရှိသည်။] ဣတိ၊ သို့။ ဝေရူပါနံ၊ ကုန်သော။ မိစ္ဆာဇီဝေန၊ သူတော်ကောင်းတို့၏ အလုပ်မဟုတ်သောမှားယွင်းသောအသက်မွေးမှုဖြင့်။ ဇီဝိတကပ္ပနကကမ္မာနံ၊ အသက်မွေးမှုကို ပြုကြောင်း အလုပ်တို့တွင်။ ယေန ကေနစိဝါ၊ အမှတ်မထား တပါးပါးသော အလုပ်ဖြင့်သော်ငုင်း။ ဗုဒ္ဓပဋိကုဋ္ဌေနာတိ၊ ကား။ ဗုဒ္ဓေဟိ၊ ဘုရားရှင်တို့သည်။ ဂရဟိတေန၊ ကဲ့ရဲ့တော်မူအပ်သော။ ပဋိသိဒ္ဓေန၊ တားမြစ်တော်မူအပ်သော။ (မိစ္ဆာဇီဝေန၌စပ်။) အယံဝုစ္စတီတိ၊ ကား။ သဗ္ဗောပိ၊ အလုံးစုံလည်းဖြစ်သော။ အယံ၊ ဤအကျင့်ကို။ အနာစာရောနာမ၊ အနာစာရမည်၏ ဟူ၍။ ကထိယတိ၊ ဆိုအပ်၏။ အာစာရနိဒ္ဒေသော၊ ကို။ ဝုတ္တပဋိပက္ခနယေနေဝ၊ ဟောတော်မူအပ်ပြီးသော အနာစာရ၏ ဆန့်ကျင်ဘက်နည်းအားဖြင့်သာလျှင်။ ဝေဒိတဗ္ဗော၊၏။

၅၁၄။ ဂေါစရနိဒ္ဒေသေပိ၊ ဂေါစရနိဒ္ဒေသ၌လည်း။ [ဂေါစရပုဒ်၏ ဝစနတ္ထကို ဋီကာ၌ ရှုပါ။] ပဋမံ၊ ဂေါစရ၏ ရှေးဦးစွာ။ အဂေါစရဿ၊ အဂေါစရကို။ ဝစနေ၊ ဟောတော်မူခြင်း၌။ ကာရဏံ၊ အကြောင်းကို။ ဟေဋ္ဌာ၊ အောက်၌။ (အာစာရ ဂေါစရနိဒ္ဒေသ၌။) ဝုတ္တနယေနေဝ၊ ဖြင့်ပင်။ဝေဒိတဗ္ဗံ၊ ၏။ စ၊ ဆက်။ ဧတ္ထ၊ ဤဂေါစရနိဒ္ဒေသ၌။ ဂေါစရောတိ၊ ကား။ ပိဏ္ဍပါတာဒီနံ၊ ဆွမ်း အစရှိသောပစ္စည်းတို့၏။ အတ္ထာယ၊ ငှါ။ ဥပသင်္ကမိတုံ၊ ချဉ်းကပ်ခြင်းငှါ။ ယုတ္တဋ္ဌာနံ၊ သင့်သောအရပ်သည်။ ဂေါစရော၊ မည်၏။ (ပိဏ္ဍပါတာဒီနံ အတ္ထာ-ယ ဥပသင်္ကမိတုံ။) အယုတ္တဋ္ဌာနံ၊ မသင့်သောအရပ်သည်။ အဂေါစရော၊မည်၏။ အဿ၊ ထိုရဟန်း၏။ ဝေသိယာ၊ ပြည့်တန်ဆာမ ဟူသော။ ဂေါစရော၊ ကျက်စားရာအရပ်သည်။(အတ္ထိ)။ဣတိ၊ကြောင့်။ (ထိုသို့ပြည့်တန်ဆာပဟူသော ကျက်စ းရာရှိသည်၏အဖြစ်ကြောင့်။ သော၊ သည်။) ဝေသိယာဂေါစရော၊ မည်၏။မိတ္တသန္ထဝ ဝသေန၊ မိတ်ဆွေ၏အဖြစ်ဖြင့် အချင်းချင်. ချီးမွမ်းခြင်း၏ အစွမ်းဖြင့်။ ဝါ၊ မိတ်ဆွေဖွဲ့ခြင်း၏ အစွမ်းဖြင့်။ ဥပသင်္ကမိတဋ္ဌာနံ၊ချဉ်းကပ်အပ်သော အရပ်ကည်း။ ဣတိအတ္ထော၊ နက်။

တတ္ထ၊ ထိုဝေသီယာဂါစရောဟူသော ဒေသ၌။ ဝေသိ ယာနာမ၊ ဝေသီယာ တို့မည်သည်။ ယေနကေနစိဒေဝ၊ တစုံတခုသော အာမိသဖြင့်ပင်။ သုလဘဏ္ဍာ စာရာ၊ လွယ်ကူစွာရအပ်သော လွန်ကျူးမှု ဒုက္ကဋ်သော။ (လွန်ကျူးဘို့ရန် လွယ်ကူကုန်သော။) ရူပူပဓိဝိနိယော၊ ရူပ်အဆင်းကိုမှီ၍အသက်မွေးခြင်းရှိသော ပြည့်တန်ဆာမတို့ဟည်း။ တာ၊ ထိုပြည့်ကန်ဆာမတို့သို့။ မိတ္တာသန္ထဝ သိနေဟ ဝေသန၊ မိတ်ဖွဲ့ခြင်းဟူသော ချစ်ခင်ခြင်း၏ အစွမ်းဖြင့်။ ဥပသင်္ကမန္တော၊ ချဉ်းကပ်သောရဟန်းသည်။ ဝေသိယာ ဂါစရော နာမ၊ ဝေသိယာဂါစရ မည်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့မိတ္တာသန္ထဝသိနေဟ၏အဖြစ်ဖြင့်ချဉ်းကပ် သောရဟန်း၏ ဝေသိယာဂါစရ မည်သည်ကြောင့်။ ဝေ၊ ဤသို့။ ဥပ သင်္ကမိတုံ၊ ချဉ်းကပ်ခြင်းငှါ။ နော ဝဋ္ဋတိ၊ မသင့်။ ကိံ ကာရဏာ၊ အဘယ် အကြောင်းကြောင့်။ (ဧဝံ ဥပသင်္ကမိတုံ နော ဝဋ္ဋတိ။) အာရက္ခဝိပတ္တိတော၊ စောင့်ရှောက်ခြင်း၏ ပျက်စီးခြင်းကြောင့်။ (ဧဝံ ဥပသင်္ကမိတုံ နဝဋ္ဋတိ။) ဟိ၊ ခဲ့။ ဝေ၊ ဤသို့။ ဥပသင်္ကမန္တာဿ၊ ချဉ်းကပ်သောရဟန်း၏။ စိရံ၊ ကြာမြင့်စွာ။ ရက္ခိတာ ဂေါပိတော၊ စောင့်ရှောက်အပ် လုံခြုံစေအပ်သည်။ (သမာနော) ပိ၊ ဖြစ်ပါ သော်လည်း။ သမဏဓမ္မော၊ သည်။ ကတိပါဟေနေဝ၊ အနည်းငယ်သောရက် ဖြင့်သာ။ နဿတိ၊ ပျက်စီးတတ်၏။ သဧပိ နော နဿတိ၊ အကယ်၍မူလည်းမပျက် စီးစေဦးတော့။ (ဧဝံသတိပိ၊ ဤသို့မပျက်စီးပါသော်လည်း။) ဂရဟံ၊ ကဲ့ရဲ့ ခြင်းကို။ လဘတိ၊ ရတတ်၏။ [ပြည့်တန်ဆာမအိမ်သို့ သွားသည်ဟု ကဲ့ရဲ့ခံရ တတ်သည် ဟူလို။] ပန၊ ဆက်။ ဒက္ခိဏာဝေနေန၊ အလှူ၏အစွမ်းဖြင့်။ ဝါ၊ အလှူနှင့်စပ်သဖြင့်။ ဥပသင်္ကမန္တေန၊ ချဉ်းကပ်သောရဟန်းသည်။ သတိံ၊သတိ ကို။ ဥပဋ္ဌာပေတွာ၊ စွဲကပ်တည်နေစေ၍။ ဥပသင်္ကမိတဗ္ဗံ၊ ချဉ်းကပ်ရာ၏။

မိတ္တာသန္ထဝ။ ။သန္ထဝ၌ သံ+ထုဓာတ်သည် အဘိတ္ထဝ (ချီးမွမ်းခြင်း) အနက် ဟောတည်း။ သဟ၊ အတူတကွ။ ဝါ၊ အချင်းချင်း။ ထုနုံ၊ စကားစပြည်ပြောလျက် ချီးမွမ်းခြင်းတည်း။ သန္ထဝေါ၊ ခြင်းမတယောက်တယောက်ကိုချီးမွမ်းစကားပြော၍ မိတ်ဆွေ အဖြစ်ဖြင့် ရင်းရင်းနှီးနှီး ဆက်ဆံခြင်းကို "မိတ္တာသန္ထဝ" ဟု ဆိုသည်၊ မိတ္တာဘာဝေန+ သန္ထဝေါ=မိတ္တာသန္ထဝေါ။

သုလဘဏ္ဍာစာရာ။ ။သုခေန+လဘိတဗ္ဗောတိ=သုလဘော+သုလဘော+အဏ္ဍာစာ ရော ယာသူတိ=သုလဘဏ္ဍာစာရာ၊ "ရူပူပဇီဝိနိယော" နှင့် အရာ၏၊ စာအုပ်တို့၌ သုလ-ဘဏ္ဍာစာရ ဟု ရှိယောကြောင့် တဝါကျ ဟု မယူဆဘဲ နောက်ဝါကျနှင့် တဆက်တည်း အဖြစ်ဖြင့် သုလဘဏ္ဍာစာရတာဟု ဘွဲ့ရ၏။ ပါဠိပျက်တည်း၊ ယောဇနာဒ္ဒ်လည်း ထိုပါဠိ ကိုပင် သိနေဟဝဓာနနှင့် ကပုဒ်တည်း ကြံ၍ ဇိဂြိဟ်ပြုလေ၏၊ ထိုယောဇနာအဖွင့်၏ မသင့်ကြောင်းကို "ဝေသိယာတိ ဒုကာဒိသ ကိဒ္ဓိကွ ဟေမွဓါနာဒိနာ သုလဘဏ္ဍာစာရာ ရူပူပ ဇီဝိကာ ဂဏ္ဍိယော" ဟူသော ဝိနယ မဟာဝဂ္ဂ မဟာခန္ဓက အညတိတ္ထိယ ပုဗ္ဗဝတ္ထုကထာကို ထောက်၍ သိပါ။

မတပတိကာဝါ၊ သေပြီးသောလင်ရှိသော မိန်းမတို့ကိုရင်း။ ပဝုတ္ထပတိကာဝါ၊ ကွဲကွာနေသောလင်ရှိသော မိန်းမတို့ကိုရင်း။ ဝိဓဝါ၊ ဝိဓဝါတို့ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။[ဤပုဒ်၏အဓိပ္ပါယ်ကို ဝိနယ မဟာဝဂ္ဂဘာသာဋီကာ၌ ရှုပါ။ နောက်ပုဒ်များ၌လည်း နည်းတူ။]ထုလ္လကုမာရိယောတိ၊ ကား။ မဟလ္လိကာ၊ ကြီးရင့်ကုန်သော။ အနိဝိဒ္ဓကုမာရိယော၊ ယောကျ်ားတပါး မသွားလာအပ်, မဖောက်ထွင်းအပ်သော အပျိုစင်တို့တည်း။ [ဤ အဋ္ဌကထာ၌ ထုလ္လသဒ္ဒါသည် မဟလ္လိက အနက်ဟောတည်း။]

ပဏ္ဍကာတိ၊ ကား။ လောကာမိသ နိဿိတကထာ ဗဟုလာ၊ များသောကာမဂုဏ်တည်းဟူသော လောကာမိသကို မှီသောစကားရှိကုန်သော။ ဥဿန္ဓကိလေသာ၊ များသောကိလေသာ ရှိကုန်သော။အဝူပသန္တပရိဋ္ဌာဟာ၊ မငြိမ်းအေးသော ကိလေသာအပူရှိကုန်သော။ နပုံသကာ၊ နပုံပဏ္ဍုက်တို့တည်း။သဗ္ဗသမ္ပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တေသံ၊ ထို ဝိဓဝါ အစရှိသူတို့သို့။ဥပသက်မနေ၊ ချဉ်းကပ်ခြင်း၌။ အာဒီနဝေါ၊ အပြစ်ကို။ ဝုတ္တနယေနေဝ၊ ဝေသိယာဂေါစရ၌ ဆိုအပ်ပြီးသောနည်းဖြင့်ပင်။ ဝေဒိတဗ္ဗော၊ ၏။ ဘိက္ခုနီသုပိ၊ တို့၌လည်း။ ဧသေဝနယော၊ တည်း။ အပိစ၊ သည်သာကေသေး။ ဘိက္ခူနာမ၊ ဘိက္ခုတို့မည်သည်။ ဥဿန္ဓဗြဟ္မစရိယာ၊ များသော မြတ်သော အကျင့်ရှိကုန်သည်။ ဟောန္တိ။ ဘိက္ခုနိယော၊ ဘိက္ခုနီတို့သည်။ တထာ၊ ထို့အတူတည်း။ တေ၊ ထို ဘိက္ခုနီ ဘိက္ခုတို့သည်။ အညမညံ၊ အချင်းချင်း။ သန္ထဝဝသေန၊အတူတကွ ချီးမွမ်းခြင်း၏အစွမ်းဖြင့်။ ဝါ၊ ပေါင်းသင်းဆက်ဆံခြင်း၏ အစွမ်းဖြင့်။ ကတိပါဟေနေဝ၊ အနည်းငယ်သောရက်ဖြင့်ပင်။ ရက္ခိတဂေါပိတ သဏေမွေံ၊ စောင့်ရှောက်အပ်, လုံခြုံစေအပ်သော ရဟန်းတရားကို။ နာသေန္တိ၊ ပျက်စီးစေနိုင်ကုန်၏။ [ဤသို့ဖြစ်လျှင် ဘိက္ခုနီသြဝါဒ သိက္ခာပုဒ်အရ အဘယ်သို့ ပြုကျင့်ရမည်နည်းဟု မေးဘွယ်ရှိသောကြောင့် ဂိလာနပုစ္ဆကေန ပန စသည်မိန့်။] ဒန၊ ဆက်။ ဂိလာနပုစ္ဆကေန၊ ဂိလာနဘိက္ခုနီကို မေးလိုသောရဟန်းသည်။ ဂန္တုံ၊ ဝါ။ ဝဋ္ဌကိ၊ သင့်၏။ ဘိက္ခုနာ၊ သည်။ ပုပ္ပါနိ၊ ပန်းတို့ကို။ လဘိတွာ၊ ၍။ ပူဇန

အနိဝိဒ္ဓကုမာရိယော ။ ။ထုလ္လကုမာရီ၏ အဓိပ္ပါယ်ကို ဝိနယမဟာဝဂ္ဂ ဘာသာဋီကာ၌ ပြခဲ့ပြီ၊ အိန္ဒိယ၌ လက်ထပ်မင်္ဂလာ ပြုရာညဝယ် ထိုလတို့သို့၏ ရှေးက ယောကျ်ားတပါးနှင့် မှားယွင်းဘူးသည် မမှားယွင်းဘူးသည်ကို သိသို့ရန် စုံစမ်းသော အလေ့အထ ရှိသတတ်၊ ထို့ကြောင့် ယောကျ်ားတပါးသည် မဖောက်ထွင်းအပ် မသွားလာအပ်သော အပျိုစင်ကို "အနိဝိဒ္ဓ ကုမာရီ"ဟု ခေါ်သည်၊ နိဝိဇ္ဈိတ္လ-ဖောက်ထွင်း အပ်ဘူးပြီ။ဤတိ၊ နိဝိဒ္ဓါ။ နု+နိဝိဒ္ဓါ= အနိဝိဒ္ဓါ။ ဤအဓိပ္ပါယ် အရ "အနိဝိဒ္ဓ ကုမာရိယော"ဟူသော ရှေးပါဋ္ဌသာ အပုန်တည်း၊ "အနိဝိဒ္ဓ"ဟု ဂိသဓာတ်ဖြင့် ပြင်၍ "အိမ်ထောင်ရှင်အဖြစ်သို့ မသွင်းအပ်သေးသော အပျိုဟု အနက်ဟောကြသည်ကို [illegible]

တ္ထာယပိ၊ ပူဇော်ခြင်းအကျိုးငှါငုင်း။ ဩဝါဒဒါနတ္ထာယပိ၊ ဩဝါဒပေးခြင်း အကျိုးငှါငုင်း။ ဂန္တုံ၊ ငှါ။ ဝဋ္ဌတိယေဝ၊ သင့်သည်သာ။

ပါနာဂါရန္တိ၊ ကား။ သုရာပါနဃရံ၊ သေရည်ကို သောက်ရာ အိမ်တည်း။ ဝါ၊ သေရည်အရက်ဆိုင်တည်း။ တံ၊ ထို သေရည်သောက်ရာ အိမ်သည်။ ဝါ၊ သေရည်အရက်ဆိုင်သည်။ ဗြဟ္မစရိယန္တရာယကရေဟိ၊ ဗြဟ္မစရိယ၏ အန္တရာယ်ကို ပြုတတ်ကုန်သော။ သုရာသောဏ္ဍေဟိ၊ သေသောက်ကြူးတို့မှ။ အဝိဝိတ္တံ၊ မကင်းဆိတ်သည်။ ဟောတိ။ တတ္ထ၊ ထိုသေရည်သောက်ရာအိမ်၌။ တေဟိ၊ ထိုသေသောက်ကြူးတို့နှင့်။ သဒ္ဓိံ၊ တက္ဒ။ သဟသောဏ္ဍဝသေန၊ အတူတက္ဒ သေသောက်ကြူး၏အဖြစ်ဖြင့်။ ဝါ၊ အတူတက္ဒ သေသောက်ဖက်၏အဖြစ်ဖြင့်။ ဥပသက်မိတုံ၊ ချဉ်းကပ်ခြင်းငှါ။ နဝဋ္ဌတိ၊ မသင့်။ ဗြဟ္မစရိယန္တရာယော၊ ဗြဟ္မစရိယ၏အန္တရာယ်သည်။ ဟောတိ၊ ဖြစ်တတ်၏။

သံသဋ္ဌော ဝိဟရတိ ရာဇူဟိတိအာဒီသု၊ အစရှိသောပါဋ္ဌိရပ်တို့၌။ (အတ္ထောဧဝံ ဝေဒိတဗ္ဗော။) အဘိသိတ္တာဝါ၊ အဘိသိက်သွန်းအပ်ပြီးသော မင်းတို့သည်မူလည်း။ ဟောန္တု၊ ဖြစ်စေကုန်။ အနဘိသိတ္တာဝါ၊ အဘိသိက်မသွန်းအပ်သော မင်းတို့သည်မူလည်း။ (ဟောန္တု)။ ယေ၊ အကြင်မင်းတို့သည်။ ရဇ္ဇံ၊ တိုင်းပြည်ကို။ အနုသာသန္တိ၊ သွန်သင်ကြကုန်၏။(အုပ်ချုပ်ကြကုန်၏။) (တေ၊ ထိုမင်းတို့သည်။) ရာဇာနောတိ၊ ရာဇာတို့မည်၏။ ရာဇမဟာမတ္တာတိ၊ ကား။ ရာဇူနံ၊ မင်းတို့၏။ ဣဿရိယသဒိသာယ၊အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ ရာထူးဌာနန္တရနှင့်တူသော။ မဟတိယာ၊ ကြီးစွာသော။ ဣဿရိယမတ္တာယ၊ အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ ရာထူးဌာနန္တရ အတိုင်းအရှည်နှင့်။ သမန္နာဂတာ၊ ပြည့်စုံသော အမတ်ကြီးတို့တည်း။ တိတ္ထိယာတိ၊ ကား။ ဝိပရီတဒဿနာ၊ ဖောက်ပြန်သော အမြင်ရှိကုန်သော။ ဗာဟိရပရိဗ္ဗာဇကာ၊သာသနာပ၌ဖြစ်သော ပရိဗိုဇ်တို့တည်း။ တိတ္ထိယသာဝကာတိ၊ ကား။ ဘတ္တိဝသေန၊ တိတ္ထိတို့ကို ဆည်းကပ်ခြင်း၏ အစွမ်းဖြင့်။ တေသံ၊ထို တိတ္ထိတို့၏။ ပစ္စယဒါယကာ၊ပစ္စည်းကိုပေးလှူသူတို့တည်း။ ဧဘေဟိ၊ ဤ ရာဇ အစရှိသည်တို့နှင့်။ သဒ္ဓိံ၊ တက္ဒ။ သံသဂ္ဂ

သဟသောဏ္ဍဝသေန။ ။ရှေ၌ သဒ္ဓိံ ပါပြီးဖြစ်သော်လည်း ထိုသဒ္ဓိံကို ဥပသက်မိတုံ၌ စပ်ရကား သောက်ဖော် သောက်ဖက် အဖြစ်မျိုး မဟုတ်သေး၊ ပါနာဃရ၌ အတူတက္ဒ ချဉ်းကပ်ရုံမျှသာဖြစ်သေး၏၊ သဟသောဏ္ဍကား သောက်ဖော် သောက်ဖက် အဖြစ်တည်း၊ ထို့ကြောင့် ရှေ၌ သဒ္ဓိံ ပါပြီးသော်လည်း သဟသဒ္ဓါ ထပ်၍ ပါနိုင်သည်၊ ဥပမာ-နောက်၌ ရာဇ ရာဇမဟာမတ္တေဟိ၊ သဒ္ဓိံ သဟသောကိတာ, သဟနန္ဒိတာပုဒ်တို့ငယ် သဒ္ဓိံ ဟုရှေ၌ ပါပြီးဖြစ်လျက် သဟသဒ္ဓါ ထပ်၍ ပါသကဲ့သို့တည်း၊ သောဏ္ဍ၏ သဒ္ဒတ္ထကို သီလကွန် ဘာသာဋီကာ သာမညဖလသုတ် သတိသမ္မဇညကထာ အဖွင့်၌ ပြကားပြီ။

ဇာတော၊ ဖြစ်သော ရောနှောခြင်းရှိသည်။ ဟောတိ၊ ၏။ ဣတိ အတ္ထော၊ နက်။ ["သံသဋ္ဌော ဝိဟရတိ ရာဇူဟိ။ပေ။တိတ္ထိယ သာဝကေဟိ" ဟု ပါဋ္ဌိတော်ရှိသော ကြောင့် ဧတေဟိအရ "ရာဇ အစရှိသည်တို့နှင့်" ဟု စွဲရသည်။]

အထဝါ၊ ထို့ပြင်တနည်းကား။ သဗ္ဗတ္တတာယာတိ၊ ကား။ သဗ္ဗေန၊ အလုံးစုံသော။ စိတ္တဘာဝေန၊ စိတ်၏အဖြစ်ဖြင့်။ ဤသကမ္ပိ၊ အနည်းငယ်မျှလည်း။ ဗဟိ၊ သတ္တဝါအပြင်ဘက်သို့။ အဝိကွိပမာနော၊ မပစ်လွှင့်ဘဲ။ ဝါ၊ မပြန့်လွှင့်စေဘဲ။ ဣတိ ဝုတ္တံ ဟောတိ။ [ဤနည်း၌ အတ္တသဒ္ဒါသည် စိတ်ဟူသောအနက်ကို ဟော၏။ မေတ္တာဖြန့်ရာ၌ စိတ်ကို ပြင်ဘက်အာရုံသို့ မပြန့်စေဘဲ အားလုံးအပေါ်၌ ဖြစ်သမျှစိတ်အားလုံးကို မေတ္တာဇောစိတ်ချည်းဖြစ်အောင် ဖြန့်သည်ဟူလို။] သဗ္ဗာဝန္တန္တိ၊ ကား။ သဗ္ဗသတ္တဝန္တံ၊ အလုံးစုံသော သတ္တဝါအပေါင်းရှိသော။ သဗ္ဗသတ္တယုတ္တံ၊ အလုံးစုံသောသတ္တဝါအပေါင်းနှင့်ယှဉ်သော။ (လောကံ၌စပ်။) ဣတိ အတ္ထော။ လောကန္တိ၊ ကား။ သတ္တလောကံ၊ သတ္တလောကကို။ (ဖရိတ္ဝာ ဝိဟရတိ၌စပ်။) ပန၊ ဆက်။ ဝိပုလေနာတိ။ ပေ။ ဒဿနတော၊ ဝိပုလေန ဤသို့အစရှိသော ပရိယာယ်ကို ပြခြင်းအားဖြင့်။ ဧတ္ထ၊ ဤအနောဓိသောမေတ္တာဖရဏကိုပြရာ၌။ ပုန၊ တဖန်။ မေတ္တာသဟဂတေနာတိ၊ ဟူ၍။ (ဘဂဝတာ) ဝုတ္တံ။ ဝါ၊ တနည်း။ ယသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤအနောဓိသောမေတ္တာဖရဏကို ပြရာ၌။ သြဓိသော၊ အပိုင်းအခြားအားဖြင့်။ ဖရဏေဝိယ၊ ဖြန့်ခြင်း၌ကဲ့သို့။ ပုန၊ တဖန်။ တထာသဒ္ဒေါဝါ၊ တထာသဒ္ဒါကိုငှင်း။ ဣတိသဒ္ဒေါဝါ၊ ဣတိသဒ္ဒါကိုငှင်း။ နဝုတ္တော၊ ဟောတော်မမူအပ်။ တသ္မာ၊ ကြောင့်။ ပုန၊ တဖန်။ မေတ္တာသဟဂတေန စေတသာတိ၊ ဟူ၍။ (ဘဂဝတာ)ဝုတ္တံ။ ဝါ၊ တနည်း။ နိဂမနဝသေန၊ နိဂုံး၏အဖြစ်ဖြင့်။ ဧတံ၊ ဤမေတ္တာသဟဂတေန စေတသာဟူသော စကားဇတာ်ကို။ (ဘဂဝတာ)ဝုတ္တံ။ [နိဂုံးဖြစ်သောကြောင့် "မေတ္တာသဟဂတေန"ဟု ထပ်နိုင်ပါသည်—ဟူလို။]

စ၊ ဆက်။ ဝိပုလေနာတိဧတ္ထ၊ ဟူသောဤပါဌ်၌။ ဖရဏဝသေန၊ ဖြန့်ခြင်း၏အစွမ်းဖြင့်။ ဝိပုလတာ၊ ကျယ်ပြန့်သည်၏အဖြစ်ကို။ ဒဋ္ဌဗ္ဗာ၊ ၏။ ပန၊ ဆက်။ ဘူမိဝသေန၊ ဘုံ၏အစွမ်းဖြင့်။ တံ၊ ထိုမေတ္တာသဟဂတစိတ်သည်။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်

ယသ္မာဝါဧတ္ထ။ ပေ။ ဝုတ္တံ။ ။သြဓိသော မေတ္တာဖရဏနည်း၌ "တထာ၊ထို့အတူ" ဟုငှင်း "ဣတိ၊ဤသို့" ဟုငှင်း ဟောလိုက်လျှင် မေတ္တာသဟဂတေန စေတသာကို ပြန်၍ ညွှန်ကြောင်းကို သိရ၏၊ ဤ အနောဓိသော ဖရဏ၌ ထိုကဲ့သို့ တထာသဒ္ဒါ ဣတိသဒ္ဒါကို ဟောတော် မမူသောကြောင့် "မေတ္တာသဟဂတေန စေတသာ" ဟု ထပ်၍ဟောတော်မူရသည်။

ဖြစ်၏။ (စျာန်ရသောအခါ မဟဂ္ဂုတ်ဖြစ်သည်။) ပဂုဏဝသေန၊ အဝါးဝစ္ဆာ လေ့လာခြင်း၏အစွမ်းဖြင့်။အပ္ပမာဏံ၊ အပိုင်းအခြားမရှိ။ သတ္တာရမ္မဏဝသေန စ၊သတ္တဝါဟူသောအာရုံ၏ အစွမ်းဖြင့်လည်း။အပ္ပမာဏံ၊ မရှိ။ ဗျာပါဒပစ္စတ္ထိက-ပဟာနေန၊ ဗျာပါဒဘည်းဟူသော ဆန့်ကျင်ဘက်ကို အလိုရှိသော ရန်သူကို ပယ်နိုင်ခြင်းကြောင့်။ အဝေရံ၊ ရန်မရှိ။ ဒေါမနဿပ္ပဟာနတော၊ ဒေါမနဿကို ပယ်ခြင်းကြောင့်။ အဗျာဗဇ္ဈံ၊ နှိပ်စက်တတ်သောစိတ်ဒုက္ခမရှိ။နိဒ္ဒုက္ခံ၊စိတ်ဒုက္ခ မရှိ။ ဣတိ ဝုတ္တံ ဟောတိ။အယံ၊ ဤဆိုအပ်ပြီးကား။ တာဝ၊ပဒဘာဇနီမှရှေးဦး စွာ၊ မေတ္တာ။ပေ။အာဒိနာ၊ အစရှိသော။ နယေန၊ဖြင့်။ ဌပိတာယ၊ သော။ မာတိကာယ၊ ၏။ အတ္ထော၊ တည်း။

၆၄၃။ ဣဒါနိ၊၌။ ကထဉ္စ။ပေ။အာဒိနာ၊ အစရှိသော။ နယေန၊ ဖြင့်။ဝုတ္တံ၊ ဟောတော်မူအပ်သော။ ယဒေတံ (ယံ+ဧတံ)ပဒဘာဇနီယံ၊ သည်။ (အတ္ထိ)၊ တတ္ထ၊ ထိုပဒဘာဇနီ၌။ (ဒဿေတုံ ဝုတ္တံ၌စပ်။)ယသ္မာ၊ ကြောင့်။ ဣဒံကမ္မဋ္ဌာနံ။ ဤမေတ္တာကမ္မဋ္ဌာန်းသည်။ ဒေါသစရိတဿ၊ ရှိသူအား။ သပ္ပါယံ၊လျောက်ပတ် ၏။ တသ္မာ၊ ကြောင့်။ ယထာရူပေ၊ အကြင်သို့သဘောရှိသော။ပုဂ္ဂလေ၊၌။အယံ မေတ္တာ၊ သည်။ အပ္ပနံ၊ အပ္ပနာသို့။ပါပုဏာတိ၊ ၏။မေတ္တာယ၊မေတ္တာ၏။ ဝတ္ထု-ဘူတံ၊ တည်ရာဖြစ်၍ဖြစ်သော။ တံ ပုဂ္ဂလံ၊ ကို။ တာဝ၊ ဥပမေယျမှ ရှေးဦးစွာ။ ဒဿေတုံ၊ ငှါ။ သေယျထာပိနာမ ဧကံ ပုဂ္ဂလန္တိ အာဒိ၊ အစရှိသော စကားတော် ကို။ (ဘဂဝတာ) ဝုတ္တံ။

တတ္ထ၊ ထိုသေယျထာပိနာမ ဧကံပုဂ္ဂလံ အစရှိသောစကားရပ်၌။သေယျထာ-ပိနာမာတိ၊ ဟူသောသဒ္ဒါသည်။ ဩပမ္မတ္ထေ၊ ဥပမာအနက်၌။ (ပဝတ္တော) နိပါတော၊ တည်း။ ဧကံ ပုဂ္ဂလံ၊ကို။(ဒိသွာ၊၍။မေတ္တာယေယျ)ယထာ၊မေတ္တာ ကိုပြုရာသကဲ့သို့။ ဣတိအတ္ထော။ပိုယန္တိ၊ ကား။ ပေမနိယံ၊ချစ်ခြင်း၏တည်ရာဖြစ် သော။ မနာပန္တိ၊ ကား။ ဟဒယဝုစိုကရံ၊ စိတ်၏တိုးပွါးခြင်းကို ပြုတတ်သော။ (ဧကံ ပုဂ္ဂလံ ၌စပ်။) တတ္ထ၊ ထိုပိုယမနာပတို့တွင်။ ပုဗ္ဗေ၊ ရှေးအခါ၌။ သန္ဓိ-ဝါသေနဝါ၊ တကွအတူ, ကြည်ပျူပေါင်းသင်း, နေထိုင်ခဲ့ရခြင်းကြောင့်သော် ၎င်း။ ပစ္စုပ္ပန္နဟိတေနဝါ၊ ယခုဘဝ ပြုသမျှ၌, ယုံယသောအား, ကြီးမားလေ

အဗျာပဇ္ဈံ အဗျာဗဇ္ဈံ။ ။ဤသို့ ပါဌ်နှစ်ထွေရှိသော်လည်း သီလက္ခန် အဋ္ဌကထာ ကူဋ္ဌ ဒန္တသုတ် နိစ္စဒါန အနုကူလယညာဒိ အဖွင့်၌ "အဗျာဗဇ္ဈန္တိ နိဒ္ဒုက္ခတံ" ဟုဎင်း,တေဝိဇ္ဇသုတ် အစိရဝတီ နဒီဥပမာ ကထာအဖွင့်၌ "ဗျာဗဇ္ဈေနာတိ ဒုက္ခေန" ဟုဎင်း, ဋီကာဖွင့်၏၊ ဤ၌လည်း "နိဒ္ဒုက္ခံ" ဟု ဖွင့်၏၊ ဤအဖွင့်များကိုထောက်၍ "အဗျာဗဇ္ဈံ"ဟု ရှိသောပါဌ်က ကောင်းသည်၊ ထိုအဖွင့်ကို၏ အခိပ္ပါယ်ကို သီလက္ခန်ဘာသာဋီကာ ထိုနေရာ၌အသီးအသီး ပြထားပြီ၊ အဗျာဗဇ္ဈပုဒ် ရုပ်ပြီးပုံနှင့် အနက်အရကောက်ကို ဝိနည်းမဟာဝဂ္ဂ ဘာသာဋီကာ, အဇပါလကထာ၌ ပြထားပြီ။

အောင်, စီးပွါးကို ဆောင်ခြင်းကြောင့်သော်ငင်း။ ပိယောနာမ၊ ချစ်အပ်သူ မည်သည်။ ဟောတိ။ ["ပုဗ္ဗေဝါ"ဟု ဆိုလိုလျက်, ရဿပြု၍ "ပုဗ္ဗေဝ"ဟု ဆိုထားသည်။ ပုဗ္ဗေဝါ သန္နိဝါသေန ဂါထာမှ ရှေ ၂-ပါဒကို ယူထားသည်။] သီလာဒိဂုဏ သမာယောဂေန၊ သီလအစရှိသောဂုဏ်နှင့် ယှဉ်ခြင်းကြောင့်။ မနာပေါနာမ၊ စိတ်ကို တိုးပွါးစေတတ်သူမည်သည်။ (ဟောတိ။)

ဝါ၊ တနည်း။ ဒါနသမာနတ္တတာဟိ၊ ပေးကမ်းခြင်း,မိမိနှင့်တူသောသဘော ရှိသည်၏အဖြစ်တို့ဖြင့်။ ပိယတာ၊ ချစ်အပ်သူ၏အဖြစ်ကိုငင်း။ ပိယဝစန အတ္ထစရိယတာဟိ၊ ချစ်ဘွယ်သောစကား ရှိသူ၏အဖြစ်,စီးပွါးကို ကျင့်ခြင်းရှိသူ၏ အဖြစ်တို့ဖြင့်။ မနာပတာ၊ စိတ်ကို တိုးပွါးစေတတ်သူ၏ အဖြစ်ကိုငင်း။ ဝေဒိ တဗ္ဗာ။ [ဒါန, ပေယျဝဇ္ဇ, အတ္ထစရိယာ, သမာနတ္တတာဟူသော သင်္ဂဟဝတ္ထု၊ ၄-ပါးကို ဆိုသည်။] စ၊ ဆက်။ ယသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤပိယမနာပတာတို့တွင်။ ပိယတာယ၊ ချစ်အပ်သူ၏အဖြစ်ကြောင့်။ ဣမဿ ဗျာပါဒဿ၊ ဤဒေါသကို။ ပဟာနံ၊ပယ်ခြင်းသည်။ ဟောတိ။ တတော၊ ထိုသို့ပယ်နိုင်ခြင်းကြောင့်။မေတ္တာ၊ သည်။ သုခံ၊ ချမ်းသာစွာ။ ဖရတိ၊ ဖြန့်နိုင်၏။ မနာပတာယ၊ စိတ်ကိုတိုးပွါးစေ တတ်သည်၏ အဖြစ်ကြောင့်။ ဥဒါသီနတာ၊ ဥဒါသိန်၏ အဖြစ်သည်။ ဝါ၊ လျစ်လျူရှုသည်၏အဖြစ်သည်။ နသဏ္ဌာတိ၊ မတည်။ ဟိရောတ္တပ္ပဥ၊ ဟိရီသြတ္တပ္ပ သည်လည်း။ ပစ္စုပဋ္ဌာတိ၊ ရှေးရှုတည်၏။ တတော၊ ထို့ကြောင့်။ ဟိရောတ္တပ္ပါနု ပါလိတာ၊ ဟိရီသြတ္တပ္ပသည် စောင့်ရှောက်အပ်သော။ မေတ္တာ၊ သည်။နပရိဟာ ယတိ၊ မယုတ်လျော့။ တသ္မာ၊ ကြောင့်။ တံ၊ ထိုပိယမနာပပုဂ္ဂိုလ်ကို။ ဥပမံ၊ ကို။ ကဘွာ၊ ၍။ ပိယံ မနာပန္တိ၊ ဟူသော။ ဣဒံ၊ ဤစကားကို။ (ဘဂဝတာ) ဝုတ္တံ။

မေတ္တာယေယျာတိ၊ ကား။ မေတ္တာယ၊ မေတ္တာဖြင့်။ ဖရေယျ၊ ဖြန့်နိုင်၏။ တသ္မိံ ပုဂ္ဂလေ၊ ထို ပိယမနာပပုဂ္ဂိုလ်၌။ မေတ္တံ၊ ကို။ ကရေယျ၊ ပြုနိုင်၏။ ပဝတ္တေ-ယျ၊ ဖြစ်စေနိုင်၏။ ဣတိအတ္ထော။ [မေတ္တံကရေယျဖြင့်။ မေတ္တံဟူသောဒုတိယန္တ နာမ်ပုဒ်နောင် ကရဓာတ်၏အနက်၌ အာယပစ္စည်း သက်ထားသော နာမဓာတ် ဟု ပြသည်။ ပဝတ္တေယျလည်း ကရေယျ၏အဓိပ္ပါယ်ဖွင့်တည်း။] ဧဝမေဝ သဗ္ဗေ သတ္တေတိ၊ ကား။ ပိယံ၊ ချစ်အပ်သော။ ပုဂ္ဂလံ၊ ကို။ မေတ္တာယေယျယထာ၊ မေတ္တာကို ပြုရာသကဲ့သို့။ ဧဝံ၊ တူ။ တသ္မိံ ပုဂ္ဂလေ၊ ထို ချစ်အပ်သောပုဂ္ဂိုလ်၌။ အပ္ပနာပတ္တာယ အပ္ပနာသို့ရောက်ပြီးသော။ ဝသိဘာဝံ၊ ဝသီဘော်၏အဖြစ်သို့။ ဥပဂတာယ၊ ကပ်ရောက်သော။ မေတ္တာယ၊ မေတ္တာဖြင့်။ မဇ္ဈတ္တဝေရီသခ်ါတေ-ပိ၊ အလယ်အလတ်၌ ဖြစ်သော သတ္တဝါ, ရန်သူသတ္တဝါဟု ဆိုအပ်သည်လည်း ဖြစ်ကုန်သော။ သဗ္ဗေ၊ ကုန်သော။ သတ္တေ၊ တို့ကို။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဖရတိ၊ ဖြန့်၏၊ ဣတိအတ္ထော။ မေတ္တိ မေတ္တာယနာတိ အာဒီနိ၊အစရှိသောပုဒ်တို့ သည်။ ဝုတ္တတ္ထာနေဝ။

သမ္မော ၃-၇-ပမ-ဿ-စ

၆၄၄။ ဝိဒိသံဝါတိပဒံ၊ ဟူသောပုဒ်ကို။ တိရိယံဝါတိဘေဿ၊ ဟူသော ဤပုဒ်၏။ အတ္ထဝိဘာဝနတ္ထံ၊ အနက်ကို ထင်စွာဖြစ်စေခြင်း အကျိုးငှါ။ (ဘဂ-ဝတာ) ဝုတ္တံ။ [ပါဠိတော်၌ "တိရိယံဝါ ဝိဒိသံဝါ"ဟု ရှိရာဝယ် တိရိယံဝါ၏ အနက်ကို ထင်ရှားပြဘို့ရန် "ဝိဒိသံဝါ"ဟုထပ်၍ဟောတော်မူသည်။]

၆၄၅။ ဖရိတ္ဒာတိ၊ ကား။ အာရမ္မဏ ကရဏဝသေန၊ အာရုံပြုခြင်း၏ အစွမ်းဖြင့်။ ဖုသိတ္ဒာ၊ တွေ့ထိ၍။ [ဖြန့်ဟူသည် ထို သတ္တဝါအပေါင်းကို အာရုံပြုသောအားဖြင့် ထိတွေ့ခြင်းတည်း။] အဓိမုဥ္ဇိတ္ဒာတိ၊ ကား။ အဓိကဘာဝေန၊ လွန်လွန်ကဲကဲ၏အဖြစ်ဖြင့်။ မုဥ္ဇိတ္ဒာ၊ မေတ္တာစိတ်ကို လွတ်၍။ (ဝိဟရတိ၌စပ်။) ယထာ၊ အကြင် အခြင်းအရာအားဖြင့်။ မုတ္တံ၊ လွတ်အပ်သည်။(သမာနံ၊သော်။) သုမုတ္တံ၊ ကောင်းစွာ လွတ်အပ်သည်။ သုပွသာရိတံ၊ ကောင်းစွာ ဖြန့်အပ်သည်။ သုဝိတ္ထတံ၊ ကောင်းစွာ ချဲအပ်သည်။ ဟောတိ။ တထာ၊ ထိုအခြင်းအရာ အားဖြင့်။ မုဥ္ဇိတ္ဒာ၊ မေတ္တာစိတ်ကိုလွတ်၍။ ဣတိ အတ္ထော။

၆၄၈။ သဗ္ဗဓိအာဒိ နိဒ္ဒေသေ၊ သဗ္ဗဓိ အစရှိသောပုဒ်တို့၏ နိဒ္ဒေသ၌။ [အာဒိဖြင့် သဗ္ဗတ္တဘာယ သဗ္ဗာဝန္တံ တို့ကို ယူ။] ယသ္မာ၊ ကြောင့်။ တီဏိပိ၊ ၃-ပါးလည်း ဖြစ်ကုန်သော။ တောနိ ပဒါနိ၊ တို့သည်။ သဗ္ဗသင်္ဂါဟိကာနိ၊ အလုံးစုံကို သိမ်းယူနိုင်သော ပုဒ်တို့တည်း။ [အလုံးစုံသောအရပ်, အလုံးစုံသော စိတ်, အလုံးစုံသောသတ္တဝါအပေါင်းကို သိမ်းယူနိုင်သောပုဒ်တို့တည်း။] တသ္မာ၊ ကြောင့်။ နေသံ၊ ထိုသဗ္ဗဓိ အစရှိသော ပုဒ်တို့၏။ ကေတောဝ၊ တည်းသာ။ အတ္ထံ၊ အနက်ကို။ ဒဿေတုံ၊ ငှါ။ သဗ္ဗေန သဗ္ဗန္တိအာဒိ၊ အစရှိသောစကားကို။ (ဘဂဝတာ) ဝုတ္တံ။ တဿ၊ ထိုသဗ္ဗေနသဗ္ဗံ အစရှိသောစကားရပ်၏။ အတ္ထော၊ ကို။ ဟေဋ္ဌာ၊၌။ ဝုတ္တောယေဝ၊ ပြီးသည်သာ။ [ဆိုပုံကို ဋီကာ၌ ကြည့်ပါ။]

၆၅၀။ ဝိပုလာဒိနိဒ္ဒေသေ၊ အစရှိသောပုဒ်တို့၏ နိဒ္ဒေသ၌။ ယသ္မာ၊ကြောင့်။ ယံ၊ အကြင် မေတ္တာသဟဂုတ်စိတ်သည်။ အပွနာပတ္တံ၊ အပွနာသို့ ရောက်သည်။ ဟုတ္ဒာ၊ ၍။ အနန္တသတ္တဖရဏဝသေန၊ အဆုံးမရှိသောသတ္တဝါတို့ကို ဖြန့်ခြင်း၏ အစွမ်းဖြင့်။ ဝိပုလံ၊ ကျယ်ပြန့်သည်။ ဟောတိ။ တံ၊ ထို မေတ္တာသဟဂုတ်စိတ် သည်။ နိယမတော၊ မြဲသောအားဖြင့်။ ဘူမိဝသေန၊ ဘုံနှင့်စပ်သဖြင့်။မဟဂ္ဂတံ၊ မဟဂ္ဂုတ်သည်။ ဟောတိ။ ယဉ္စ၊ အကြင် မေတ္တာသဟဂုတ် စိတ်သည်လည်း။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်သည်။ (ဟောတိ။) တံ၊ ထိုမေတ္တာသဟဂုတ်စိတ်သည်။အပွ-

---

အဓိမုဥ္ဇိတ္ဒာ။ ။ပါဠိတော်စာအုပ်၌ "အဓိမုစ္စိတ္ဒာ"ဟု ရှိ၏၊ မုစ္စိတ္ဒာ၌ မုစဓာတ်သည် အကမ္မကဖြစ်သော ဒိဝါဒိတည်း၊ မုဥ္ဇိတ္ဒာ၌ မုစဓာတ်ကား သကမ္မကဖြစ်သော ရုဓာဒိတည်း၊ ဤ၌ မေတ္တာစိတ်ကို ဖြန့်သောအားဖြင့် လွတ်ရမည် ဖြစ်သောကြောင့် "အဓိမုဥ္ဇိတ္ဒာ"ဟု သကမ္မကရုပ်က ကောင်းသည်။

မာဏဂေါစရဝသေန၊ အတိုင်းအတာ ပမာဏမရှိသော သတ္တဝါ ပညတ်ဟူသော အာရုံ၏ အစွမ်းဖြင့်။ အပ္ပမာဏံ၊ အတိုင်းအတာ ပမာဏမရှိသည်။ (ဟောတီ)။ ယံ၊ အကြင်မေတ္တာသဟဂုတ်စိတ်သည်။ အပ္ပမာဏံ၊ သည်။ (ဟောတီ)။တံ၊ထို မေတ္တာသဟဂုတ်စိတ်သည်။ ပစ္စုတ္ထိက ဝိဃာတဝသေန၊ ဆန့်ကျင်ဘက်ကို အလို ရှိသော ရန်သူတို့ကိုသတ်ပြီးသည်၏အဖြစ်ဖြင့်။ အဝေရံ၊ ရန်မရှိသည်။ဟောတိ။ ယဉ္စ၊ အကြင်မေတ္တာသဟဂုတ်စိတ်သည်လည်း။ အဝေရံ၊ သည်။ (ဟောတိ)။ တံ၊ ထို့မေတ္တာသဟဂုတ်စိတ်သည်။ ဝိဟတဗျာပဇ္ဈတာယ၊ ပယ်ဖျောက်အပ်ပြီး သော ဒေါမနဿရှိသည်၏အဖြစ်ကြောင့်။ အဗျာပဇ္ဈံ၊ ဒေါမနဿ မရှိဆည်း (ဟောတိ)။ တသ္မာ၊ ကြောင့်။ ယံ ဝိပုလံ တံ မဟဂ္ဂတန္တိအာဒိ၊ အစရှိသော စကားကို။ (ဘဂဝတာ) ဝုတ္တံ။

စ၊ဆက်။ အဝေရော အဗျာပဇ္ဈောတိ ဇတ္ထ၊ ဤပါဠ်၌။ လိင်္ဂဝိပရိယာယေန၊ နပုံလိန်၏ ပုံလိန်ပြန်ခြင်းအားဖြင့်။ ဝုတ္တံ။ ဝါ၊ တနည်း။ မနေန၊ မနသဒ္ဒါနှင့်။ သဒ္ဒိံ၊ တကွ။ ယောဇနာ၊ ပုဒ်တို့ကိုယှဉ်စေခြင်းကို။ ကာတဗ္ဗာ၊ ၏။ (ကိံ၊ နည်း။) အပ္ပမာဏံ၊ အတိုင်းအတာ ပမာဏမရှိသော။ယံစိတ္တံ၊ အကြင်မေတ္တာ စိတ်သည်။ (အတ္ထိ)။ သော၊ ထို့မေတ္တာစိတ်သည်။ အဝေရော၊ ရန်မရှိသော။ မနော၊ မေတ္တာစိတ်သည်။ (ဟောတိ)။ [ဤနေရာ၌ မနောကို ပုံလိန်အဖြစ်ဖြင့် ဆိုထားသည်။] ယော (မနော)၊ အကြင်မေတ္တာစိတ်သည်။ အဝေရော၊ မရှိ။ သော (မနော)၊ ထိုမေတ္တာစိတ်သည်။ အဗျာပဇ္ဈော၊ ဒေါမနဿ မရှိ။ ဤတိ (ယောဇနာ ကာတဗ္ဗာ)။ အပိစ၊ သည်သာမကသေး။ ဇတ္ထ၊ ဤပုဒ်တို့တွင်။ ဟေဋ္ဌိမံ ဟေဋ္ဌိမံ၊ အောက်၌ဖြစ်,အောက်၌ဖြစ်သော။ ပဒံ၊ဝိပုလံ အစရှိသော ပုဒ်သည်။ ဥပရိမဿ ဥပရိမဿ၊ အထက်၌ဖြစ်, အထက်၌ဖြစ်သော မဟဂ္ဂတံ စသောပုဒ်၏။ (အတ္ထော၊ တည်း။) ဝါ၊ နည်း။ ဥပရိမံ ဥပရိမံ၊ သော။(ပဒံ၊ သည်။) ဟေဋ္ဌိမဿ ဟေဋ္ဌိမဿ၊ အောက်၌ဖြစ်, အောက်၌ဖြစ်သော ဝိပုလံ စသောပုဒ်၏။ အတ္ထော၊ တည်း။ဤတိပိ၊ ဤသို့လည်း။ဝေဒိတဗ္ဗော။

၆၅၃။ သေယျထာပိ။ ပေ။ ဒုရူပေတန္တိ ဤဒမို့၊ ဟူသောဤစကားကိုလည်း။ ကရုဏာယ၊ ကရုဏာ၏။ဝတ္ထု၂ဘူတံ၊ တည်ရာအာရုံဖြစ်၍ဖြစ်သော။ ပုဂ္ဂလံ၊ ကို။ ဒဿေတုံ၊ ငှါ။ (ဘဂဝတာ) ဝုတ္တံ။ ဟိ၊ မှန်။ ဝေရူပသ္မိံ၊ ဤသို့ဒုဂ္ဂတ ဒုရူပေတာ သဘောရှိသော။ ပုဂ္ဂလေ၊ ၌။ ဗလဝကာရုညံ၊အားကြီးသောသနားခြင်းသည်၊

လိင်္ဂဝိပရိယာယေန။ ။မေတ္တာသဟဂတန စေတသာ၌ "တတ္ထ ကတမံ စိတ္တံ"ဟု ဖွင့်၏၊ စေတောပုဒ်, စိတ္တံပုဒ်တို့သည် နပုံလိန်တည်း၊ ဤ၌ "အဝေရော အဗျာပဇ္ဈော"ဟု ပါဠိတော်ဝယ် ပုံလိန်ဖြင့် ဟောတော်မူသောကြောင့် "လိင်္ဂဝိပရိယာယေန ဝုတ္တံ"ဟု ဆိုသည်၊ ဝိပရိယာယနှင့် ဝိပလ္လာသကား အနက်တူတည်း။

ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်၏။ တတ္ထ၊ ထိုဒုဂ္ဂတ ဒုရုပေတပုဂ္ဂိုလ်တို့တွင်။ ဒုဂ္ဂဘန္တိ၊ ကား။ ဒုက္ခေန၊ ဒုက္ခနှင့်။ သမင်္ဂိဘာဝံ၊ ပြည့်စုံခြင်းရှိသူ၏အဖြစ်သို့။ဂတံ၊ရောက်သော။ ဒုရုပေတန္တိ၊ ကား။ ကာယဒုစ္စရိတာဒီဟိ၊ ကာယဒုစရိုက် အစရှိသည်တို့သည်။ ဝါ၊ တို့နှင့်။ ဥပေတံ၊ ကပ်ရောက်အပ်သော။ ဝါ၊ ပြည့်စုံသော။ ဝါ၊ တနည်း။ ဂတိကုလဘောဂါဒိဝသေန၊ နိရယစသော ဂတိ, စဏ္ဍာလစသော အမျိုး, အနှစသောအသုံးအဆောင်တို့နှင့်စပ်သဖြင့်။ တမဘာဝေ၊ မှောင်သည်၏ အဖြစ်၌။ ဌိတော၊ တည်သော။ပုဂ္ဂလော၊သည်။ ဒုဂ္ဂတော၊ ဒုဂ္ဂတမည်၏။ ကာယဒုစ္စရိတာ-ဒီဟိ၊ တို့သည်။ ဝါ၊ တို့နှင့်။ ဥပေတတ္တာ၊ ကြောင့်။ ဝါ၊ကြောင့်။ တမပရာယဏ-ဘာဝေ၊ အမှောင်ဟူသောဘဝလျှင်လည်းလျောင်းရာရှိသည်၏အဖြစ်၌။ ဌိတော (ပုဂ္ဂလော)။ ဒုရုပေတော၊ ဒုရုပေတမည်၏။ ဣတိဧဝံ၊ သို့။ ဧတ္ထ၊ ဤဒုဂ္ဂတံ ဒုရုပေတံဟူသော ပါဌ်၌။ အတ္ထော ဝေဒိတဗ္ဗော။

၆၆၃။ ဧကံ ပုဂ္ဂလံ ပိယံ မနာပန္တိ ဣဒမ္ပိ၊ ကိုလည်း။ မုဒိတာယ၊ မုဒိတာ၏။ ဝတ္ထုဘူတံ၊ သော။ ပုဂ္ဂလံ ဒသောတို့ (ဘဂဝတာ) ဝုတ္တံ။ တတ္ထ၊ထို ပိယမနာပ ပုဂ္ဂိုလ်တို့တွင်။ ဂတိကုလဘောဂါဒိ ဝသေန၊ မနုဿစသော ဂတိ, ခတ္တိယ စသောအမျိုး, အနှစသော အသုံးအဆောင်အစရှိသည်တို့နှင့်စပ်သဖြင့်။ဇောတိ-ဘာဝေ၊ တောက်ပြောင်ခြင်းရှိသူ၏ အဖြစ်၌။ ဌိတော၊ တည်သောပုဂ္ဂိုလ်ကို။ ပိယောတိ၊ ချစ်အပ်သူဟူ၍။ (ဒဋ္ဌဗ္ဗော၊၏။) ကာယသုစရိတာဒီဟိ၊ ကာယ သုစရိုက် အစရှိသော ကောင်းမှုတို့သည်။ ဝါ၊ တို့နှင့်။ ဥပေတတ္တာ၊ ကြောင့်။ ဇောတိပရာယဏဘာဝေ၊ တောက်ပြောင်သော ဘဝဟူသောလည်းလျောင်းရာ ရှိသူ၏အဖြစ်၌။ ဌိတော၊ တည်သောပုဂ္ဂိုလ်ကို။ မနာပေါတိ ဒဋ္ဌဗ္ဗော။

၆၇၃။ နေဝ မနာပံ နဲ အမနာပန္တိ ဣဒမ္ပိ၊ ကိုလည်း။ ဥပေက္ခာယ ဝတ္ထုဘူတံ (ဝုတ္တံ)။ တတ္ထ၊ထို နေဝမနာပ နဲအမနာပပုဂ္ဂိုလ်တို့တွင်။ မိတ္တဘာဝံ၊ မိတ်ဆွေ၏အဖြစ်သို့။ အသမ္ပတ္တကာယ၊ မရောက်သည်၏ အဖြစ်ကြောင့်။ နေဝ မနာပေါ (တိ)၊ နေဝမနာပဟူ၍။ (ဝေဒိတဗ္ဗော)။ အမိတ္တဘာဝံ၊ ရန်သူ၏ အဖြစ်သို့။ အသမ္ပတ္တကာယ၊ ကြောင့်။ နဲ အမနာပေါတိ၊ဟူ၍။ ဝေဒိတဗ္ဗော။ ဧတ္ထ၊ ဤသုတ္တန္တဘာဇနီယနည်း၌။ သေသံ၊ ကြွင်းသော။ ယံ၊ အကြင်စကား

ဒုဂ္ဂတံ ဒုရုပေတံ။ ။ဒုဂ္ဂတံ-ဒုက္ခသို့ရောက်သော၊ ဒုရုပေတံ-ကာယဒုစရိုက် အစရှိသော မကောင်းမှုတို့သည် ကပ်ရောက်အပ်သော၊ဝါ-ကာယဒုစရိုက် အစရှိသော မကောင်းမှုထို့နှင့် ပြည့်စုံသော၊ (တနည်း) ဒုဂ္ဂတံ-ဂတိ ကုလ ဘောဂစသောအားဖြင့် မှောင်နေသည်အဖြစ်၌ တည်သောကြောင့် ဆင်းရဲသော၊ ဒုရုပေတံ-တမပရာယဏ အဖြစ်၌ တည်လောက်အောင် ကာယဒုစရိုက်အစရှိသည်တို့နှင့် ပြည့်စုံသော။ ဤသို့ပါဋ္ဌိတော်၌ ၂-နည်းပေး။ (တမော တမပရာယဏ စသော ပုဂ္ဂိုလ် ၄-မျိုးကို သဂါထာဝဂ္ဂ ကောသလသံယုတ်၌ ကြည့်ပါ။)

သည်။ဝါ၊ကို။ ဝတ္တာပ္ပံ၊ သည်။ သိယာ၊ ဖြစ်ရာ၏။ တံ သမ္ပံ၊ ထို အလုံးစုံသော စကားကို။ဟေဋ္ဌာ၊အောက်ဖြစ်သော။ စိတ္တာ၊ပ္ပါဒကဏ္ဍော၊ဌ်။ ဝုတ္တာမေဝ။ ဧတေသံ ကမ္မဋ္ဌာနာနံ၊ တို့၏။ ဘာဝနာဝိဓာနမ်ပိ၊ ဘာဝနာ အစီအရင်ကိုလည်း။ ဝိသုဒ္ဓိ မဂ္ဂေ ဝိတ္ထာရတော ကထိတမေဝ။ဣတိ၊အပြီးတည်း။

သုတ္တန္တဘာဇနီယဝဏ္ဏနာ နိဋ္ဌိတာ။

၂-အဘိဓမ္မဘာဇနီယ အဖွင့်

အဘိဓမ္မဘာဇနီယံ၊ အဘိဓမ္မဘာဇနီယနည်းကို။ (ဘာဇိတံ၌စပ်)။ ကုသလ တောပိ၊ ကုသိုလ်အားဖြင့်၎င်း။ ဝိပါကတောပိ၊ ဝိပါက်အားဖြင့်၎င်း။ ကိရိယ တောပိ၊ ကြိယာအားဖြင့်၎င်း။ ဟေဋ္ဌာ၊ ဃသာ။ စိတ္တာပ္ပါဒကဏ္ဍော၊ ဌ်။ ဘာဇိတ နယေနေဝ၊ ဝေဘန်အပ်ပြီးသော နည်းဖြင့်သာ။ ဘာဇိတံ၊ တော်မူအပ်ပြီ။ အဿ၊ ထို အဘိဓမ္မဘာဇနီယနည်း၏။ အတ္ထောပိ၊ ကိုလည်း။တတ္ထ၊ ထို စိတ္တာ ပ္ပါဒကဏ္ဍော၌။ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

အဘိဓမ္မဘာဇနီယဝဏ္ဏနာ နိဋ္ဌိတာ။

၃-ပဥ္စာပုစ္ဆက အဖွင့်

ပဥ္စာပုစ္ဆကေ၊ဌ်။ပါဠိ အနုသာရေနေဝ၊ ပါဠိတော်ကို အစဉ်လျှောက်သဖြင့် သာလျှင်။ မေတ္တာဒီနံ၊ မေတ္တာ အစရှိသည်တို့၏။ ကုသလာဒိဘာဝေါ ဝေဒိ တဗ္ဗော။ ပန၊အထူးကား။ အာရမ္မဏတ္တိကေသု၊ တို့၌။သဗ္ဗဿိ၊ အလုံးစုံသော အပွမညာတို့သည်လည်း။ တီသု၊ ကုန်သော။ တ်ကေသု၊ တိုက်တို့၌။ နဝတ္တဗ္ဗာ ရမ္မဏာဝေဝ၊ ပရိတ္တအစရှိသည်ဖြင့် မဆိုထိုက်သော သတ္တဝါပညတ်ဟူသောအာရုံ ရှိသည်သာ။ အဇ္ဈတ္တာရမ္မဏတ္တိကေ၊ဌ်။ ဗဟိဒ္ဓါရမ္မဏာ၊ ဗဟိဒ္ဓတရူး ဟူသော အာရုံရှိကုန်၏။ ဣတိ (ဝေဒိတဗ္ဗော)။ ပန၊ဆက်။ဣမသ္မိံ အပ္ပမညာဝိဘင်္ဂေ၊ဌ်။ သမ္မာသမ္ဗုဒ္ဓေန၊ သည်။ သုတ္တန္တဘာဇနီယေပိ၊ ဌ်လည်း။ လောကိယာဝေ၊ လောကီသာလျှင် ဖြစ်ကုန်သော။ အပွမညာယော၊ တို့ကို။ ကထိတာ၊ ကုန်ပြီ။ အဘိဓမ္မဘာဇနီယေပိ၊ ဌ်ဂင်း။ ပဥ္စာပုစ္ဆကေပိ၊ ဌ်ဂင်း။ (လောကိယာဝေဝ အပွ မညာယော ကထိတာ)။ ဟိ၊ မှန်။ တဒယာပိ, ဧတေ နယာ, လောကိယတ္တာ၊ လောကီတို့၏အဖြစ်ကြောင့်။ ဧကာပရိစ္ဆေဒါဝေဝ၊ တူသော အပိုင်းအခြားမှ ကုန် သည်သာ။ ဝေဝံ၊ လျှင်။ အယံ အပွမညာဝိဘင်္ဂေါပိ၊ ကိုလည်း။ပေ။ ဒဿိတော။ ဣတိ၊အပြီးတည်း။

အပွမညာဝိဘင်္ဂဝဏ္ဏနာ နိဋ္ဌိတာ။

သိက္ခာပဒနိဒ်ေန်း

၁-အဘိဓမ္မာဘာဇနီယ အဖွင့်

၇၀၃။ ကွဒါနိ၊ အပ္ပမညာဝိဘင်းကို ဟောတော်မူပြီးရာ ယခုအခါ၌။ တဒနန္တရေ၊ ထို အပ္ပမညာဝိဘင်း၏ အခြားမဲ့၌။(ဝုတ္တောသော)။ သိက္ခာပဒ-ဝိဘင်၊ ၌။ ပဠာတိ ဂဏနပရိစ္ဆေဒေါ်။ သိက္ခာပဒါနိတိ၊ ကား။ သိက္ခိတဗ္ဗ ပဒါနိ၊ ကျင့်ထိုက်သောတရားအစုတို့သည်။သိက္ခာကောဋ္ဌာသာ၊ သိက္ခာအစုတို့သည်။(ပဠာဠိစပ်)။["ပဒကို ကောဋ္ဌာသ"ဟုဖွင့်သည်။] အပိစ၊သည်သာ မကသေး။ ဥပရိ၊၌။ အာဂတာ၊ လာကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ကုသလာ၊ ကုန်သော။ဓမ္မာ၊ တို့သည်။ သိက္ခိတဗ္ဗတော၊ ကျင့်ထိုက်ကုန်သည်၏အဖြစ်ကြောင့်။ သိက္ခ၊သိက္ခာတို့မည်၏။ ပန၊ ဆက်။ ပဠသု၊ ငါးပါးကုန်သော။သီလဒဂ်သု၊ သီလအစိတ်အပိုင်းတို့တွင်။ ယံကိဉ္စိ၊ အမှတ်မထားတပါးပါးသော။ အင်္ဂံ၊ အစိတ်အပိုင်းသည်။ တာသံ သိက္ခာနံ၊ ထို ကုသိုလ်ဖြစ်သောသိက္ခာတို့၏။ပတိဋ္ဌာနဋ္ဌေန၊ တည်ရာ၏အဖြစ်ဟူသော အနက်ကြောင့်။ ပဒံ၊ ပဒမည်၏။ သိက္ခာနံ၊ကျင့်ထိုက်သော ကုသိုလ်တရားတို့၏။ကွတိ(တသ္မာ) ပဒတ္တာ၊ထိုသို့တည်ရာ၏အဖြစ်ကြောင့်။ သိက္ခာပဒါနိ၊ သိက္ခာပဒတို့မည်၏။

ပါဏာတိပါတာတိ၊ ကား။ ပါဏာဿ၊ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို။ အတိ၊ပါဘာ၊ လျင်စွာကျစေခြင်းမှ။ ဝါ၊လျင်စွာကျစေကြောင်း စေတနာမှ။ ဃာတနာ၊ သတ်ခြင်းမှ။ ဝါ၊သတ်ကြောင်းစေတနာမှ။ မာရဏာ၊ သေစေခြင်းမှ။ ဝါ၊ သေစေကြောင်း စေတနာမှ။ (ဝေရမဏိဋ္ဌစပ်)။ ကွတိအတ္ထော။ ဝေရမဏိတိ၊ ကား။ ဝိရတိ၊ ဖျောင်ကြဉ်ခြင်းတည်း။ ဝါ၊ ရှောင်ကြဉ်ကြောင်းတရားတည်း။ [ပါဠိတော်စာအုပ်များ၌"ဝေရမဏိ"ဟု ဤကာရန္တဖြင့်ရှိသော်လည်း ဋီကာရန္တသာ ဖြစ်သင့်၏။ ထိုပုဒ်ပြီးပုံကို အဋ္ဌသာလိနီဘာသာဋီကာ လောကုတ္တရကုသိုလ်အဖွင့်၌ ပြထားပြီ။]

အဒိန္နာဒါနာတိ၊ ကား။အဒိန္နဿ၊ ဥစ္စာရှင်တို့ မပေးအပ်သော သူဥစ္စာကို။ အာဒါနာ၊ ယူခြင်းမှ။ ဝါ၊ ယူကြောင်းစေတနာမှ။ ပရပရိဂ္ဂဟိတဿ၊ သူတပါးတို့ သိမ်းပိုက်အပ်သော ဥစ္စာကို။ ဟရဏာ၊ ဆောင်ခြင်းမှ။ဝါ၊ဆောင်ကြောင်း

သိက္ခာပဒါနိ။ ။ပဌမနည်း၌ "ပဒံ ဌာနေ ပရိဘ္ဘာနေ"စသော အဘိဓာန်(၈၉)လာအနက်တို့ဘုင် ပဒသဒ္ဒါသည် ကောဋ္ဌာသ အနက်ဟောတည်း၊ သိက္ခာသဒ္ဒါကား ပါဏာတိပါတာဒိရတိစသော သိက္ခာများပင်တည်း။ (သိက္ခိတဗ္ဗာတိ သိက္ခာ၊ သိက္ခာနံ ပဒါနိ သိက္ခာပဒါနိ။) အပိစတက်သော ဒုတိယနည်း၌ကား ပဒသဒ္ဒါသည် ပတိဋ္ဌာန အနက်ဟောတည်း၊ သိက္ခာသဒ္ဒါကား ကျင့်ကြံ ကြိုးကုတ် အားထုတ်ထိုက်သော ကုသိုလ်တရား အားလုံးကို ဟော၏၊ ဇနတ္ထမှာ ရှေးနည်းအတိုင်းပင်၊ ပတိဋ္ဌာန၏ အဓိပ္ပါယတ္ထကို ဋီကာ၌ ဖွင့်ထားပြီ

စေတနာမှ။ (ဝေရမဏိ၌ စပ်။) ဣတိအတ္ထော။ကာမေသူတိ၊ကား။ ဝတ္ထုကာမေ-သု၊ ဝတ္ထုကာမတို့၌။ (ကိလေသာကာမ၏တည်ရာ လိုလားတောင့်တအပ်သော ကာမဂုဏ်တို့၌။) မိစ္ဆာစာရာတိ၊ ကား။ ကိလေသကာမဝသေန၊ ကိလေသာ ကာမ၏အစွမ်းဖြင့်။(လိုလားတတ်သော တဏှာရာဂ ကိလေသာ၏အစွမ်းဖြင့်။) လာမကာစာရာ၊ ယုတ်ညံ့သောကျင့်ခြင်းမှ။ မုသာဝါဒါတိ၊ကား။ အဘူတ-ဝါဒတော၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ။

သုရာ။ ပေ။ ဌာနာတို ဧတ္ထ၊ဟူသော ဤပါဌ်၌။ သုရာတိ၊ကား။ ပိဋ္ဌသုရာ၊ မုန့်ညက်မှုန့်ဖြင့်ပြုအပ်သော သေရည်ဂင်း။ပူပသုရာ၊မုန့်ဖြင့်ပြုအပ်သော သေရည်ဂင်း။ သြဒနသုရာ၊ ထမင်းဖြင့်ပြုအပ်သော သေရည်ဂင်း။ ကိဏ္ဏပက္ခိတ္တာ၊ ထည့်ခပ်အပ်သော သေမျိုးစေ့ဟူသော တဆေးရှိသောသေရည်ဂင်း။သမ္ဘာရသံယုတ္တာ၊ သေရည်ဖြစ်ကြောင်း အဆောက်အဦတို့ဖြင့် စပ်အပ်သော သေရည်ဂင်း။ဣတိ၊ သို့။ ပဋ္ဌ၊ကုန်သော။ သုရာ၊တို့တည်း။ မေရယန္တိ၊ ကား။ ပုပ္ဖါသဝေါ၊ ပန်းပွင့်ဖြင့် ပြုအပ်သော စိမ်ရည်အရက်ဂင်း။ ဖလာသဝေါ၊ သစ်သီးဖြင့်ပြု အပ်သော စိမ်ရည်အရက်ဂင်း။ ဂုဋ္ဌာသဝေါ၊ တင်လဲဖြင့်ပြုအပ်သော စိမ်ရည်အရက်ဂင်း။ [ထန်းလျက်သကာ စသည်ကို "ဂုဋ္ဌ"ဟုခေါ်၏။] မဓွါသဝေါ၊ သစ်မည်စည်ပွင့်, ပျားရည်တို့ဖြင့် ပြုအပ်သော စိမ်ရည်အရက်ဂင်း။ သမ္ဘာရသံယုတ္တော၊ စိမ်ရည်အရက်ဖြစ်ကြောင်း အဆောက်အဦတို့ဖြင့်စပ်အပ်သော စိမ်ရည်အရက်ဂင်း။ဣတိ, ပဋ္ဌ၊ ကုန်သော။ အာသဝါ၊တို့တည်း။ [သုရာနှင့် မေရယအထူးကို ကခ်ါဘာသာဋ္ဌီကာ၌ ပြထားပြီ။] တဒုဘယမ္ပိ၊ ထိုနှစ်ပါးစုံသော သုရာမေရယ ကိုလည်း။ မဒနိယဌေန၊ယစ်မူးခြင်း၏တည်ရာ၏အဖြစ်ကြောင့်။ မဇ္ဇံ၊မဇ္ဇမည်၏။ [မဒနသ ဌာနံ မဒနိယံ, တဒသဌာန မိယောစ သုတ်ဖြင့် ဣယပစ္စည်းသက်။ ဤအလို မဒနိယ၊ ကရိုဏ်းအနက်၌ အနီယပစ္စည်းသက်လျင် "မဒနီယ" ဟု ဖြစ်၏။] ယာယ စေတနာယ၊ အကြင်စေတနာဖြင့်။ တံ၊ ထိုသေရည်အရက်ကို။ ပိဝန္တိ၊ ကုန်၏။ သာ၊ ထိုသောက်ကြောင်းစေတနာသည်။ ပမာဒကာရဏတ္တာ၊ မေ့လျော့ခြင်း၏အကြောင်း၏အဖြစ်ကြောင့်။ ပမာဒဌာနံ၊မည်၏။ [ပမာဒသ၊ မေ့လျော့ခြင်း၏။ ဌာနံ၊ တည်ရာအကြောင်းတည်း။ ပမာဒဌာနံ၊ အကြောင်း။] တသ္မာ, သုရာ။ ပေ။ ဌာနာ၊ ထိုသို့ ယစ်မူးခြင်း၏တည်ရာ, မေ့လျော့ကြောင်း

ကိဏ္ဏပက္ခိတ္တာ။ ။သေရည်ဖြစ်ဘိုရန် မျိုးစေ့ကို ပါဋ္ဌိလို-ကိဏ္ဏ, မြန်မာလို "တဆေး"ဟု ခေါ်၏၊ တဆေးဟူသည် ကောက်ညှင်းစပါးကို ၃-ရက် ၄-ရက် အညှောက်ပေါက်သည်အထိ ရေစိမ်ပြီးနောက် ဖျာထဲ၌ ဖြန့်ကာ နေပူမှာ ခြောက်သည်အထိ ၃-ရက် ၄-ရက် လှန်းပြီး၍ သိမ်းဆည်းထားအပ်သော ကောက်ညှင်းစပါး အခြောက်များတည်းဟု ဆိုကြသည်၊ဤကား အချိုလူမျိုးတို့ တဆေးလုပ်ပုံတည်း။

ဖြစ်သော သေရည်အရက်ကို သောက်စားခြင်းမှ။ (ဝေရမဏိ၌ စပ်။) အယံ၊ ဤ ဆိုအပ်ပြီးကား။ ဧတ္ထ၊ ဤသိက္ခာပဒဝိဘင်း၌။ တာဝ၊ ပဒဘာဇနီမှရှေးဦးစွာ။ (နိဒ္ဒိဋ္ဌဿ)မာတိကာနိက္ခေပဿ၊ချထားအပ်သော မာတိကာ၏။ အတ္ထော။

၇၀၄။ ပန၊ ကား။ ပဒဘာဇနီယေ၊ ၌။ ယသ္မိံသမယေ ကာမာဝစရန္တိ-အာဒိ၊အစရှိသော။သဗ္ဗံ၊ အလုံးစုံသော စကားရပ်သည်။ ဟေဋ္ဌာ၊ အောက်၌။ (အဋ္ဌသာလိနီအဋ္ဌကထာ စိတ္တုပ္ပါဒကဏ္ဍ၌။) ဝုတ္တနယတ္တာ ဥတ္တာနတ္ထမေဝ။ ပန၊ ဆက်။ ယသ္မာ၊ ကြောင့်။ ကေဝလံ၊ စေတနာစသည်မဖက် သက်သက်။ ဝိရထိ ယေဝ၊ဝိရတိစေတသိက်သည်သာ။ သိက္ခာပဒံ၊ သိက္ခာပဒသည်။ န၊ မဟုတ်သေး။ စေတနာပိ၊ သည်လည်း။ သိက္ခာပဒမေဝ၊ ပင်တည်း။ တသ္မာ၊ကြောင့်။ တံ၊ ထို စေတနာဟူသော သိက္ခာပုဒ်ကို။ ဒဿေတုံ ဒုတိယနယော ဒဿိတော။ စ၊ ဆက်။ ယသ္မာ၊ ကြောင့်။ ကေဝလံ၊ ပရောပဏ္ဏာသဓမ္မတို့ မဖက်သက်သက်။ ဒေ၊ ကုန်သော။ ဧတေယေဝ ဓမ္မာ၊ ဤဝိရတိတရား, စေတနာတရားတို့သည်သာ။ သိက္ခာပဒံ၊ သည်။ န၊မဟုတ်သေး။ ပန၊ အဟုတ်ကား။ စေတနာသမ္ပယုတ္တာ၊ စေတနာနှင့်သမ္ပယုတ်ဖြစ်ကုန်သော။ ပရောပဏ္ဏာသဓမ္မာပိ၊ ငါးဆယ်ထက် အပို အလွန်ဖြစ်သော တရားတို့သည်လည်း။ သိက္ခိတဗ္ဗကောဋ္ဌာသတော၊ ကျင့်ထိုက် သောတရားအစုတို့၏ အဖြစ်ကြောင့်။ သိက္ခာပဒမေဝ၊ ပင်တည်း။ တသ္မာတတိယ နယောပိ၊ ကိုလည်း။ ဒဿိတော။

တတ္ထ၊ထို သိက္ခာပဒံဟူသောပါဋ္ဌ၌။ (လဗ္ဘမာနံ၊ သော။) သိက္ခာပဒံ၊ သိက္ခာ ပဒသည်။ ပရိယာယသိက္ခာပဒံ၊ ပရိယာယ်ဖြစ်သောသိက္ခာပုဒ်ရင်း။ နိပ္ပရိယာယ သိက္ခာပဒဥ၊ ပရိယာယ်မဟုတ် မုချဖြစ်သော သိက္ခာပုဒ်ရင်း။ (ဣတိ) ဒုဝိဓံ။ [ယောဇနာ၌"တတ္ထ၊ ထိုသုံးပါးသောနည်းတို့၌။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ သိက္ခာပဒံ၊သိက္ခာပဒသည်"ဟု ဖွင့်၏။] တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ဝိရတိ၊ ဝိရတိ စေတသိက်သည်။ နိပ္ပရိယာယ သိက္ခာပဒံ၊ တည်း။ ဟိ၊ မှန်။ သာ၊ ထိုဝိရတိ စေတသိက်သည်။ ပါဏာတိပါတာ ဝေရမဏီတိ၊ ဟူ၍။ ပါဋ္ဌိယံ၊ ပါဋ္ဌိတော်၌။ အာဂတာ၊ လာပြီ။ စေတနာ၊ စေတနာသည်။ (ပါဋ္ဌိယံ) နော (အာဂတာ)။ စ၊ ဆက်။ တာယဧဝ၊ ထိုထိုဝိရတိဖြင့်သာ။ ဝိရမန္တော၊ ရှောင်ကြဉ်လသော်။ တတောတတော၊ ထိုထို ပါဏာတိပါတစသည်မှ။ ဝိရမတိ၊ ၏။ စေတနာယ၊ ဖြင့်။ န(ဝိရမတိ) ရှောင်ကြဉ်သည်မဟုတ်။ ပန၊ ထိုသို့ပင် စေတနာဖြင့်မရှောင် ကြဉ်ပါသော်လည်း။စေတနံ အာဟရိတွာ ဒဿေသိ။သေသစေတနာ သမ္ပယုတ္တ ဓမ္မေ၊ဝိရတိမှကြွင်းသော စေတနာသမ္ပယုတ်တရားတို့ကို။ တထာ (အာဟရိတွာ ဒဿေသိ)။ ဟိ၊ မှန်။ ဝီတိက္ကမကာလေ၊ လွန်ကျူးရာအခါ၌။ ဝေရစေတနာ၊ ရန်ဖြစ်ကြောင်းစေတနာသည်။ ဒုဿီလျံနာမ၊ ဒုဿီလျမည်၏။ (သီလမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာမည်၏။) တသ္မာ၊ ကြောင့်။ သာ၊ ထိုဝေရစေတနာကို။ ဝိရတိ

ကာလေပိ၊ ရှောင်ကြဉ်ရာအခါ၌လည်း။ သုသိလျှဝသေန၊ ကောင်းသောသီလ ရှိသူ၏အဖြစ်ဖြင့်။ ဝုတ္တာ။ ဖဿာဒယော၊ ဖဿ-အစရှိသော တရားတို့ကို။ တံသမ္ပယုတ္တတ္တာ။ ထိုဝိရတိစေတနာတို့နှင့်သမ္ပယုတ်ဖြစ်ကုန်သည်၏အဖြစ်ကြောင့်။ ဂဟိတာ၊ ကုန်ပြီ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ဣဒါနိ၊ ၌။ ဧတေသု သိက္ခာပဒေသု၊ တို့၌။ ဉာဏသမုဋ္ဌာနတ္ထံ၊ ဉာဏ်ကို ထက်သန်စေခြင်းအကျိုးငှါ။ ဣမေသံ ပါဏာတိပါတာဒီနံ၊ ဤပါဏာတိပါတ အစရှိသည်တို့၏။ (ဝိနိစ္ဆယော၌ စပ်)။ ဓမ္မတော၊ ဓမ္မအားဖြင့်ငင်း။ ကောဋ္ဌာသတော၊ ကောဋ္ဌာသအားဖြင့်ငင်း။ အာရမ္မဏတော၊ အာရမ္မဏ အားဖြင့်ငင်း။ ဝေဒနာတော။ ပေ။ သာဝဇ္ဇတော၊ သာဝဇ္ဇအားဖြင့်ငင်း။ ပယောဂတော စ၊ ပယောဂအားဖြင့်ငင်း။ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။

တတ္ထ၊ ထို ဓမ္မအစရှိသည်တို့ဘင်။ ဓမ္မတောတိ၊ ကား။ ပဉ္စပိ၊ ငါးပါးလည်း ဖြစ်ကုန်သော။ ဧတေ ပါဏာတိပါတာဒယော၊ ဤ ပါဏာတိပါတအစရှိသော အကုသိုလ်တို့သည်။ စေတနာဓမ္မာဝ၊ စေတနာတရားတို့သည်သာ။ ဟောန္တိ။ ကောဋ္ဌာသတော၊ ကောဋ္ဌာသအားဖြင့်။ ပဉ္စပိ၊ ငါးပါးသောတရားတို့သည်လည်း။ ကမ္မပထာဧဝ၊ ကမ္မပထတို့သည်သာ ။ (ဟောန္တိ)။

အာရမ္မဏတော၊ အားဖြင့်။ ပါဏာတိပါတော၊ သည်။ ဇီဝိတိန္ဒြိယာရမ္မဏော၊ အာရုံရှိ၏။ အဒိန္နာဒါနံ၊ သည်။ သတ္တာရမ္မဏံ ဝါ၊ ရှိသည်သော်ငင်း။ သခ်ါရာရမ္မဏံ ဝါ၊ ရှိသည်သော်ငင်း။ (ဟောတိ)။ မိစ္ဆာစာရော၊ သည်။ ဣတ္ထိပုရိသာရမ္မဏော၊ မိန်းမ, ယောကျ်ားဟူသော အာရုံရှိ၏။ မုသာဝါဒေါ၊သည်။ သတ္တာရမ္မဏော ဝါ သခ်ါရာရမ္မဏော ဝါ (ဟောတိ)။ သုရာပါနံ၊ သည်။သခ်ါရာ-ရမ္မဏံ၊ အာရုံ ရှိ၏။

ဝေဒနာတော၊ အားဖြင့်။ ပါဏာတိပါတော၊ သည်။ ဒုက္ခဝေဒနော၊ ဒုက္ခ ဝေဒနာရှိ၏။ အဒိန္နာဒါနံ၊ သည်။ တိဝေဒနံ၊ ရှိ၏။ ဟိ၊ မှန်။ တံ၊ ထို အဒိန္နာဒါန သည်။ ဟဋ္ဌတုဋ္ဌဿ၊ ရွင်လန်း နှစ်သက်သည်ဖြစ်၍။ အဒိန္နံ၊ မပေးအပ်သော သဘဏ္ဍကို။အာဒိယတော၊ ယူသော ပုဂ္ဂိုလ်၏။ သုခဝေဒနံ၊ ရှိသည်။ ဟောတိ။ ဘီတကာလေ၊ ကြောက်သူ၏ အခါ၌။ ဝါ၊ ကြောက်ရာအခါ၌။ ဒုက္ခဝေဒနံ၊ ရှိသည်။(ဟောတိ)။ မဇ္ဈတ္တဿ၊ အလယ်အလတ်၌ တည်သော သဘောရှိသည် (ဖြစ်၍)။ ဂဏှကော၊ ယူသော ပုဂ္ဂိုလ်၏။ အဒုက္ခမသုခဝေဒနံ၊ ရှိ၏။ မိစ္ဆာ-စာရော၊ သည်။ သုခဝေဒနော ဝါ၊ သော်ငင်း။ အဒုက္ခမသုခဝေဒနော ဝါ၊ သော်ငင်း။ (ဟောတိ)။မုသာဝါဒေါ၊ သည်။ အဒိန္နာဒါနံဝိယ၊ အဒိန္နာဒါနသည်ကဲ့သို့။ တိဝေဒနော၊ ရှိ၏။ သုရာပါနံ၊ သည်။ သုခ မဇ္ဈတ္တဝေဒနံ၊ သုခဝေဒနာ, မဇ္ဈတ္တဝေဒနာရှိသည်။(ဟောတိ)။ [မဇ္ဈတ္တဿ၏နောက်၌ ဟုတ္စာရှိနေသည်ကား ရှိးရာမဟုတ်, ရှေးနီဿယ၌လည်း မရှိ။]

မူလတော၊ အားဖြင့်။ ပါဏာတိပါတော၊ သည်။ ဒေါသ မောဟမူလော၊ ဒေါသမူလ, မောဟမူလရှိ၏။ အဒိန္နာဒါနံ၊ သည်။ ကိဉ္ဇိကာလေ၊ အချိုသော အခါ၌။ လောဘ မောဟမူလံ၊ သည်။ (ဟောတိ)။ ကိဉ္ဇိကာလေ၊ ၌။ ဒေါသ-မောဟမူလံ (ဟောတိ)။ မိစ္ဆာစာရော၊ သည်။ လောဘမောဟမူလော။မုသာဝါဒေါ၊ သည် ။ပေ။ သုရာပါနံ၊ သည်။ လောဘ မောဟမူလံ။ (ဟောတိ)။

စ၊ ဆက်။ ကမ္မတော၊ အားဖြင့်။ တ္ထေ၊ ဤ ပါဏာတိပါတ အစရှိသည်တို့တွင်။ မုသာဝါဒေါ၊ သည်။ ဝစီကမ္မံ၊ သည်။ (ဟောတိ)။ သေသာ၊ မုသာဝါဒမှ ကြွင်းသော ပါဏာတိပါတ အစရှိသော ဒုစရိုက်တို့သည်။ ကာယကမ္မမေဝ၊ သည်သာ။ (ဟောတိ)။ သာဝဇ္ဇတော၊ သာဝဇ္ဇအားဖြင့်။ ပါဏာတိပါတော၊ သည်။ အပ္ပသာဝဇ္ဇော၊ ငယ်သောအပြစ်နှင့် တကွဖြစ်သော ပါဏာတိပါတ သည်။ အတ္ထိ။ မဟာသာဝဇ္ဇော၊ ကြီးသော အပြစ်နှင့်တကွဖြစ်သော ပါဏာတိပါတသည်။ အတ္ထိ။ အဒိန္နာဒါနာဒီနိ၊ အစရှိသည်တို့သည်။ တထာ၊ ထို ပါဏာတိပါတ အတူတည်း။ တေသံ၊ ထို အပ္ပသာဝဇ္ဇပါဏာတိပါတ အစရှိသည်တို့၏။ နာနာကရဏံ၊ အသီးအခြားပြုကြောင်း အထူးကို။ ဟေဌာ၊ အောက်၌။ (ဒွါရ ကထာ၌)။ ဒဿိတမေဝ၊ သာ။

ပန၊ဆက်ဦးအံ့။ အယံ၊ ဤ ဆိုအပ်လတ္တံ့ကား။ အပရော၊ အောက်၌ ဆိုအပ်ပြီးသောနည်းမှ အခြားသော။ နယော၊ နည်းတည်း။ ဟိ၊ ချဲ။ ကုန္ဆကိပိလ္လိကဿ၊ ပိုးရွ, ခြပုန်းကို။ ဝဓော သတ်ခြင်းသည်။ ဝါ၊ သတ်ကြောင်း စေတနာသည်။အပ္ပသာဝဇ္ဇော၊ သည်။(ဟောတိ)။ တတော၊ ထို ပိုးရွ,ခြပုန်းထက်။မဟန္တတရဿ၊ ကြီးသော သတ္တဝါကို။(ဝဓော)မဟာသာဝဇ္ဇော၊ ကြီးသော အပြစ်နှင့် တကွဖြစ်သော ပါဏာတိပါတသည်။ (ဟောတိ)။ သောပိ၊ ထို ပါဏာတိပါတ သည်လည်း။ အပ္ပသာဝဇ္ဇော၊ သည်။ (ဟောတိ၊ ဖြစ်သေး၏။) တတော၊ ထို သတ္တဝါထက်။ မဟန္တတရာယ၊ သာ၍ ကြီးသော။ သကုဏိကာယ၊ ငှက်မကို။ (ဝဓော) မဟာသာဝဇ္ဇော(ဟောတိ)။ တတော၊ ထို ငှက်မကို သတ်ခြင်းထက်။ ဂေါဓာယ၊ ဖွတ်မကို ။ပေ။ တတော၊ ထိုဖွတ်မကို သတ်ခြင်းထက်။ သသကဿ၊ ယုန်ငယ်ကို။(ဝဓော)။ပေ။ တတော၊ ထိုယုန်ငယ်ကို သတ်ခြင်းထက်။ မိဂဿ၊ သမင်ကို။ (ဝဓော) ။ပေ။ တတော၊ ထို သမင်ကို သတ်ခြင်းထက်။ ဂဝယဿ၊ နွားနောက်ကို။ ပေ။ တတော၊ ထို နွားနောက်ကို သတ်ခြင်းထက်။ အဿဿ၊ မြင်းကို ။ပေ။ တတော၊ ထိုမြင်းကို သတ်ခြင်းထက်။ ဟတ္ထိဿ၊ ဆင်ကို။ ဝဓော၊ သတ်ခြင်းသည်။ မဟာသာဝဇ္ဇော။ တတောပိ၊ ထိုဆင်ကိုသတ်ခြင်းထက်လည်း။ ဒုဿီလ မနုဿဿ၊ သီလမရှိသော လူကို။ (ဝဓော) မဟာသာဝဇ္ဇော၊ တတော၊ ထို သီလမရှိသော လူကို သတ်ခြင်းထက်။ ဂေါရူပသီလက မနုဿ-ဿ၊ နွားတို့၏သဘောရှိသော ပုဂ္ဂိုလ်၏ သီလနှင့်တူသော သီလရှိသော လူကို။

(ဝဓေါ မဟာသာဝဇ္ဇော)။ တတော၊ ထိုဂေါရူပသီလက လူကိုသတ်ခြင်းထက်။ သရဏာဂတဿ၊ သရဏာဂုံတည်သောလူကို။ (ဝဓေါ မဟာသာဝဇ္ဇော)။ တတော၊ ထိုသရဏာဂုံတည်သောလူကို သတ်ခြင်းထက်။ ပဥ္စသိက္ခာပဒိကဿ၊ ဇါးပါးသော သိက္ခာပုဒ်ရှိသောလူကို။ (ဝဓေါ မဟာသာဝဇ္ဇော)။ [သရဏာဂုံတည်လျက် ပဥ္စသိက္ခာပဒိကပုဂ္ဂိုလ်တည်း။ သရဏာဂုံမတည်ဘဲ ပဥ္စသိက္ခာပဒိက လူကိုသတ်ခြင်းကား သရဏာဂတလူကိုသတ်ခြင်းလောက် အပြစ်မကြီး။]

တတော၊ ထိုပဥ္စသိက္ခာပဒိကလူကို သတ်ခြင်းထက်။ သာမဏေရဿ၊ သီလရှိသော သာမဏေကို။ (ဝဓေါ မဟာသာဝဇ္ဇော ဟောတိ)။ တတော၊ ထိုသာမဏေကို သတ်ခြင်းထက်။ ပုထုဇ္ဇန ဘိက္ခုနော၊ ပုထုဇဉ်ရဟန်းကို။ပေ။ တတော၊ ထိုပုထုဇဉ်ရဟန်းကို သတ်ခြင်းထက်။ပေ။ ခီဏာသဝဿ ဝဓေါ။ အတိမဟာသာဝဇ္ဇောယေဝ၊ အလွန်ကြီးသော သာဝဇ္ဇသည်သာ။ (ဟောတိ)။

အဒိန္နာဒါနံ၊ သည်။ ဒုဿီလဿ၊ ၏။ သန္တကေ၊ ဥစ္စာ၌။ အပ္ပသာဝဇ္ဇံ (ဟောတိ)။ တတော၊ ထိုဒုဿီလပုဂ္ဂိုလ်၏ ဥစ္စာကိုယူခြင်းထက်။ ဂေါရူပသီလကဿ၊ ၏။ သန္တကေ မဟာသာဝဇ္ဇံ။ တတော၊ ထိုဂေါရူပသီလကပုဂ္ဂိုလ်၏ ဥစ္စာကို ယူခြင်းထက်။ သရဏာဂတဿ။ပေ။ တတော၊ ထိုသရဏာဂုံတည်သော ပုဂ္ဂိုလ်၏ ဥစ္စာကိုယူခြင်းထက်။ [တတော လိုက်စေ။] ပဥ္စသိက္ခာပဒိကဿ၊ ဇါးပါးသော သိက္ခာပုဒ်ရှိသောပုဂ္ဂိုလ်၏။ပေ။ တတော၊ ထိုအနာဂါမ်ပုဂ္ဂိုလ်၏ ဥစ္စာကို ယူခြင်းထက်။ ခီဏာသဝဿ၊ ၏။ သန္တကေ၊ ဥစ္စာ၌။ အတိမဟာသာဝဇ္ဇံယေဝ၊ သာဝဇ္ဇသည်သာ။ ဟောတိ။

မိစ္ဆာစာရော၊ သည်။ ဒုဿီလာယ၊ သော။ ဣတ္ထိယာ၊ မိန်းမကို။ ဝိတိက္ကမေ၊ လွန်ကျူးခြင်း၌။ အပ္ပသာဝဇ္ဇော. (ဟောတိ)။ တတော၊ ထိုသီလမရှိသော မိန်းမကို လွန်ကျူးခြင်းထက်။ ဂေါရူပသီလကာယ၊ နွားတို့၏ သဘောရှိသော သီလနှင့်တူသော သီလရှိသော။ (ဣတ္ထိယာ၊ ကို။) (ဝိတိက္ကမေ)။ မဟာသာဝဇ္ဇော။ပေ။ တတော၊ ထက်။ သရဏာဂတာယ၊ ကို။ပေ။ ပန၊ ကား။ ခီဏာသဝါယ၊ ကုန်ပြီးသော အာသဝေါရှိသော။ ဘိက္ခုနိယာ၊ ဘိက္ခုနီကို။ (ဝိတိက္ကမေ)။ ဇကန္တမဟာသာဝဇ္ဇော၀၊ ဇကန်မဟာသာဝဇ္ဇသည်သာ။ (ဟောတိ)။

ဂေါရူပသီလက။ ။ဂုန်း ရူပ် ယဿာတိ ဂေါရူပေါ၊ နွားတို့၏ သဘောရှိသူ။ ဂေါရူပဿ သီလံဝိယ သီလံ ယဿာတိ ဂေါရူပသီလကော၊ နွားတို့၏ သဘောရှိသော ပုဂ္ဂိုလ်၏ သီလနှင့်တူသော သီလရှိသူ။ နွားတို့သည် သူ့အသက်ကိုသတ်ခြင်း, သူ့ဥစ္စာကို ခိုးခြင်းစသော အပြစ်မရှိသကဲ့သို့, ထိုအတူ သီလမဆောက်တည်ဘဲ သူ့အသက် သတ်ခြင်း, သူ့ဥစ္စာခိုးခြင်းစသော အပြစ်ကင်းသူသည် ပင်ကိုယ်ကောင်းနေသော ဂေါရူပသီလကမည်၏၊ [ဂေါရူပသီလကေ ပကတိဘဒ္ဒေါ—ဋီကာ။]

မုသာဝါဒေါ၊ သည်။ ကာကုဏိကမတ္တဿ၊ တချင့်ရွေးမျှ အတိုင်းအရှည်ရှိသောဥစ္စာ၏။ အတ္ထာယ၊ အကျိုးငှါ။ မုသာကထနေ၊ မုသားပြောခြင်း၌။ အပ္ပသာဝဇ္ဇော။ (ဟောတိ)။ တကော၊ ထိုတချင့်ရွေးမျှ အတိုင်းအရှည်ရှိသောဥစ္စာအတွက် မုသားပြောခြင်းထက်။ အစုမာသကဿ၊ တပဲ ထက်ဝက်ရှိသောဥစ္စာ၏။ ဝါ၊ နှစ်ပြားသောဥစ္စာ၏။ အတ္ထာယ၊ ငှါ။ (မုသာကထနေ မဟာသာဝဇ္ဇော။) (တတော၊ ထိုနှစ်ပြားသော ဥစ္စာအတွက် မုသားပြောခြင်းထက်။) မာသကဿ၊ တပဲသောဥစ္စာ၏။ပေ။ ပဉ္စ မာသကဿ၊ ငါးပဲသောဥစ္စာ၏။ပေ။ အစုကဟာပဏဿ၊ တကျပ် ထက်ဝက်သောဥစ္စာ၏။ပေ။ ကဟာပဏဿ၊ တကျပ်သောဥစ္စာ၏။ပေ။ တတော၊ ထိုတကျပ်သောဥစ္စာအတွက် မုသားပြောခြင်းထက်။ အနဂ္ဃနိယဘဏ္ဍဿ၊ ပိုင်းဖြတ်နိုင်သော အဘိုးရှိသောဘဏ္ဍာ၏။ အတ္ထာယ မုသာကထနေ မဟာသာဝဇ္ဇော။ ပန၊ ဆက်။ မုသားကို။ ကထေတွာ၊ ၍။ သံဃံ၊ ကို။ ဘိန္ဒန္တဿ၊ ခွဲသောပုဂ္ဂိုလ်၏။ (မုသာဝါဒေါ)၊ ဧကန္တမဟာသာဝဇ္ဇောဝ။ (ဟောတိ)။

သုရာပါနံ၊ သေရည်ကို သောက်ခြင်းသည်။ ပသတမတ္တဿ၊ တလက်ဖက်မျှလောက်သော သေရည်ကို။ ပါနေ၊ သောက်ခြင်း၌။ အပ္ပသာဝဇ္ဇံ။ (ဟောတိ)။ အဥ္ဇလိမတ္တဿ၊ တလက်ခုပ် အတိုင်းအရှည်ရှိသော သေရည်ကို။ ပါနေ မဟာသာဝဇ္ဇံ။ (ဟောတိ)။ ပန၊ ကား။ ကာယစာလနသမတ္ထံ၊ ကိုယ်ကို ယိမ်းယိုင်လှုပ်ရှားစေခြင်း၌ စွမ်းနိုင်လောက်အောင်။ ဗဟုံ၊ များစွာ။ ပိဝိတွာ၊ သောက်ပြီး၍။ ဂါမဃာတ နိဂမဃာတကမ္မံ၊ ရွာကို ဖျက်ဆီးမှု, နိဂုံးကို ဖျက်ဆီးမှုကို။ ကရောန္တဿ၊ ပြုသောပုဂ္ဂိုလ်၏။ (သုရာပါနံ)။ ဧကန္တ မဟာသာဝဇ္ဇမေဝ။

ဟိ၊ မှန်။ ပါဏာတိပါတံ၊ ပါဏာတိပါတသို့။ ပတွာ၊ ရောက်၍။ ခီဏာသဝဿ၊ ကို။ ဝမော မဟာသာဝဇ္ဇော။ အဒိန္နာဒါနံ၊ သို့။ ပတွာ။ ၍။ ခီဏာသဝသန္တကဿ၊ ကို။ ဟရဏံ။ (မဟာသာဝဇ္ဇံ)။ မိစ္ဆာစာရံ ပတွာ။ ခီဏာသဝါယဘိကွုန်ယာ။ ဝီတိက္ကမနံ။ပေ။ ပန၊ ဆက်။ သဗ္ဗေဟိပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဧတေဟိ၊ ဤအပြစ်တို့ထက်။ မုသာဝါဒေန၊ ဖြင့်။ သံဃဘေဒနမေဝ၊ သံဃာကို ခွဲခြင်းသည်သာ။ မဟာသာဝဇ္ဇံ။ ဟိ၊ မှန်။ တံ၊ ထိုသံဃဘေဒနမုသာဝါဒသည်။ ကပ္ပံ၊ တကမ္ဘာပတ်လုံး။ နိရယေ၊ ၌။ ပါစနသမတ္ထံ၊ ကျက်စေခြင်း၌ စွမ်းနိုင်သော။ မဟာကိဗ္ဗိသံ၊ ကြီးစွာရှန့်ကြမ်းသော မကောင်းမှုတည်း။

ပယောဂတောတိ၊ ဟူသောပုဒ်၏။ (ဂိတ္ထရော ဧဝံ ဝေဒိတဗ္ဗော။) ပါဏာတိပါတော၊ သည်။ သာဟတ္ထိကောပိ၊ သာဟတ္ထိကပယောဂရှိသည်ငုင်း။ အာဏတ္တိကောပိ၊ အာဏတ္တိကပယောဂ ရှိသည်ငုင်း။ ဟောတိ။ အဒိန္နာဒါနံ၊ သည်။ တထာ၊ ထို့အတူတည်း။ မိစ္ဆာ။ပေ။ ပါနာနိ၊ ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာပါနတို့သည်။ သာဟတ္ထိကာနေဝ၊ တို့ချည်းသာ။ ဣတိ၊ အပြီးတည်း။

ဧဝံ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ တွေ့၊ ဤသိက္ခာပဒဝိဘင်း၌။ ပါဏာတိ-ပါတာဒီနံ၊ အစရှိသော ဒုစရိုက်တို့၏။ ဓမ္မာဒိဿေန၊ ဓမ္မအစရှိသော အပြားအားဖြင့်။ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကို။ ဥတ္တာ၊ သိပြီး၍။ ပါဏာတိပါတာ ဝေရမဏိတိ အာဒီနမ်ိ၊ အစရှိသော သိက္ခာပုဒ်တို့၏လည်း။ ဓမ္မတော၊ ဓမ္မအားဖြင့်ဂုဏ်း။ကမ္မတော၊ကံအားဖြင့်ဂုဏ်း။ ခဏ္ဍတော၊ကျိုးပြတ်ပုံအားဖြင့်ဂုဏ်း။ သမာဒါနတော၊ ဆောက်တည်ပုံ အားဖြင့်ဂုဏ်း။ ပယောဂတော၁၊ ပယောဂအားဖြင့်ဂုဏ်း။ ဝိနိစ္ဆယော ဇေဒိတဗ္ဗော။

တတ္ထ၊ ထို ဓမ္မတော အစရှိသည်တို့တွင်။ ဓမ္မတောတာ၊ ကား။ ပရိယာယသိလဝသေန၊ ပရိယာယသိလ၏အစွမ်းဖြင့်။ ပဋိဂ္ဂါဟိယာ၊ အစဉ်အားဖြင့်။ ပဉ္စ၊ ငါးပါးသော သိက္ခာပုဒ်တို့သည်။ စေတနာမယာ၁၊ စေတနာဓမ္မတို့သာတည်း။ [မုချအားဖြင့် ဝိရတိဖြစ်သောကြောင့် စေတနာကို ပရိယာယသိလဟုဆို့သည်။] ကောဋ္ဌာသတောတိ၊ ကား။ ပဉ္စပိ၊ ၅-ပါးသော သိက္ခာပုဒ်တို့သည်လည်း။ကမ္မ-ပထာ၁၊ ကမ္မပထ ကောဋ္ဌာသ-ရှိကုန်သည်သာ။ (ဟာန္တိ)။ အာရမ္မဏတော-တိ၊ကား။ ပါဏာတိပါဘာ၊ မှ။ ဝေရမဏိ၊ရွှေငင်ကြဉ်ကြောင်း သိက္ခာပုဒ်သည်။ ပရဿ၊ သူတပါး၏။ ဇီဝိတိန္ဒြိယံ၊ဇီဝိတိန္ဒြေကို။ အာရမ္မဏံ၊ အာရုံကို။ ကတ္တာ၊ ၍။ အတ္တနော၊ မိမိ၏။ ဝေရ၁စေတနာယ၊ ရန်ဖြစ်ကြောင်း စေတနာမှ။ ဝိရမတိ၊ ရှောင်ကြဉ်၏။ ဣတရာသုပိ၊ ပါဏာတိပါတဝေရမဏိမှ အခြားသောသိက္ခာပုဒ်တို့၌လည်း။ဧသေဝ နယော၊ တည်း။ ဟိ၊ မှန်။ သဗ္ဗာပိ၊ အလုံးစုံသည်းဖြစ်ကုန်သော။ ဧဘာ၊ ဤ ဝိရတိစေတနာတို့သည်။ ဝိတိက္ကမိတဗ္ဗဝတ္ထုံ၊ လွန်ကျူးထိုက်သော သူအသက်စသော ဝတ္ထုကို။ အာရမ္မဏံ ကတ္တာ ဝေရစေတနာဟိယေဝ၁၊ ရန်ဖြစ်ကြောင်း စေတနာတို့မှသာ။ ဝိရမန္တိ၊ ရှောင်ကြဉ်ကုန်၏။

ဝေဒနာတောတိ၊ ကား။ သဗ္ဗာပိ၊ အလုံးစုံသာ သိက္ခာပုဒ်တို့သည်လည်း။ သုခဝေဒနာ ဝါ၊ သုခဝေဒနာရှိကုန်သည်သော်၎င်း။ မဇ္ဈတ္တဝေဒနာ ဝါ၊ အလယ်အလတ်၌တည်သော သဘောရှိသော ဥပေက္ခာဝေဒနာ ရှိကုန်သည်သော်၎င်း။ (ဟောန္တိ)။ မူလတောတိ၊ ကား။ ဉာဏသမ္ပယုတ္တစိတ္တေန၊ ဉာဏသမ္ပယုတ်စိတ်ဖြင့်။ ဝိရမန္တိသာ၊ ရှောင်ကြဉ်သော ပုဂ္ဂိုလ်၏။ (ဝေရမဏိယော၊ရှောင်ကြဉ်ခြင်းတို့သည်။) အလောဘ။ပေ။မူလ၁၊ အလောဘမူလ အဒေါသမူလ အမောဟမူလ ရှိကုန်သည်။ ဟောန္တိ။ ဉာဏဝိပ္ပယုတ္တစိတ္တေန ဝိရမန္တိသာ (ဝေရမဏိယော) အလောဘ အဒေါသမူလာ ဟောန္တိ။ကမ္မတောတိ၊ ကား။ တွေ့၊ဤသိက္ခာပုဒ်တို့တွင်။ မုသာဝါဒါ၊ မှ။ ဝေရမဏိယော၁၊ ရှောင်ကြဉ်ခြင်းသည်သာ။ ဝစီကမ္မံ၊ ဝစီကံဘည်း။ [မုသားပြောရာ၌ ဝစီကံဖြစ်သောကြောင့် ဆို၏။ ပြစ်မှ ရှောင်ခြင်းကိုလည်း ဝစီကံဟု ဆိုသည်။] သေသာ၊ မုသာဝါဒ ဝေရမဏိမှ ကြွင်းသော ရှောင်ကြဉ်ခြင်းတို့သည်။ ကာယကမ္မံ၊ တည်း။

ပဋိသမ္ဘိဒါဝိဘင်း

၁-သုတ္တန္တဘာဇနီယ

၁-သင်္ဂဟဝါရအဖွင့်

၇၁၈။ ဣဒါနိ၊ သိက္ခာပဒဝိဘင်းကို ဟောတော်မူပြီးရာ ယခုအခါ၌။ တဒနန္တရေ၊ ထို သိက္ခာပဒဝိဘင်း၏ အခြားမဲ့၌။ (ဝုတ္တေ၊ အပ်သော။) ပဋိသမ္ဘိဒါ-ဝိဘင်း၊ ၌။ စတဿောတိ ဂဏနပရိစ္ဆေဒေါ။ ပဋိသမ္ဘိဒါတိ၊ ကား။-ပဘေဒါ၊ ဉာဏ်အပြားတို့သည်။ ဝါ၊ အပြားအားဖြင့်ဖြစ်သော ဉာဏ်တို့သည်။ ("စတဿော"၌ စပ်။) ပန၊ ဆက်။ ယသ္မာ၊ ကြောင့်။ ပရတော၊ နောက်၌။ အတ္ထေ ဉာဏံ အတ္ထ ပဋိသမ္ဘိဒါတိ အာဒိ၊ အစရှိသောစကားရပ်ကို။ (ဘဂဝါ) အာဟ။ တသ္မာ၊ ထို့ကြောင့်။ ဝါ၊ ထိုသို့ အတ္ထေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ အစရှိသည်ကို ဟောတော်မူခြင်းကြောင့်။ (ဉာဏံ ဟု ဟောတော်မူခြင်းကြောင့်-ဟူလို။) အညဿ၊ အခြားသော။ ကဿစိ၊ တစုံတခုသောအရာ၏။ ပဘေဒါ၊ အပြားတို့သည်။ နု၊ မဟုတ်။ ဉာဏဿေဝ၊ ၏သာ။ ပဘေဒါ၊ တို့တည်း။ ဣတိ ဝေဒိတဗ္ဗာ။ ဣတိ၊ ဤသို့လျှင်။ စတဿော ပဋိသမ္ဘိဒါတိပဒေန၊ ဟူသောပုဒ်ဖြင့်။ စတ္တာရော၊ ကုန်သော။ ဉာဏပ္ပဘေဒါ၊ ဉာဏ်အပြားတို့တည်း။ ဣတိ အယံ အတ္ထော၊ ဤအနက်ကို။ သင်္ဂဟိတော၊ သိမ်းယူအပ်ပြီ။

အတ္ထပဋိသမ္ဘိဒါတိ၊ ကား။ အတ္ထေ၊ အကျိုး၌။ (အနက်၌)။ ပဋိသမ္ဘိဒါ၊ အသီးအသီး ခွဲခြားစိတ်ဖြာတတ်သော ဉာဏ်တည်း။ ဝါ၊ အသီးအသီး ခွဲခြား စိတ်ဖြာ၍ သိတတ်သော ဉာဏ်တည်း။ အတ္ထပ္ပဘေဒဿ၊ အနက်အပြားကို။

ပဋိသမ္ဘိဒါတိပဘေဒါ။ ။ပဘေဒ (အပြား)ဟု ဆိုသော်လည်း စတဿောအရ ၄-ပါး ပြားသော အပြားမဟုတ်, ဉာဏ်အပြားတည်း၊ ထို့ကြောင့် နောက်၌ " ဉာဏပ္ပဘေဒါတိ အယမတ္ထော သင်္ဂဟိတော"ဟု မိန့်သည်၊ ထိုဉာဏ်အပြားဟူသည်လည်း သလ္လက္ခဏ ကရဏ သမတ္ထဉာဏ်, ဝိဘာဝနကရဏ သမတ္ထဉာဏ်, ဝဝတ္ထာန ကရဏသမတ္ထဉာဏ်တို့တည်း၊ ထို့ကြောင့် "အတ္ထပ္ပဘေဒဿ သလ္လက္ခဏ။ပေ။သမတ္ထံ" စသည်ကို မိန့်သည်။

ဝစနတ္ထ။ ။ပဘိ ဝိသုံဝိသုံ+ သမ္ဘိဇ္ဇတိ ဘောဟီတိ ပဋိသမ္ဘိဒါ၊ ဘောဟိ၊ ဤဉာဏ်ပညာ တို့ဖြင့်။ ပဘိ (ဝိသုံ ဝိသုံ)၊အသီးအသီး။ သမ္ဘိဇ္ဇတိ၊ခွဲခြား စိတ်ဖြာ၍ သိတတ်၏၊ ဣတိ၊ထိုသို့ ခွဲခြား စိတ်ဖြာ၍ သိကြောင်းတို့၏ အဖြစ်ကြောင့်။ တာ၊ထိုဉာဏ်ပညာတို့သည်။ ပဋိသမ္ဘိဒါ၊ တို့ မည်၏။

အတ္ထပဋိသမ္ဘိဒါ။ ။"အတ္ထေ ပဋိသမ္ဘိဒါ"ဟု ဖွင့်သောကြောင့် "အတ္ထ"သည် ပဋိသမ္ဘိဒါ ဉာဏ်၏ ဖြစ်ရာဝိသယတည်း၊ ထို့ကြောင့် ဝိသယာဓာရ အနေအားဖြင့် "အတ္ထေ"ဟု မိန့်သည်၊ အတ္ထေ+ပဋိသမ္ဘိဒါ-အတ္ထပဋိသမ္ဘိဒါ-အတ္ထအပေါ်၌ ဖြစ်သောဉာဏ်။ ဓမ္မပဋိသမ္ဘိဒါ စသည်တို့၌လည်း နည်းတူ။

သလ္လက္ခဏ။ ပေ။ သမတ္ထံ၊ မှတ်သားခြင်း, ထင်စွာဖြစ်စေခြင်း, အသီးအသီး ပိုင်းခြားခြင်းကို ပြုခြင်း၌ စွမ်းနိုင်သော။အတ္ထေ၊အကျိုး၌။(အနက်၌)။ပဘေဒ-ဂတံ၊ အပြားအားဖြင့် ဖြစ်သော။ ဉာဏံ၊ ဉာဏ်တည်း။ ဣတိအတ္ထော။ သေသ ပဒေသုပိ၊ အတ္ထပဋိသမ္ဘိဒါပုဒ်မှ ကြွင်းသော မေ္မပဋိသမ္ဘိဒါစသော ပုဒ်တို၌ လည်း။ ဇသေဝနယော၊ တည်း။

ဟိ၊ ခဲ့။ ဓမ္မပ္ပဘေဒဿ၊ အကြောင်းအပြားကို။ သလ္လက္ခဏ။ပေ။ သမတ္ထံ၊ သော။ ဓမ္မေ၊ အကြောင်း၌။ (အကြောင်းအပေါ်၌။) ပဘေဒဂတံ ဉာဏံ ဓမ္မ-ပဋိသမ္ဘိဒါနာမ။ နိရုတ္တိပ္ပဘေဒဿ၊ ထုတ်ဖော် ရွတ်ဆိုအပ်သော သဒ္ဒါအပြား ကို။ သလ္လက္ခဏ။ပေ။သမတ္ထံ၊ သော။ နိရုတ္တာဘိလာပေ၊ အနက်သို့ ရှေးရှုရွတ်ဆို အပ်သော သဒ္ဒါ၌။ ပဘေဒဂတံ ဉာဏံ နိရုတ္တိ ပဋိသမ္ဘိဒါနာမ။ ပဋိဘာနပ္ပ-ဘေဒဿ၊ ပဋိဘာန်အပြားကို။ သလ္လက္ခဏ။ပေ။ သမတ္ထံ၊ သော။ ပဋိဘာနေ၊ ရှေးရှုဆင်လာသောဉာဏ်၌။ ပဘေဒဂတံ ဉာဏံ ပဋိဘာနပဋိသမ္ဘိဒါနာမ။

ဣဒါနိ၊ ၌။ ယဿာ နိက္ခိတ္တာ၊ အကြင်အကြင် မာတိကာ ချထားအပ်ပြီး ကုန်သော။ ပဋိသမ္ဘိဒါ၊ တို့ကို။ ဘာဇေတွာ ဒဿေန္တော၊ ကြောင့်။ အတ္ထေ ဉာဏံ အတ္ထ ပဋိသမ္ဘိဒါတိ အာဒိံ (ဘဂဝါ) အာဟ။ တတ္ထ၊ ထို အတ္ထေ ဉာဏံ အတ္ထ ပဋိသမ္ဘိဒါ အစရှိသော စကားရပ်၌။ အတ္ထောတိ၊ ကား။ သခေ်ပ-တော၊ အကျဉ်းအားဖြင့်။ ဟေတုဖလံ၊ အကြောင်း၏ အကျိုးတည်း။ ဟိ၊ မှန်။ (တနည်း) ဟိ (ယသ္မာ)၊ ကြောင့်။ တံ၊ ထို ဟေတုဖလကို။(အတ္ထောတိ ဝုစ္စတိ ၌စပ်။)ဟေတုဝသေန၊အကြောင်း၏အစွမ်းဖြင့်။ဝါ၊ အကြောင်းနှင့်စပ်သဖြင့်။ အရဏီယံ၊ သိထိုက်၏။ ဂန္တဗ္ဗံ ပတ္တဗ္ဗံ၊ ရောက်ထိုက်၏။ ဘသ္မာ အတ္ထောတိဝုစ္စတိ။ ပန၊ ဆက်။ ပဘေဒဘော၊ အပြားအားဖြင့်။ ယံကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ ပစ္စယသမုပ္ပန္နံ၊အကြောင်းတရားကြောင့်ကောင်းစွာဖြစ်သောအကျိုးတရားဂုင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဂုင်း။ ဘာသိတတ္ထော၊ ဟောအပ်သောအနက်ဂုင်း။ ဝိပါကော၊ ဝိပါက်ဂုင်း။ ကိရိယာ၊ ကိရိယာဂုင်း။ ဣတိ၊ သို့။ ပဉ္စ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့ကို။ အတ္ထောတိ ဝေဒိတဗ္ဗာ၊ ကုန်၏။ တံ အတ္ထံ၊ ထိုအကျိုးကို။(ထိုအနက်ကို)။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သောပုဂ္ဂိုလ်၏။ တသ္မိံ အတ္ထေ၊ ထိုအကျိုး၌။ (ထို အနက်၌)။ ပဘေဒဂတံ၊ သလ္လက္ခဏစသော အပြားအားဖြင့် ရောက်သော။ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။

အတ္ထော။ ။အရဏီယံကို ကြည့်၍ အတ္ထောဒ္ဒ "အရ ဂတိမှိ" ဟူသော ဓာတ် ထ-ပစ္စည်းတည်း၊ အရီယတေ ဂမီယတေ-ဉာဏ်ဖြင့် ရောက်အပ်၏၊ ဝါ-သိအပ်၏၊ ဣတိအတ္ထော။ ထိုအတ္ထသည် ၅-ပါးပြား၏၊ ကြိယာလည်း ဉာဏ်ဖြင့် သိအပ်သောကြောင့် အတ္ထဒ္ဒ ပါဝင်-သည်၊ ဤအတ္ထ ၅-ပါးသည် ပါဋိတော် သစ္စဝါရ စသည်တို့၌ တိုက်ရိုက်လာသည်၊

ဓမ္မောတိ၊ကား။ သခေ်ပတော၊ ဖြင့်။ ပစ္စယော၊ အကြောင်းတည်း။ဟိ၊မှန်။ (တနည်း) ဟိ(ယသ္မာ)၊ ကြောင့်။ သော၊ ထိုအကြောင်းကို။ ဝါ၊ထိုအကြောင်းသည်။ တံတံ၊ ထိုထို အကျိုးကို။ ဝိဒဟတိ၊ စီမံတတ်၏။ ပဝတ္တေတိ စေဝ၊ ဖြစ်လည်း ဖြစ်စေတတ်၏။ ပါပေတိစ၊ ရောက်လည်း ရောက်စေတတ်၏။ တသ္မာ၊ ကြောင့်။ ဓမ္မောတိ၊ ဟူ၍။ ဝုစ္စတိ။ [ဟိနောက်၌ ယသ္မာဟု တွေ့ရ၏။ စာသွားရိုးရာမဟုတ်, ဟိကိုပင် ယသ္မာ အနက် ပေးနိုင်သည်။ ရှေဝါကျ၌လည်း တံ ဟိစသည်ဖြင့် ယသ္မာ မပါခဲ့။]ပန၊ ဆက်။ ပဘေဒတော၊ အားဖြင့်။ ယောကောစိ၊ အမှတ်မရှိ ကြွင်းမဲ့ဥဿုံ အလုံးစုံသော။ ဖလနိဗ္ဗတ္တကော၊ အကျိုးကိုဖြစ်စေတတ်သော။ ဟေတု၊ အကြောင်းရင်း။ အရိယမဂ္ဂေါ၊ အရိယမဂ်ရင်း။ ဘာသိတံ၊ ပြောဆိုတတ်သော သဒ္ဒါရင်း။ ကုသလံ၊ ရင်း။ အကုသလံ၊ ရင်း။ ဣတိ၊ သို့။ပဥ္စ၊ ကုန်သော။ ဣမေ ဓမ္မာ ဓမ္မောတိ ဝေဒိတဗ္ဗာ။ [ဤဓမ္မ ၅-ပါးလည်း ပါဋိတော်၌ တိုက်ရိုက်လာ၏။] တံ ဓမ္မံ၊ ထိုဓမ္မကို။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သောပုဂ္ဂိုလ်၏။ တသ္မိံ ဓမ္မေ၊ ထိုဓမ္မ၌။ ပဘေဒဂတံ၊ သလ္လက္ခဏစသော အပြားဖြင့်ဖြစ်သော။ ဉာဏံ၊ သည်။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။

တတြ။ပေ။ ဉာဏန္တိ၊ ကား။ တသ္မိံ အတ္တေစ၊ ထိုအကျိုး၌ရင်း။ တသ္မိံ ဓမ္မေစ၊ ထိုအကြောင်း၌ရင်း။ [တတြ၏ အဖွင့်။] ယာ သဘာဝနိရုတ္တိ၊ အကြင် မဖောက်မပြန် ဟုတ်မှန်သောသဘော ဖြစ်သော ထုတ်ဖော် ရွတ်ဆိုအပ်သော သဒ္ဒါသည်။ (အတ္ထိ)။ တဿ၊ ထို မဖောက်မပြန် ဟုတ်မှန်သော သဘော ဖြစ်သော သဒ္ဒါကို။ အဘိလာပေ၊ ရှေရှရွတ်ဆိုခြင်း၌။ (ဉာဏံ၊ သိတတ်သော ဉာဏ်သည်။ နိရုတ္တိ ပဋိသမ္ဘိဒါ၊ မည်၏ ၌စပ်။) သဘာဝနိရုတ္တိံ၊ မဖောက်မပြန် ဟုတ်မှန်သောသဘော ဖြစ်သော ထုတ်ဖော် ရွတ်ဆိုအပ်သော။ တံ သဒ္ဒံ၊ ထို

ဓမ္မော။ ။တံတံ ဝိဒဟတိကို ထောက်၍ ဓာဓာတ် ရမ္မပစ္စည်းဟု ကြံစေလိုဟန်တူသည်၊ ထုံးစံအားဖြင့်ကား ဓရဓာတ်ဖြင့် "ဓရတိဘိ ဓမ္မော"၊ခရီသဘေတိ ဓမ္မောဟု ဖြစ်သည်၊ ဝိဒဟတိကိုပင် "ပဝတ္တေတိ စေဝ ပါပေတိစ"ဟု အဓိပ္ပါယတ္ထဖွင့်သည်၊ ဝိဒဟတိအရ "စီမံ" ဟူသည် ပစ္စယုပ္ပန် စသည်တို့ကို ဖြစ်စေခြင်း, မဂ်တည်းဟူသော တရားက နိဗ္ဗာန်တည်းဟူသော အတ္ထသို့ ရောက်စေခြင်းတည်း။

သဘာဝနိရုတ္တိ ။ပေ။အဘိလာပေ။ ။ဓမ္မနိရုတ္တာဘိလာပေ၌ "ဓမ္မနိရုတ္တိ+အဘိလာပေ" ဟု ပုဒ်ဖြတ်၊ ဓမ္မသဒ္ဒါသည် ဓမ္မော သဘာဝေစသော အဘိဓာန် (၇၈၄)လာ အနက်တို့တွင် "သဘာဝအနက် ဟောတည်း"ဟု သိစေလို၍ "သဘာဝနိရုတ္တိ"ဟု ဖွင့်သည်၊ သ-ထင်ရှားရှိသော ဘာဝ-အရာဝတ္ထု၊ (အနက်ဒြဗ်)၊ ထိုထင်ရှားရှိသော အရာဝတ္ထုကိုပင် ထင်ရှားရှိသည့် အတွက် မှန်ကန်သောကြောင့် "သဘာဝ၊မဖောက်မပြန် ဟုတ်မှန်သော သဘော"ဟု အနက်ပေးကြသည်။ [အဘိလာပေ နောက်၌ ပိုဒ်ခတ်ပါ၊ တံ သဘာဝနိရုတ္တိံ-စသည်ကား အကျယ်တည်း။]

အသံကို။ အာရမ္မဏံ ကတ္ဝာ၊ အာရုံပြု၍။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သောပုဂ္ဂိုလ်၏။ တသ္မိံ သဘာဝနိရုတ္တာဘိလာပေ၊ ထိုမဖောက်မပြန် ဟုတ်မှန်သောသဘောဖြစ်သော ထုတ်ဖော် ရွတ်ဆိုအပ်သောသဒ္ဒါကို ရှေ့ရှုရွတ်ဆိုခြင်း၌။ ပဘေဒဂတံ ဉာဏံ နိရုတ္တိ ပဋိသမ္ဘိဒါ။

ဝေံ၊ ဤသို့လျှင်။ အယံ နိရုတ္တိ ပဋိသမ္ဘိဒါ၊ သည်။ သဒ္ဒါရမ္မဏာနာမ၊ အသံဟူသောအာရုံ ရှိသည်မည်သည်။ ဇာတာ၊ ဖြစ်ပြီ။ ပညတ္တိအာရမ္မဏာ၊ သဒ္ဒပညတ်ဟူသော အာရုံရှိသည်။ နု (ဇာတာ)၊ မဖြစ်။ ကသ္မာ၊ ကြောင့်။ (အယံ နိရုတ္တိ ပဋိသမ္ဘိဒါ သဒ္ဒါရမ္မဏာနာမ ဇာတာ၊ နည်း။) ဟိ ယသ္မာ၊ ကြောင့်။ သဒ္ဒံ၊ ကို။ သုတ္ဝာ၊ ၍။ အယံ၊ ဤအသံသည်။ သဘာဝနိရုတ္တိ၊ သဘာဝနိရုတ္တိတည်း။ အယံ၊ ဤအသံသည်။ နု သဘာဝနိရုတ္တိ၊ သဘာဝနိရုတ္တိအသံ မဟုတ်။ ဣတိ ဇာနန္တိ။ (တသ္မာ အယံ နိရုတ္တိ ပဋိသမ္ဘိဒါ သဒ္ဒါရမ္မဏာနာမ ဇာတာ။) ဟိ၊ မှန်။ ပဋိသမ္ဘိဒါပွတ္တော၊ ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်သောပုဂ္ဂိုလ်သည်။ ဖဿောတိ၊ ဟူ၍။ ဝုတ္တေ၊ ပုံလိန်ဖြင့် ရွတ်ဆိုအပ်သော်။ အယံ၊ ဤဖဿောဟူသောအသံသည်။ သဘာဝနိရုတ္တိ၊ တည်း။ ဣတိ ဇာနာတိ။ ဖဿာတိဝါ၊ ဟူ၍သော်ငင်း။ ဖဿန္တိ ဝါ၊ ဟူ၍သော်ငင်း။ ဝုတ္တေ ပန၊ ဣတ္ထိလိန် နပုံလိန်ဖြင့် ဆိုအပ်သော်ကား။ အယံ၊ ဤ ဖဿာ ဖဿံဟူသော အသံသည်။ နု သဘာဝနိရုတ္တိ၊ သဘာဝနိရုတ္တိ မဟုတ်။ ဣတိ ဇာနာတိ။ ဝေဒနာဒီသုပိ၊ ဝေဒနာအစရှိသည်တို့၌လည်း။ ဧသေဝနယော။

ပန၊ ဆက်။ ဧသ (ဧသော)၊ဤ ပဋိသမ္ဘိဒါပွတ္တ ပုဂ္ဂိုလ်သည်။ အညံ၊ မာဂဓနိရုတ္တိမှ အခြားသော။ နာမ။ ပေ။ ဗျဉ္ဇနသဒ္ဒံ၊သက္ကဋ္ဌဘာသာ စသည်ဖြင့်ရွတ်ဆိုအပ်သော နာမ်အာချာတ် ဥပသာရနိပါတ်ဖြစ်သော ဗျဉ္ဇနသဒ္ဒါကို။ ဇာနာတိ၊ သိသလော။ နု ဇာနာတိ၊ မသိသလော။ ဣတိ၊ ဤကား အမေးတည်း။ ယဒဂ္ဂေန၊ အကြင်အပိုင်းအခြားဖြင့်။သဒ္ဒံ၊အသံကို။သုတ္ဝာ၊ကြား၍။အယံ၊ ဤအသံသည်။ သဘာဝနိရုတ္တိ၊ တည်း။ အယံ၊ ဤအသံသည်။ နု သဘာဝနိရုတ္တိ၊ မဟုတ်။ ဣတိ ဇာနာတိ၊ ၏။ တဒဂ္ဂေန၊ ထိုအပိုင်းအခြားဖြင့်။ တမ္မိ၊ ထို အခြားဘာသာဖြင့် ရွတ်ဆိုအပ်သော သဒ္ဒါကိုလည်း။ ဇာနိဿတိ၊ သိလတ္တံ့။ ဣတိ ဝဒန္တိ၊ ကုန်၏။ ပန၊ ထိုသို့ပင် ဆိုကြပါသော်လည်း။ တံ၊ ထိုစကားကို။ (ပဋိကွိပိတ္ဝာ ၌စပ်။) ဣဒံ၊ ဤသက္ကဋ္ဌဘာသာစသည်ဖြင့် ရွတ်ဆိုအပ်သော နာမ် အာချာတ် ဥပသာရ

နိရုတ္တိ။ ။"နိ+ဥတ္တိ"ဟု ပုဒ်ဖြတ်၊ နိ-ထုတ်ဖော်၍+ဥတ္တိ-ရွတ်ဆိုအပ်သော အသံ၊[ဓမ္မောစသော+နိရုတ္တိစာတိ=ဓမ္မနိရုတ္တိ။]အဘိ-အနက်သို့ ရှေ့ရှု+လာပ-ရွတ်ဆိုခြင်း၊ ဓမ္မနိရုတ္တိတုန်းက မရွတ်ဆိုသေး, ရွတ်ဆိုထိုက်သော အသံကိုသာ ရသေး၏၊အဘိလာပ၌ကား တွတ်တွတ် ရွတ်ဆိုခြင်းကို ရသည်၊ ထိုသို့ ရွတ်ဆိုရာ၌ အမှား အမှန်ကို ခွဲခြား၍ သိတတ်သောဉာဏ်သည် ဓမ္မနိရုတ္တာဘိလာပေ ဉာဏံ မည်၏။

နိပါတ်ဖြစ်သော ဗျဉ္ဇနသဒ္ဒါကို သိခြင်းသည်။ ပဋိသမ္ဘိဒါကိစ္စံ၊ ပဋိသမ္ဘိဒါ ဉာဏ်၏ ကိစ္စသည်။ နဲ၊ မဟုတ်။ ဣတိ ပဋိကွိပိတ္ဒာ၊ ပယ်ပြီး၍။ ဣဒံ ဝတ္ထု၊ ကို။ ကထိတံ၊ ရှေးအဌကထာ၌ ဆိုအပ်ပြီ။

ကိရ၊ ခဲ့။ တိဿဒတ္တတ္ထေရော၊ တိဿဒတ္ထထေရ်သည်။ ဗောဓိမဏ္ဍေ၊ သဗ္ဗ-ညုတဉာဏ်တော်၏ ကြည်လင်ရာ မဟာဗောဓိမဏ္ဍိုင်၌။ သုဝဏ္ဏသလာကံ-ကောင်းမြတ်သော ရွှေစာရေးတံကို။ [သုဝဏ္ဏသလာကန္တိ သေဌသလာကံ-ဋီကာ။] ဂဟေတ္ဒာ၊ ၍။ အဌာရသသု၊ တဆယ့်ရှစ်ရပ်ကုန်သော။ ဘာသာသု၊ ဘာသာတို့တွင်။ ကတရဘာသာယ၊ အဘယ်ဘာသာဖြင့်။ ကထေမိ၊ ပြောဟော ရမည်နည်း။ ဣတိ, ပဝါရေသိ၊ ဖိတ်မန်ပြီ။ ပန၊ ဆက်။ တံ၊ ထိုဖိတ်မန်ခြင်းကို။ (ပဝါရိတံ၌ အဘေဒဘေဒူပစာ ကြံ။) တေန၊ ထို တိဿဒတ္တထေရ်သည်။ အတ္တနော၊ ၏။ ဥဂ္ဂဟေ၊ တဆယ့်ရှစ်ရပ် သင်ယူအပ်ပြီးသော ဘာသာ၌။ ဌတ္ဒာ, ပဝါရိတံ၊ ဖိတ်မန်အပ်ပြီ၊ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါဉာဏ်၌။ ဌိတေန၊ လျက်။ နဲ ပဝါရိတံ၊ ဖိတ်မန်အပ်သည်မဟုတ်။ ဟိ၊ မှန်။ သော၊ ထိုတိဿဒတ္တထေရ်သည်။ မဟာပညတာယ၊ ကြီးသောပညာ ရှိသည်၏အဖြစ်ကြောင့်။ တံတံ ဘာသံ၊ ထိုထို ဘာသာကို။ ကထာပေတ္ဒာ ကထာပေတ္ဒာ၊ သင်ပြမည့်ဆရာကို ဆိုစေ၍ ဆိုစေ၍။ ဥဂ္ဂဏှိ၊ သင်ယူပြီ။ တတော၊ ကြောင့်။ ဥဂ္ဂဟေ၊ သင်ယူအပ်သော အတတ်၌။ ဌတ္ဒာ၊ တည်၍။ ဧဝံ ပဝါရေသိ။

စပန၊ ထပ်၍ ဆက်ဦးအံ့။ ဧတ္ထ၊ ဤဘာသာကို သင်ယူရာ၌။ ဘာသံနာမ၊ ပြောဆိုအပ်သော ဘာသာစကား မည်သည်ကို။ သတ္တာ၊ သတ္တဝါတို့သည်။ ဥဂ္ဂဏှ-နွိ၊ သင်ယူကြကုန်၏။ ဣတိ, ဝတ္ဒာ၊ ပြောဆို၍။ ဣဒံ၊ ဤ ဆိုအပ်လတ္တံ့ သော စကားကို။ ကထိတံ၊ ရှေးအဌကထာ၌ ဆိုအပ်ပြီ။ ဟိ၊ ခဲ့။ မာတာပိတရော၊ အမိ အဘတို့သည်။ ဒဟရကာလေ၊ ငယ်ရွယ်စဉ်အခါ၌။ ကုမာရကေ၊ သတို့သား တို့ကို။ မဉ္ဇေဝါ၊ ၌သော်ငင်း။ ပီဌေဝါ၊ သော်ငင်း။ နိပဇ္ဇာပေတ္ဒာ၊ အိပ်စေ၍။ တံတံ၊ ထိုထို ပြောဆိုအပ်သော ဘာသာစကားကို။ ကထယမာနာ၊ ပြောကုန် လျက်။ တာနိတာနိ ကိစ္စာနိ၊ ထိုထို ကိစ္စတို့ကို။ ကရောန္တိ၊ ပြုကြကုန်၏။ ဒါရကာ၊ ကလေးတို့သည်။ တေသံ၊ ထိုအမိအဘတို့၏။ တံတံ ဘာသံ၊ ထိုထို ပြောဆိုအပ် သော ဘာသာစကားကို။ ဝဝတ္ထာပေန္တိ၊ အသီးအသီး ပိုင်းခြား၍ တည်စေကြ ကုန်၏။ (မှတ်သားကြကုန်၏။) (ကိံ၊ နည်း။) ဣမိနာ၊ ဤသူသည်။ ဣဒံ၊ ဤ အကြောင်းအရာကို။ ဝုတ္တံ၊ ပြောဆိုအပ်ပြီ။ ဣမိနာ၊ သည်။ ဣဒံ၊ ကို။ ဝုတ္တံ၊ ပြီ။ ဣတိ (ဝဝတ္ထာပေန္တိ)။

ကာလေ၊ အခါသည်။ ဂစ္ဆန္တေ ဂစ္ဆန္တေ၊ လွန်သွားလတ်, လွန်သွားလတ် သော်။ သဗ္ဗမိ၊ အလုံးစုံလည်းဖြစ်သော။ ဘာသံ၊ ဘာသာစကားကို။ ဇာနန္တိ၊ သိကြကုန်၏။ ဝါ၊ တတ်ကြကုန်၏။ မာတာ၊ အမိသည်။ ဒမိဋ္ဌီ၊ ဒမိဋ္ဌအမျိုးသွီး

သည်။ (ဟောတိ၊ ဖြစ်အံ့။)ပိတာ၊ အဘသည်။ အန္ဓကော၊ အန္ဓက တိုင်းသား သည်။ (ဟောတိ၊ ဖြစ်အံ့။ ဧဝံသတိ၊ သော်) တေသံ၊ ထိုအမိအဘတို့၏။ ဝါ၊ထို အမိအဘတို့ကို စွဲ၍။ ဇာတော၊ မွေးဖွားသော။ ဒါရကော၊ သည်။ မာတုကထံ၊ အမိ၏စကားကို။ ပဋမံ၊ ရှေးဦးစွာ။ သစေ သုဏာတိ၊ အကယ်၍ကြားရအံ့။ (ဧဝံ သတိ၊ သော်။ ဒမိဋ္ဌဘာသံ၊ ဒမိဋ္ဌလူမျိုးတို့၏ ဘာသာစကားကို။ ဘာသိဿတိ၊ ပြောဆိုလတ္တံ့။ ပိတုကထံ၊ အဘ၏စကားကို။ ပဋမံ, သစေ သုဏာတိ။(ဧဝံသတိ) အန္ဓကဘာသံ၊ အန္ဓကလူမျိုးတို့၏ ဘာသာစကားကို။ ဘာသိဿတိ။ ပန၊ဆက်။ ဥဘိန္နမ္ပိ၊ ၂-ယောက်သော မိဘတို့၏လည်း။ ကထံ၊ ကို။ အဿုဏန္တော၊ မကြား လသော်။ မာဂဓဘာသံ၊ မာဂဓတိုင်း၌ဖြစ်သော ဘာသာစကားကို။ ဘာသိ ဿတိ၊ ပြောဆိုလတ္တံ့။

ယောပိ၊ အကြင်ကလေးသည်လည်း။ အဂါမကေ၊ ရွာမရှိသော။ မဟာ-ရညေ၊ ကြီးစွာသော တော၌။ နိဗ္ဗတ္တော၊ ဖြစ်ရပြီ။ တတ္ထ၊ထိုကြီးစွာသောတော၌။ အညော၊ မိမိမှ တပါးသော။ ကထေန္တောနာမ၊ စကားပြောသူမည်သည်။ နတ္ထိ။ သောပိ၊ ထိုကလေးသည်လည်း။ အတ္တနော၊ ၏။ ဓမ္မတာယ၊သဘောအားဖြင့်။ ဝစနံ၊ စကားလုံးကို။ သမုဋ္ဌာပေန္တော၊ ဖြစ်စေလသော်။ မာဂဓဘာသမေဝ၊ မာဂဓဘာသာကိုသာ။ ဘာသိဿတိ၊ ပြောလတ္တံ့။ နိရယေ၊ ငရဲဌင်း။တိရစ္ဆာန-ယောနိယံ၊ တိရစ္ဆာန်မျိုးဌင်း။ ပေတ္တိဝိသယေ၊ ပြိတ္တာတို့၏ဖြစ်ရာ နယ်မြေဌင်း။ မနုဿလောကေ၊ လူ့ပြည်ဌင်း။ ဒေဝလောကေ၊နတ်ပြည်ဌင်း။ဣတိ၊ ဤသို့။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်၌။ မာဂဓဘာသာဝ၊ သည်သာ။ဥဿန္နာ၊ များ၏။

တတ္ထ၊ ထို မာဂဓဘာသာ, ကြွင်းသောဘာသာတို့တွင်။ သေသာ၊ မာဂဓ ဘာသာမှ ကြွင်းကုန်သော။ သြဋ္ဌ။ပေ။ဘာသာဒိကာ၊သြဋ္ဌလူမျိုးတို့၏ဘာသာ, ကိရာတလူမျိုးတို့၏ ဘာသာ,အန္ဓကလူမျိုးတို့၏ ဘာသာ,ယောနကလူမျိုးတို့၏ ဘာသာ, ဒမိဋ္ဌလူမျိုးတို့၏ဘာသာအစရှိကုန်သော။ အဋ္ဌာရသ၊ တဆယ့်ရှစ်ရပ် ကုန်သော။ ဘာသာ၊ ပြောဆိုအပ်သော ဘာသာစကားတို့သည်။ ပရိဝတ္တန္တိ၊ ပြောင်းလွှဲကုန်၏။ [ရှေးနိဿယ၌"သြဋ္ဌ။ပေ။ဘာသာဒိကာ၊ချင်းတို့၏ ဘာသာ ကရင်တို့၏ဘာသာ, တင်ကျည်းတို့၏ဘာသာ, ပန်းသေးတို့၏ ဘာသာ, ကျေး တို့၏ဘာသာ အစရှိကုန်သော"ဟု ပေး၏။ သို့သော်သြဋ္ဌစသော အမည်တို့သည် မြန်မာနိုင်ငံလူမျိုးတို့၏ အမည်မဟုတ်။ ဣန္ဒိယတိုင်း လူရိုင်းတို့၏အမည်တည်း။ "ပြောင်းလွှဲဟူသည် မူလအသုံးအနှုန်းပျက်၍ တမျိုးတဖုံဖြစ်သွားခြင်းတည်း" ဟု ဋီကာ ဖွင့်သည်။]

ကော၊ တမျိုးတည်းသော။ ယထာဘုစ္စ။ ပေ။သခ်ါတာ၊ မဖောက်မပြန် ဟုတ်မှန်သော မြတ်သောအခေါ်အဝေါ် အသုံးအနှုန်း အရိယာတို့၏ အခေါ် အဝေါ် အသုံးအနှုန်းဟု ဆိုအပ်သော။ အယမေဝ မာဂဓဘာသာ၊ ဤမာဂဓ

ဘာသာသည်သာ ။နှ ပရိဝတ္တတိ၊ မပြောင်းလဲ။ သမ္မာသမ္မုဒ္ဒါပိ၊ သည်လည်း။ တေပိဋကံ၊ ပိဋကသုံးပုံဟူသော။ ဇုဒ္ဓဝစနံ၊ ဘုရားစကားတော်ကို။ တန္တိ ံ၊ ပါဠိတော်အစဉ်သို့။ အာရောပေန္တော၊ တင်တော်မူလသော်။ မာဂဓဘာသာယဝေ၊ မာဂဓဘာသာဖြင့်သာ။အာရောပေသိ၊ တင်တော်မူပြီ။ကသ္မာ၊ကြောင့်။(ဘမှာ-သမ္မုဒ္ဒါပိ။ပေ။ အာရောပေသိ၊ မူသနည်း။) ဟိ (ယသ္မာ)၊ ကြောင့်။ ဧဝံ၊ ဤသို့ မာဂဓဘာသာဖြင့် ပါဠိတော်သို့တင်လသော်။အတ္ထံ၊ အနက်အဓိပ္ပါယ်ကို။ အာဟရိတုံ၊ ဆောင်ယူခြင်းငှါ။ သုဒ်၊ လွယ်ကူသည်။ ဟောတိ။(တသ္မာသမ္မာ-သမ္မုဒ္ဒါပိ။ပေ။အာရောပေသိ။)ဟိ၊မှန်။ မာဂဓဘာသာယ၊ ဖြင့်။တန္တိ ံ၊သို့။ အာရဒ္ဓဿ၊ တက်ရောက်သော။ ဇုဒ္ဓဝစနဿ၊ ဘုရားစကားတော်၏။ ပဋိသမ္ဘိဒါ-ပတ္တာနံ၊ ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်ကုန်သောပုဂ္ဂိုလ်တို့၏။ သောတပထာဂမနမေဝ၊ သောတဝိညာဉ်၏ လမ်းသို့ ရောက်ခြင်းသည်ပင်။ ပပဉ္စော၊ ကြာမြင့်သေး၏။ ပန၊ ဆက်။ သောတော၊ သောတပသာဒကို။ သယံဋီတမတ္တေယေဝ၊ ထိခိုက်အပ်ခါမျှသော်သာလျှင်။ နယ သတေန၊ နည်းတရာဖြင့်သော်၎င်း။ နယသဟ သေန၊နည်းတထောင်ဖြစ်သော်၎င်း။အဒတ္ထာ၊ သည်။ ဥပဒ္ဒဝတိ၊ ကပ်၍တည်၏။ ဝါ၊ ထင်လာ၏။["ကြားနေရသောအချိန်က တမိနစ်ကြာလျှင် ကြာပြီးနောက် အနက်ဆင်ရသောအချိန်ကား တမိနစ်မျှမကြာ,နည်းမျှားစွာဖြင့်အနက်အဓိပ္ပါယ် ပေါ်ထင်လာသည်" ဟူလို။]

ပန၊ ကား။ အညာယ၊ မာဂဓဘာသာမှအခြားသော။ ဘာသာယ၊ ဖြင့်။ တန္တိ ံ၊ သို့။ အာနုဋ္ဌ၊ တက်ရောက်သော ဘုရားစကားတော်ကို။ ပေါဏေတ္ဘာ ပေါဏေတ္ဘာ၊ ဌာန်ကရိဏ်းတို့ကို ပုတ်ခတ်၍ ပုတ်ခတ်၍။ ဥဂ္ဂဟေတဗ္ဗံ၊ သင်ယူထိုက်သည်။ ဟောတိ။[ပဋိသမ္ဘိဒါတို့ပုဂ္ဂိုလ်များ အတွက် မာဂဓဘာသာဖြင့် ထားအပ်သော ဇုဒ္ဓဝစနကို ဆရာ့အထံ ရွတ်ဆို၍ သင်ယူဖွယ် မလို။ အခြား ဘာသာဖြင့် ပါဠိတော်သို့ တက်ရောက်နေသော ဗုဒ္ဓဝစနကိုကား ယခုခေတ် စာသင်သကဲ့သို့ ရွတ်ဆို၍ သင်ယူရသည်–ဟူလို။] ပန၊ ဆက်။ ဗဟုံ၊များစွာ။ ဥဂ္ဂဟေဘာ့ပိ၊ သင်ယူပြီး၍လည်း။ ဝါ၊ သင်ယူပြီးသော်လည်း။ ပုထုဇ္ဇနဿ၊၏။ ပဋိသမ္ဘိဒါပတ္တိနာမ၊ ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်ခြင်းမည်သည်။ နတ္ထိ။ အရိယသာဝကော၊ အရိယာသာဝကသည်။ နော ပဋိသမ္ဘိဒါပတ္တာနာမ၊ ပဋိသမ္ဘိဒါဉာဏ်သို့ မရောက်သော သာဝကမည်သည်။ နတ္ထိ။ ဉာဏေသု ဉာဏန္တိ၊ ဟူး။ သဗ္ဗတ္ထကဉာဏံ၊ အလုံးစုံသော အတ္ထ ဓမ္မ နိရုတ္တိ သုံးပါးဥ် ဖြစ်သော ဉာဏ်ကို။ (တနည်း)အလုံးစုံ အတ္ထဓမ္မ နိရုတ္တိ ပဋိဘာန လေးပါးတို့ဥ် ဖြစ်သောဉာဏ်ကို။ အာရမ္မဏံ ကတ္တာ။ ဉာဏံ၊ ကို။ ပစ္ဆဝေက္ခန္တဿ ပဘေဒဂတံ ဉာဏံ ပဋိဘာန ပဋိသမ္ဘိဒါ၊ မည်၏။ကွတိ၊ ကျိသို့မှတ်အပ်၏။ [သဗ္ဗတ္ထကဉာဏ် အဖွင့်ကိုဋီကာ၌ ကြည့်ပါ]။

ပန၊ ဆက်။ စတသောပိ၊ ၄-ပါးလည်းဖြစ်ကုန်သော။ ဣမာ ပဋိသမ္ဘိဒါ၊ တို့သည်။ ဒ္ဒိသု၊ ကုန်သော။ ဌာနေသု၊ အရာတို့၌။ ပဘေဒံ၊ ထူးပြားခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ပဋ္ဌာဟိ၊ ၅-ပါးကုန်သော်။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ဝိသဒါ၊ သန့်ရှင်း စင်ကြယ်ကုန်သည်။ ဟောန္တိ။ ဣတိ, ဝေဒိတဗ္ဗာ။ ဒ္ဒိသု၊ ၂-ပါးကုန်သော။ ကတမေသု၊ အဘယ်အရာတို့၌။ (ပဘေဒံ၊သို့။ ဂစ္ဆန္တိ၊ သနည်း။ ဣတိ၊ဤကား အမေးတည်း။) သေက္ခဘူမိယဉ္စ၊ သေက္ခပုဂ္ဂိုလ်၏ဖြစ်ရာ အခိုက်အတန့်၌ဌင်း။ အသေက္ခဘူမိယဉ္စ၊ အသေက္ခပုဂ္ဂိုလ်၏ ဖြစ်ရာ အခိုက် အတန့်၌ဌင်း။ (ပဘေဒံ ဂစ္ဆန္တိ၊ ကုန်၏။ ဣတိ၊ ဤကား အဖြေတည်း။) တတ္ထ၊ ထို ၂-ပါးသော ဘုံတို့တွင်။ သာရိပုတ္တတ္ထေရဿ၊ အရှင်သာရိပုတြာထေရ်ဌင်း။ မဟာမောဂ္ဂလ္လာနတ္ထေရဿ၊ ဌင်း။ မဟာကဿပတ္ထေရဿ၊ ဌင်း။ မဟာကစ္စာယနတ္ထေရဿ၊ ဌင်း။ မဟာကောဋ္ဌိတတ္ထေရဿ၊ ဌင်း။ [အခြားနေရာ၌ "မဟာကောဋ္ဌိက" ဟု ရှိ၏။]ဣတိ၊သို့။ အသီတိယာပိ၊ ရှစ်ကျိပ်လည်းဖြစ်သော။ မဟာထေရာနံ၊ တို့၏။ ပဋိသမ္ဘိဒါ၊ တို့သည်။ အသေက္ခဘူမိယံ၊ ၌။ ပဘေဒံဂတာ၊ ကုန်ပြီ။ အာနန္ဒတ္ထေရဿ၊ ဌင်း။ စိတ္တဿ၊ စိတ္တမည်သော။ ဂဟပတိနော၊ သူကြွယ်ဌင်း။ ခေမိကဿ၊ ခေမိကမည်သော။ ဥပါသကဿ၊ ဥပါသကာဌင်း။ ဥပါလိဿ၊ ဥပါလိမည်သော။ ဂဟပတိနော၊ ဌင်း။ ခုဇ္ဇုတ္တရာယ၊' ခုဇ္ဇုတ္တရာမည်သော။ ဣဥပါသိကာယ၊ ဥပါသိကာမဌင်း။ ဣတိ၊ သို့။ ဧဝမာဒီနံ၊ ဤသို့အစရှိသော ပုဂ္ဂိုလ်တို့၏။ ပဋိသမ္ဘိဒါ၊ တို့သည်။ ဧသေက္ခဘူမိယံ၊ ၌။ ပဘေဒံ,ဂတာ၊ ကုန်ပြီ။ ဣတိ။ ပေ။

ပဋ္ဌာဟိ,ကတမေဟိ,ကာရဏေဟိ၊ တို့ကြောင့်။ ပဋိသမ္ဘိဒါ၊ တို့သည်။ ဝိသဒါ၊ သန့်ရှင်းစင်ကြယ်ကုန်သည်။ ဟောန္တိ၊ နည်း။ ဣတိ၊ ဤကားအမေးတည်း။ အဓိဂမေန၊ သိအပ် ရအပ်သော တရားထူးဌင်း။ ပရိယတ္တိယာ၊ သင်ယူအပ်သောပါဠိဌင်း။ သဝနေန၊ ကြားနာခြင်းဌင်း။ ပရိပုစ္ဆာယ၊ အဖန်ဖန် မေးမြန်းအပ်သော အဋ္ဌကထာဌင်း။ ပုဗ္ဗယောဂေန၊ ရှေးရှေးဘဝ၌ အားထုတ်အပ်သောဘာဝနာဌင်း။ ဣတိ (ပဋ္ဌာဟိ။ပေ။ဝိသဒါဟောန္တိ။ ဣတိ၊ ဤကားအဖြေတည်း။)တတ္ထ၊ထို အကြောင်းတို့တွင်။ အဓိဂမောနာမ၊ အဓိဂမမည်သည်။ အရဟတ္တံ၊ အရဟတ္တ

ဝိသဒါ။ သဒ္ဒဂတိမှ် ဟူသော ဝေတ်နက်ဖြင့် "ဝိသဒန္တိ၊ဝိသိဋ္ဌံ ဂစ္ဆန္တီတိ ဝိသဒါ" ဟုပြု၊ ထူးခြားခြင်းသို့ ရောက်သည်ကို "ဝိသဒ"ဟု ဆို၏။ ပင်ကိုယ်က မရှင်းမလင်း သိနေသော ဉာဏ်သည် တရားထူးကို ရခြင်းကြောင့်သော်ဌင်း, ပါဠိကို သင်ယူခြင်းကြောင့်သော်ဌင်း, တရားနာခြင်း ကြောင့်သော်ဌင်း အဋ္ဌကထာကြောင့် သော်ဌင်း, ရှေးရှေးဘဝက အားထုတ်ခဲ့သော ဘာဝနာကြောင့်သော်ဌင်း ထူးခြားခြင်းသို့ ရောက်၍ ရှင်းရှင်းလင်းလင်း သိကြသောကြောင့် "ပဋိသမ္ဘိဒါ ဝိသဒါ"ဟု ဆိုသည်။

ဖိုလ်တည်း။ [“အဓိဂမိယတေတိ အဓိဂဒေမာ” ဟူသော ဝိဂြိုဟ်နှင့်အညီ,သိအပ်ရာသော မဂ်လေးပါးနှင့် အောက်ဖိုလ်တရားဘို့ကိုလည်း ‘အဓိဂမ” ဟု ခေါ်ထိုက်၏။ သို့သော် အတိသယနည်းအားဖြင့် အထက်ဆုံးဖိုလ်ကိုသာအဓိဂမဟု ဆိုထားသည်။] ဟီ၊ မှန်။ တံ၊ ထိုအရဟတ္တဖိုလ်သို့။ ပတ္တာဿ၊ ရောက်သော အသေက္ခပုဂ္ဂိုလ်၏။ ပဋိသမ္ဘိဒါ၊ ပဋိသမ္ဘိဒါတို့သည်။ ဝိသဒါ၊ သန့်ရှင်းစင်ကြယ်ကုန်သည်။ ဟောန္တိ။

ပရိယတ္တိနာမ၊ ပရိယတ္တိမည်သည်။ ဗုဒ္ဓဝစနံ၊ ဘုရားစကားတော်တည်း။ ဟီ၊ မှန်။ တံ၊ ထိုဘုရားစကားတော်ကို။ ဥဂ္ဂဏှန္တဿ၊ သင်ယူသောပုဂ္ဂိုလ်၏။ ပဋိသမ္ဘိဒါ ဝိသဒါ ဟောန္တိ။ သဝနံနာမ၊ သဝနမည်သည်။ မေဿဝနံ၊ တရားတော်ကို နာရခြင်းတည်း။ ဟီ၊ မှန်။ သက္ကစ္စံ၊ ကောင်းစွာပြု၍။ ဝါ၊ လေးလေးစားစား။ ဝါ၊ ရိုရိုသေသေ။ မေမံ၊ တရားတော်ကို။ သုဏန္တဿ၊ နာယူသော ပုဂ္ဂိုလ်၏။ ပဋိသမ္ဘိဒါ ဝိသဒါ ဟောန္တိ။ ပရိပုစ္ဆာနာမ၊ မည်သည်။ အဋ္ဌကထာ၊ အဋ္ဌကထာတည်း။ ဟီ၊ မှန်။ ဥဂ္ဂဟ်တပါဋိယာ၊ သင်ယူအပ်သောပါဠိတော်၏။ အတ္ထံ၊ အနက်အဓိပ္ပါယ်ကို။ ကထေန္တဿ၊ ပြောဟောပို့ချသော ပုဂ္ဂိုလ်၏။ ပဋိသမ္ဘိဒါ ဝိသဒါ ဟောန္တိ။ ပဗ္ဗယောဂါဝစရတာ၊ ရှေးရှေးဘဝ၌ အားထုတ်အပ်သော ဘာဝနာမည်သည်။ ပုဗ္ဗယောဂါဝစရတာ၊ ပုဗ္ဗယောဂါဝစရ၏အဖြစ်တည်း။ (ရှေးရှေးဘဝ၌ အားထုတ်အပ်သော ကမ္မဋ္ဌာန်းဝယ် သက်ဝင်ကျက်စားသူ၏အဖြစ်တည်း။) အတီတဘဝေ၊ လွန်လေပြီးသောဘဝ၌။ ဟရဏပစ္စာဟရဏာ နယေန၊ ကမ္မဋ္ဌာန်းကိုအာဃားဆောင်ခြင်း, အပြန်ဆောင်ခြင်းနည်းဖြင့်။ ပရိဂ္ဂဟိဘကမ္မဋ္ဌာနဘာဝ၊ သိမ်းဆည်းအပ်သော ကမ္မဋ္ဌာန်းရှိသူ၏ အဖြစ်တည်း။ [ပုဗ္ဗယောဂါဝစရတာကို အတီတဘဝေ စသည်ဖြင့် ထပ်ခါဖွင့်သည်။] ဟီ၊ မှန်။ ပုဗ္ဗယောဂါဝစရဿ၊ ရှေးရှေးဘဝ၌ အားထုတ်အပ်သောကမ္မဋ္ဌာန်းဝယ် သက်ဝင်ကျက်စားသူ၏။ ပဋိသမ္ဘိဒါ ဝိသဒါ ဟောန္တိ။

ပရိပုစ္ဆာ။ ။ပရိ-အဖန်ဖန်+ပုစ္ဆ-ပါဠိတော်၏အနက်အဓိပ္ပါယ်ကိုးမေးကြောင်းစကားတည်း၊ ဤပိဋကတ်အရပုစ္ဆာစကားသာ ရသေး၏၊အဋ္ဌကထာကိုမရသေး၊ထို ပုစ္ဆာ၏နောက်၌ အမေးခံရသော ဆရာက အနက်အဓိပ္ပါယ်ကို ခွဲခြမ်း ပြောဆိုသော စကားကိုမှ “အဋ္ဌကထာ”ဟု ခေါ်ရသည်၊ အတ္ထာနုံ၊အနက်အဓိပ္ပါယ်ဘို့ကို။ ကထာ၊ဆိုကြောင်း စကားတည်း။ မေးခြင်းကြောင့် အနက် အဓိပ္ပါယ်ကို ဖွင့်ဆိုကြောင်း အဋ္ဌကထာ ဖြစ်ပေါ်လာရကား အကြောင်းအမေး၏ ပရိပုစ္ဆာ အမည်ကို အကျိုးအဋ္ဌကထာ၌ တင်စား၍ ကာရကူပစာရအားဖြင့် အဋ္ဌကထာကိုလည်း ပရိပုစ္ဆာဟုခေါ်ရသည်၊ [ပုစ္ဆာယ ပရတော ပဝတ္တာ ကထာတိ ကတ္တာ အဋ္ဌကထာ ပရိပုစ္ဆာတိ ဝုတ္တာ။ —ဋီကာ၊.... ပရိပုစ္ဆာဟေတု ပဝတ္တာ ကထာ ပရိပုစ္ဆာတိ ဥတ္တာတိ အာဟ “ပုစ္ဆာယ။ ပေ။ ပရိပုစ္ဆာ”တိ ဥတ္တာ။—အနု။

တတ္ထ၊ထို ငါးပါးသော အကြောင်းတို့တွင်။ အရဟတ္တပ္ပတ္တိယာ၊ အရဟတ္တ ဖိုလ်သို့ ရောက်ခြင်းကြောင့်။ ပုနဗ္ဗသု ကုဋ္ဌုမ်ိဂကပုတ္တာဿ၊ ပုနဗ္ဗသုကုဋ္ဌုမ်ိဂ၏ သားဖြစ်သော။ တိဿတ္ထရဿ၊ တ်ဿထေရ်၏။ ပဋိသမ္ဘိဒါဝိသဒါ အဟေသုံ။ ကိရ၊ ခဲ့။ သော၊ ထို တိဿထေရ်သည်။ တမ္မပဏ္ဏိဒီပေ၊ တမ္မပဏ္ဏိကျွန်းဌ်။ (သီဟိုဠ်ကျွန်းဌ်။) ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတ္ဝာ၊ ပြီး၍။ ပရတီရံ၊ ဟိုဘက်ကမ်းသို့။ ဂန္ဒွာ၊ ၍။ ယောနက ဓမ္မရက္ခိဘတ္ထေရဿ၊ ယောနက ဓမ္မရက္ခိတထေရ်၏။ သန္တိကေ၊ ဌ်။ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိဘ္ဝာ အာဂန္ဆန္တော၊ ပြန်လာလေသော်။ နာဝံ၊ လှေသို့။ အဘိရုဟနတိတ္ထေ၊ တက်စီးရာဆိပ်ဌ်။ ဇကသ္မိံ ပဒေ၊ တခုသောပုဒ်ဌ်။ ဥပ္ပန္နကင်္ခါ၊ ဖြစ်သော ယုံမှားခြင်းရှိသည်။(ဟုတ္ဝာ)။ ယောဇနသတမဂ္ဂံ၊ ယူဇနာတရာရှိသော လမ်းခရီးကို။ နိဝတ္တိတ္ဝာ၊ ပြန်နှင်၍။ အာစရိယဿ၊ ၏။ သန္တိကံ၊ သို့။ ဂန္ဆန္တော၊ သော်။အန္တရာမဂ္ဂေ၊လမ်းခရီးအကြား၌။ ဇကဿ၊ တယောက်သော။ ကုဋ္ဌုမ်ိကဿ၊ သူကြွယ်အား။ ဝါ၊ ၏။ ပဏ္ဏံ၊ ပြဿနာကို။ ကထေသိ၊ ဖြေဆိုပြီ။ သော၊ ထိုသူကြွယ်သည်။ ပသီဒိတ္ဝာ၊ ကြည်ညို၍။ သာဿဟာဿ်ဃ်နိကံ၊အဘိုးတသိန်းထိုက်သော။ ကမ္မလံ၊ ကမ္မလာကို။ အဒါသိ၊ လှူပြီ။

သောပိ၊ ထိုဘိဿထေရ်သည်လည်း။ တံ၊ ထို ကမ္မလာကို။ အာဟရိတ္ဝာ၊ ဆောင်၍။ အာစရိယဿ၊ အား။အဒါသိ၊ ပြီ။ ထေရော၊ဆရာဖြစ်သောယောနက ဓမ္မရက္ခိတထေရ်သည်။ ဝါသိယာ၊ ဓားငယ်ဖြင့်။ ကောဋ္ဌေတ္ဝာ၊ တဲ့ဘက်တောက် စင်း၍။နိသီဒနဋ္ဌာနေ၊ ထိုင်ရာအရပ်၌။ ပရိဘဏ္ဍံ၊ ပရိဘဏ်ကို။ (အပြေအပြစ် ပြုမှုကို)။ကာရေသိ၊ ပြုစေပြီ။ [မြေကြီးပေါ်၌အင်္ဂတေသုတ်သကဲ့သို့ နွားချေးဖြင့် နယ်အပ်သော ထိုအဝတ်စကို သုတ်လိမ်းခြင်းကို "ပရိဘဏ္ဍ" ဟုဆိုသည်။] ကိမတ္ထာယ၊အဘယ်အကျိုးငှါ။ (ကာရေသိ၊ ပြုစေသနည်း)။ ဣတိ၊ ဤကား အမေးတည်း။ ပစ္ဆိမာယ၊ နောက်၌ဖြစ်သော။ ဇနတာယ၊ ရဟန်းအပေါင်းကို။ အနုဂ္ဂဟတ္ထာယ၊ ချီးမြှောက်ခြင်း အကျိုးငှါ။ (ကာရေသိ၊ပြီ။) ဣတိ၊ ဤကား အဖြေဘည်း။ အာဿ၊ ထို၊ယောနက ဓမ္မရက္ခိတထေရ်၏။ ဧဝံ၊ဤသို့သော အကြံသည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ (ကိ၊နည်း)။ အမှာကံ၊ ငါတို့၏။ ဂတမဂ်ံ၊ သွားအပ်သောလမ်းကို။ အာဝဇ္ဇတ္ဝာ၊ ဆင်ခြင်၍။ အနာဂတေ၊ နောင် အခါ၌။ သဗ္ဗဟ္မစာရိနော၊ သဟာဘင်းသုံးဘော်တို့သည်။ ပဋိပတ္တိ၊ ပဋိပတ်ကို။ ပူရေတဗ္ဗံ၊ ဖြည့်ကျင့်ထိုက်၏ဟူ၍။ မညိဿန္တိ၊ မှတ်ထင်ကုန်လတ္တံ့။ ဣတိ၊ ဤသို့သောအကြံသည်။(အဟောသိ ကိရ၊ဖြစ်သတတ်။)

တိဿတ္ထေရောပိ၊သည်လည်း။ အာစရိယဿ။ သန္တိကေ၊ ၌။ ဂန်၊ ယုံမှားခြင်းကို။ ဆိန္ဒိတ္ဝာ၊ ဖြတ်၍။ ဇမ္ဗုကောလပဋ္ဋနေ၊ဇမ္ဗုကောလသင်းဘောဆိပ်၌။ ဩရုယှ၊ သက်ဆင်း၍။ စေတိယင်္ဂဏံ၊ စေတီရင်ပြင်တော်ကို။ သမ္မဇ္ဇနဝေလာယ၊ တံမြက်လှည်းချိန် အခါ၌။ ဝါလိကဝိဟာရံ၊ ဝါလိက ကျောင်းတိုက်သို့။

ပတ္ဆာ၊ ရောက်၍။ သမ္မဇ္ဇိ၊ တံမြက်လှည်းပြီ။ တဿ၊ ထို တိဿထေရ်၏။သမ္မဇ္ဇိတ ဌာနံ၊ တံမြက်လှည်းအပ်သောအရပ်ကို။ ဒိသ္ဒာ၊ ၍။ ဣဒံ၊ ဤအရပ်သည်။ ဝီတ ရာဂဿ၊ ကင်းသောရာဂရှိသော။ ဘိက္ခုနော၊ ၏။ သမ္မဋ္ဌဋ္ဌာနံ၊ တံမြက်လှည်း အပ်သောအရပ်တည်း။ ဣတိ၊ ဤသို့သိ၍။ ထေရဿ၊ တိဿထေရ်ကို။ ဝိမံသန တ္ထာယ၊ စုံစမ်းခြင်းအကျိုးငှါ။ ပဉ္ဉံ၊ ပြဿနာကို။ ပုစ္ဆိ သု၊ မေးကြကုန်ပြီ။ ထေရော၊ တိဿ ထေရ်သည်။ ပဋိသမ္ဘိဒါပ္ပတ္တတာယ၊ ပဋိသမ္ဘိဒါဉာဏ်သို့ ရောက် ပြီး၏အဖြစ်ကြောင့်။ ပုစ္ဆိတပုစ္ဆိတေ၊ မေးအပ် မေးအပ်ကုန်သော။ ပဉ္ဉေ၊တို့ကို။ ကထေသိ၊ ဖြေဆိုပြီ။ ဣတိ၊ အပြီးတည်း။ [အရဟတ္တပ္ပတ္တိကြောင့် ဝိသဒဖြစ်ပုံကို ပြဆိုရာစကားရပ် အပြီးတည်း။]

